

www.burmeseclassic.com
တက္ကသိုလ်
တင်မြင့်
လောဘ သားကောင်
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ် တင်မြင့်

## လောဘ သားကောင်

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၄၈ ၀၃၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၈၄၅၅ ၀၅၁၁
၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊၁၉ လမ်း၊လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ [illegible]
အမှတ်(၅၉) (၁၉)လမ်း၊ရန်ကုန်။

တက္ကသိုလ်တင်မြင့် ၈၉၅.၈၃
လောဘ သားကောင်၊ တက္ကသိုလ်တင်မြင့်၊ရန်ကုန်။
စေတနာစာပေ ၂၀၁၁
၂၀၈-စာ၊ ၁၂×၁၈ စင်တီ
(၁) လောဘ သားကောင်

BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်

# တင်မြင့်



# လောဘသားကောင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းလျက်ရှိသည်။ ညဦးကတည်းက ရွာသောမိုးကား ယခု မနက်ပိုင်းရောက်သည်အထိ မစဲသေး။

သဲသဲမဲမဲ ရွာသည်မဟုတ်သော်လည်း စွေ၍ရွာနေသဖြင့် မိုးတိတ်ရန် ကြာမြင့်ဦးမည်ဖြစ်သည်။

ရှမ်းသားမြို့ကလေးသည် တောင်ပေါ်မြို့ဖြစ်ပြီး ရာသီဥတုက အေးချမ်းလှသည်။ ယခုကဲ့သို့ တစ်ညလုံး တစ်မနက်လုံး ဆက်တိုက်ရွာသွန်းနေသည့်မိုးကြောင့် အသည်းခိုက်မျှ ချမ်းအေးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား နံနက်ကိုးနာရီခန့်ရှိပြီဖြစ်သည်။ မန္တလေးမှ ရွှေခင်းသာသို့ ပြေးဆွဲနေသော ခရီးသည်တင်ကားမှာ ရွှေခင်းသာမြို့တွင်းသို့ ဝင်လာပြီး မကြာမီ ကားဂိတ်တွင် ခရီးဆုံးရပ်တန့်လိုက်သည်။ ကားပေါ်မှ ခရီးသည်များကား အလျှိုလျှိုဆင်းသက်လာကြပြီး မိမိတို့သွားလိုသည့်ခရီးကို ဆက်လက်ထွက်ခွာသွားကြပြီ။

နှင်းသူဇာတစ်ယောက် ကားပေါ်မှဆင်းပြီး အနီးရှိ အဆောက်အအုံတစ်ခု၏ အောက်သို့ ဝင်ရောက်မိုးခိုလိုက်သည်။ မိုးရေနှင့် တောင်ပေါ်အအေးဓာတ်တို့ကြောင့် စိမ့်ခနဲ အေးသွားသည်။ အနီးပတ်ဝန်းကျင်သို့ လှည့်ပတ်၍ ကြည့်မိသည်။ အဆက်မပြတ် ရွာနေသောမိုးကြောင့် ကားဂိတ်အနီးတစ်ဝိုက်တွင် လူသူရှင်းလျက်ရှိသည်။

"မမလေးက နှင်းသူဇာ မဟုတ်လား"

အမေးစကားသံကြောင့် နှင်းသူဇာ လှည့်ကြည့်လိုက်သည်။ လူကောင်သေးသေး မျက်နှာထားခပ်ချိုချိုနှင့် အသက်လေးဆယ်ခန့်ရှိ လူတစ်ဦးကို တွေ့လိုက်ရသည်။



"ဟော် ... ဟုတ်ပါတယ်၊ ကျွန်မ နှင်းသူဇာပါ"

"ကျွန်တော့်နာမည် မောင်ပုပါ၊ ဦးလေး ဦးအသော်က မမလေးကို ကြိုခိုင်းလို့ ကျွန်တော် လာကြိုတာပါ၊ ကျွန်တော် နည်းနည်းနောက်ကျသွားတာကို ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူး၊ ကျွန်မလည်း ခုပဲရောက်တာပါ"

"ဒါဆိုရင် ကျွန်တော်တို့ သွားကြရအောင်၊ ဟိုမှာ ကားပါလာပါတယ်"

ကိုပု ညွှန်ပြသောနေရာသို့ လှမ်းကြည့်လိုက်သည်။ နက်ပြာရောင်ဆလွန်းကားတစ်စီးကို တွေ့လိုက်ရသည်။ ကိုပုက သေတ္တာနှင့်အိတ်ကို သယ်မ,ကာ ကားဆီသို့ ခပ်သွက်သွက်ထွက်သွားပြီဖြစ်သဖြင့် နှင်းသူဇာလည်း နောက်မှလိုက်သွားရတော့သည်။

ကိုပုက ယာဉ်မောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။ နှင်းသူဇာကလည်း ကားနောက်ခန်းတွင် ဝင်ထိုင်လိုက်ရင်း ကိုပုကို မေးလိုက်သည်။

"ဦးလေးကိုယ်တိုင် ဘာလို့ လာမကြိုတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ခြံထဲကို မနက်အစောကြီးထပြီး သွားရတယ် မမလေး၊ ညဏရှာတဲ့မိုးကြောင့် ခြံထဲမှာရေဝပ်မှာစိုးလို့ဆို ပြီး အစောကြီး ထသွားတာ၊ မမလေးကို ကြိုဖို့ ကျွန်တော့် ကို သေသေချာချာ မှာသွားခဲ့တာပါ"

"ဪ ... ကျွန်မက ဦးလေးကိုယ်တိုင် လာကြိုမယ်မှတ် ထားတာ၊ ဖုန်းထဲမှာပြောတုန်းက ကိုယ်တိုင်လာကြိုမယ် လို့ ပြောထားလို့ပါ၊ ဒါနဲ့ ဒေါ်လေးရော"

"ဒေါ်လေးနန်းမူက အိမ်မှာ မနက်စာအတွက် ပြင်ဆင်ချက် ပြုတ်နေတယ်လေ၊ မမလေး ရောက်လာရင် ခရီးပန်းပြီး ဗိုက်ဆာလာမှာမို့ အစားအသောက်နဲ့ ကြိုဆိုမယ်ဆိုပြီး ကိုယ်တိုင် ချက်ပြုတ်နေတာ"

နန်းသူဇာလည်း ဘာမျှမပြောတော့ဘဲ ကားအပြင် ဘက်သို့ ငေးကြည့်နေလိုက်သည်။ ကားလမ်းဘေးတွင် ပေါက် ရောက်နေသော သစ်ပင်ကြီးများမှာ မိုးရေနှင့် အအေးဒဏ်ကို ကြံ့ကြံ့ခံကာ ရပ်တည်နေသယောင် လမ်းပေါ်တွင် လူသွားလူလာ ရှင်းလွန်းလှသည်။ မိုးကြောင့်ဖြစ်မည်။





ခဏကြာလျှင် ခြံဝင်းကြီးတစ်ခုရှေ့သို့ ရောက်လာ ပြီး ဝင်ပေါက်မှတစ်ဆင့် ကားလေးချိုးကွေ့ဝင်ရောက်လိုက်သည်။ ခြံဝကွင်တွေ့ရသော ဆိုင်းဘုတ်ငယ်ကို နန်းသူဇာ ဖတ်ဖြစ်အောင် ဖတ်လိုက်မိသည်။

"နန်းသာမြိုင်စံအိမ်"

ခြံဝင်းအတွင်းရှိ အိမ်ကြီးကို လှမ်းကြည့်လိုက်သည်။ အိမ်ကြီးမှာ ခေတ်မီတိုက်အိမ် မဟုတ်ပါ။ အင်္ဂလိပ်ခေတ်က ဆောက်ခဲ့သော အိမ်ကြီးဖြစ်သည်။ နှစ်ထပ်ဖြစ်ပြီး အောက်ထပ် မှာ အုတ်ဖြင့်တည်ဆောက်ကာ အပေါ်ထပ်မှာမူ သစ်သားအကာ ကို့ဖြင့် ဆောက်လုပ်ထားသည့်အမိုးမှာ အုတ်ကြွပ်မိုးဖြစ်သည်။ အိမ်ကြီး၏သစ်သားနံရံတို့မှာ ရေနံသုတ်ထားခြင်းဖြစ်ပြီး ရေနံ ရည်ဝကာ မည်းနက်လျက်ရှိသည်။

အိမ်ရှေ့ဆင်ဝင်အောက်သို့ ကားရပ်လိုက်သည်နှင့် အိမ်အတွင်းမှ အသက်ငါးဆယ်ကျော် ခြောက်ဆယ်အရွယ်အမျိုး သမီးကြီးတစ်ဦးနှင့် အသက်လေးဆယ်ခန့် အမျိုးသမီးတစ်ဦးတို့ အပြေးကလေး ထွက်လာကြသည်။

"ဟော ... တူမကြီး ရောက်လာပြီလားဟေ့"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးမှာ ခရီးဦးကြိုပြုရင်း ကားတံခါးကို ဖွင့်ပေးလိုက်သည်။ နန်းသူဇာက ကားထဲမှထွက်ရင်း ထိုအမျိုးသမီးကြီးကို စေ့စေ့ကြည့်ကာ မျက်ရည်များ လည်လာပြီး လက်နှစ်ဖက်ဖြင့် ပွေ့ဖက်လိုက်တော့သည်။

"ဒေါ်လေး"

"သမီးလေး ... သမီးလေးရယ်"

နှစ်ဦးသား တင်းကျပ်စွာဖက်လျက် သည်းထန်စွာ ငိုကြွေးကြလေတော့သည်။

"ဟဲ့ ... မညွန့် ပစ္စည်းတွေ သယ်လေ၊ ဘာငေးနေတာလဲ"

ဒရိုင်ဘာကိုပု၏ အသံကြောင့် ခပ်ကြောင်ကြောင်နှင့် ငေးနေသော မညွန့်က ကားအတွင်းမှ သေတ္တာနှင့် လက်ဆွဲအိတ်ကို ထုတ်ယူလိုက်ပြီး အိမ်အတွင်းသို့ ဝင်သွားတော့သည်။

နန်းသူဇာနှင့် ဒေါ်လေးနန်းမူတို့ အတန်ကြာ ငိုကြွေးကြပြီးနောက် ...

"ဒေါ်လေး ... မမ ဘယ်လိုဖြစ်ပြီး ဆုံးသွားရတာလဲ၊ သမီးကို ပြောပါဦး"



"လာ ... သမီး၊ ဒေါ်လေး အေးအေးဆေးဆေး ရှင်းပြမယ်၊ အိမ်ထဲအရင်ဝင်ကြရအောင်"

ဒေါ်လေးနန်းမူက နန်းသူဇာ၏လက်ကိုဆွဲရင်း အိမ်တွင်းဧည့်ခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ ဧည့်ခန်းတွင်းသို့ရောက်၍ ဆက်တီခုံများတွင် ထိုင်ကြပြီး ဒေါ်လေးနန်းမူက ...

"သမီးလေးလည်း ခရီးပန်းလာရောပေါ့၊ မညွန့်ရေ ... သမီးလေးဖို့ ကော်ဖီဖျော်ခဲ့ဟေ့"

"ကဲပါ ဒေါ်လေးရယ်၊ ကော်ဖီက အရေးမကြီးပါဘူး၊ သမီး သိချင်နေတာ မမမာလာအကြောင်း ဒေါ်လေးပြောပြတော့လေ"

"အေး ... ဒီအကြောင်း ပြောဖို့အတွက် သမီးကို လှမ်းခေါ်ခဲ့ရတာပဲလေ၊ ပြောပြရမှာပေါ့၊ သမီးကြီးမာလာဟာ ဘာရောဂါဝေဒနာမှလဲ မရှိဘူး၊ ကျန်းကျန်းမာမာရှိနေရင်းက ရုတ်တရက် ဖြစ်သွားရတာ၊ သမီးမာလာဟာ စိတ်ဓာတ်ပျော့ညံ့တဲ့ မိန်းကလေး မဟုတ်ဘူး၊ သမီးဖေဖေဆုံးပြီးကတည်း၍ ဒီအိမ်ကြီးနဲ့ လိမ္မော်ခြံကို သူပဲဦးစီးခဲ့တာ သမီး အသိပဲ၊ ဘာပြဿနာမှ ကြီးကြီးမားမား မရှိခဲ့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အဲ ... ပြီးခဲ့တဲ့ ဆယ့်ငါးရက်က တစ်ညမှာ သူ့အခန်းထဲက ဂွမ်းဂွမ်းဒိုင်းဒိုင်းနဲ့ အသံတွေကြားလို့ ဒေါ်လေးတို့လည်း အပေါ်ထပ်က သမီးမာလာရဲ့အခန်းရှေ့ကို ရောက်သွားတယ်၊ တံခါးခေါက်ကြည့်တော့ ဘာသံမှ မကြားရဘူး၊ ဒါနဲ့ တံခါးကိုဖွင့်ကြည့်တော့ သော့ချမထားတာနဲ့ အခန်းထဲကိုဝင်ကြည့်ကြတော့ သမီးမာလာဟာ ကြမ်းပြင်မှာလဲကျနေတာကို တွေ့ရတယ်၊ ဒေါ်လေးတို့လည်း သူ့ကို ပြေးမွေ့လိုက်တဲ့အချိန်မှာ သူဟာ အသက်မရှိတော့ဘူး၊ ဘယ်လိုကြောင့် ဆုံးတယ်ဆိုတာ ဒေါ်လေးတို့ မစဉ်းစားတတ်ဘူး"

"ဆရာဝန်တို့ ရဲစခန်းတို့ကိုရော အကြောင်းမကြားဘူးလား"

"ရဲစခန်းလည်း အကြောင်းကြားတယ်၊ သမီးမာလာကိုလည်း ဆေးရုံပို့လိုက်တယ်၊ ဆရာဝန်တွေရဲ့ ဆေးစစ်ချက်မှာတော့ ဘာအဆိပ် ဘာဒဏ်ရာမှ မတွေ့ရဘူးတဲ့၊ သေဆုံးရတာကတော့ ရုတ်တရက် စိတ်လှုပ်ရှားပြီး နှလုံးသွေးရပ်သွားတာလို့ ပြောတယ်"





"ရဲစခန်းကရော"

"ရဲတွေလည်း တစ်အိမ်လုံး စစ်ဆေးပြီး မသင်္ကာစရာ ထူးခြားတာလို့ ဘာမှမတွေ့လို့ သူတို့လည်း ဦးနှောက်တော်တော်ခြောက်သွားတယ်"

"ဒါဖြင့်ရင် မမ သေဆုံးတာက ..."

"ဆေးစစ်ချက်ရော၊ ရဲစခန်းကရော ပြောပြချက်အရတော့ စိတ်လှုပ်ရှားမှုတစ်ခုကြောင့် နှလုံးသွေးရပ်ပြီး သေဆုံးသွားရတာလို့ ကောက်ချက်ချတယ်"

"ဒါဆို ထူးခြားမှုကတော့ ဘာမှမရှိဘူးလို့ ဆိုရမှာပေါ့"

"အင်း ... ဒီလိုပဲ ပြောရမှာပေါ့"

"ဘာ့ကြောင့်မထူးခြားရမှာလဲ၊ ထူးခြားတာပေါ့၊ ညဘက်ဆို ..."

ကော်ဖီခွက်နှင့် မုန့်ကိုချရင်း ပြောလိုက်သော မညွန့်၏စကားကြောင့် ဒေါ်လေးနန်းမူက ချက်ချင်းအော်ငေါက်လိုက်သည်။

"ဟဲ့ ... စကားကို တောပြောတောင်ပြော မပြောနဲ့၊ စကားနောက် တရားပါဖြစ်မယ်၊ သမီးသူဇာ အခန်းကို ရှင်းပြီး ပစ္စည်းတွေချထားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အားလုံးပြီးပါပြီ"

"ပြီးရင် မီးဖိုချောင်ကိုသွားတော့၊ ဒီမှာ နင့်အလုပ်မရှိတော့ဘူး"

မညွန့်လည်း နှုတ်ခမ်းတစ်ချက် စူလိုက်ပြီး လှည့်ထွက်သွားတော့သည်။

"ဒေါ်လေး ... သူ ပြောတာက"

"ဘာမှမဟုတ်ပါဘူး သမီးရယ်၊ သူက ဒီလိုပဲ စကားဖွာတယ်၊ ပြောတဲ့စကားက တောရောက် တောင်ရောက်နဲ့၊ ကဲ ... ကဲ ... ကော်ဖီနဲ့ မုန့်နဲ့စား၊ သမီးလည်း ခရီးပန်းလာမှာပေါ့၊ ပြီးရင် သမီးအတွက် ပြင်ထားတဲ့အခန်းမှာ ခဏနားလိုက်၊ မနက်ဆယ့်တစ်နာရီလောက်မှ ထမင်းစားဖို့ လာခေါ်မယ်"

"ဟုတ်ကဲ့ပါ ဒေါ်လေး"

ကောက်ဖီသောက်ပြီးနောက် နန်းသူဇာလည်း မိမိနားရမည့်အခန်းသို့ တက်လာခဲ့သည်။

အခန်းမှာ အတန်အသင့် ကျယ်ဝန်းပြီး ခုတင်ဘေးတွင် မှန်တင်ခုံတစ်ခုရှိသည်။ ၎င်း၏ဘေးဘက် အခန်းထောင့်





တွင် မဟော်ဂနီဘီရိုကြီးတစ်ခုရှိသည်။ ယင်းအခန်းမှာ အိမ်ကြီး၏အနောက်ဘက်ထောင့်စွန်းအခန်းဖြစ်ပြီး ခုတင်ဘေးရှိ ပြတင်းပေါက်မှ ကြည့်လိုက်လျှင် ခြံကြီး၏အနောက်ဘက်ကို လှမ်းမြင်ရသည်။ ခြံကြီးအတွင်းရှိ ထင်းရှူးပင်များ စားပင်သီးပင်များဖြင့် ညို့မှိုင်းလျက်ရှိ၏။ ခြံကြီး၏စည်းရိုးအကျော်တွင် မြေကြီးမှာ နိမ့်ဆင်းသွားပြီး တသွင်သွင်စီးဆင်းနေသော စမ်းချောင်းတစ်ခုကို တွေ့ရသည်။ မြင်ကွင်းမှာ ရှုချင်စဖွယ်ဖြစ်ပြီး သာယာလှသော်လည်း နန်းသူဇာ၏ရင်တွင်းတွင် နောက်ကျိရှုပ်ထွေးလျက်ရှိသည်။

ခုတင်ပေါ်တွင် အသာအယာ လှဲလိုက်ပြီး မျက်လုံးကို မှိတ်ထားလိုက်သည်။ အိပ်ချင်စိတ်ကတော့မရှိ။ အတွေးများကသာ ယောက်ယက်ခတ် ပြေးလွှားရှုပ်ထွေးလျက်ရှိသည်။

• နန်းသူဇာတို့မိသားစုတွင် မိခင်ဖြစ်သူမှာ နန်းသူဇာတို့ ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့သည်။ ဖခင်ဖြစ်သူက တာဝန်ယူ စောင့်ရှောက်ကျွေးမွေးလာခဲ့သည်။ နန်းသူဇာ ဆယ်တန်းရောက်သည်အထိ မန္တလေးတွင် နေထိုင်ခဲ့ကြသည်။ နန်းသူဇာ ဆယ်တန်းအောင်တော့ ရန်ကုန်ရှိ ဖေဖေ့အစ်မဝမ်းကွဲထံ ပို့ပြီး တက္ကသိုလ်ဆက်တက်စေ၏။ ဒေါ်ဒေါ်ကြီးနှင့် ဘဘကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



က သားသမီးမထွန်းကားသဖြင့် နန်းသူဇာကို သမီးအရင်းသဖွယ် သဘောထားပြီး စောင့်ရှောက်ကြသည်။

ဖေဖေက သမီးအကြီးဖြစ်သူ နန်းမာလာနှင့် မန္တလေး အိမ်ကြီးကိုရောင်း၍ ရှခင်းသာသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ရှခင်းသာ လိမ္မော်ခြံကိုဝယ်ယူပြီး အခြေချနေထိုင်ကြသည်။ ဖခင်နှင့် အစ်မ တို့က ရန်ကုန်သို့ မကြာခဏဆင်းလာပြီး နန်းသူဇာကို တွေ့ကြ သဖြင့် အဆက်အသွယ်မပြတ်ခဲ့ကြ။ နန်းသူဇာ ဒုတိယနှစ်အပြီးတွင် ဖခင်ဖြစ်သူ ရန်ကုန်သို့လာရင်း ဦးနှောက်သွေးကြောပြတ်ကာ ဆုံးပါးသွားခဲ့သည်။

အစ်မဖြစ်သူ နန်းမာလာက ဖခင်၏စီးပွားရေးကို ဆက်လက်ဦးဆောင်လုပ်ကိုင်ခဲ့သဖြင့် အခြေမယိုင်ခဲ့ပါ။ နန်းသူဇာ ရန်ကုန်ရောက်ပြီး တက္ကသိုလ်တက်ချိန်တွင် ဖခင်နှင့် အစ်မတို့ ရှခင်းသာသို့ ပြောင်းရွှေ့ပြီး ယခု နံ့သာမြိုင်စံအိမ်ကြီး ဝယ်ယူ ချိန်မှစပြီး ယနေ့အထိ နန်းသူဇာ ရှခင်းသာမြို့သို့ မရောက်ဘူးခဲ့ ပါ။ ကျောင်းပိတ်ရက်တွင် ရှခင်းသာသို့လာရန် စိတ်ကူးသော် လည်း ဖခင်သို့မဟုတ် မမမာလာက ရောက်ရှိလာသဖြင့် စိတ် ကူးက အကောင်အထည် မပေါ်ခဲ့။



နန်းသူဇာ နောက်ဆုံးနှစ်စာမေးပွဲ ဖြေဆိုချိန်တွင် မမနန်းမာလာ ဆုံးပါးသွားသည်။ စာမေးပွဲရက်အတွင်း ဖြစ်နေ သောကြောင့် ဒေါ်ဒေါ်ကြီးတို့က နန်းသူဇာကို အသိမပေးခဲ့။ စာမေးပွဲပြီးမှ ယင်းသတင်းကို ပြောပြခဲ့ကြသဖြင့် သတင်းကြား လျှင်ကြားခြင်း ရှခင်းသာသို့ပြန်ရန် စီစဉ်ခဲ့သည်။

ဦးလေးဘသော်ကလည်း ကားဂိတ်မှ ကြိုနေမည်ဖြစ် ကြောင်း သတင်းပေးခဲ့သဖြင့် နန်းသူဇာ အရဲစွန့်၍ ရောက်လာခဲ့ရ ခြင်းဖြစ်သည်။

ဦးလေးဘသော် ဆိုသည်မှာ ဖေဖေ့ညီအရင်းဖြစ် သည်။ လူက လူအေးဖြစ်ပြီး လိမ္မော်ခြံမှာပင် ဝိုင်းလုပ်ကိုင်းစား အဖြစ် နေခဲ့သည်။ ဒေါ်လေးနန်းမူမှာ ဦးလေးဘသော်၏ ဇနီးဖြစ် သည်။ ဒေါ်လေးနန်းမူသည် ဦးလေးဘသော်နှင့် မယူခင်က ယခင်အိမ်ထောင်ရှိခဲ့သေးသည်။ ဦးလေးဘသော်နှင့်ယူတော့ မုဆိုးမ တစ်ဦးဖြစ်နေပြီး ယခင်အိမ်အောင်နှင့်ရသော သားတစ်ဦးရှိပြီး ငယ်စဉ်က ဆိုးသွမ်းလွန်းပြီး လူငယ်ပြုပြင်ရေးစခန်းသို့ ရောက် သွားသူဖြစ်သည်။ ယနေ့တိုင် ၎င်း၏သတင်းကို မကြားရတော့။

www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာ တစ်ယောက် ဟိုတွေးသည်တွေးနှင့် အချိန်တို့ ကုန်မှန်းမသိ ကုန်သွားပြီး မှေးခနဲ အိပ်ပျော်သွားခဲ့သည်။ နံနက်စာစားရန် လာနှိုးမှ နိုးတော့သည်။

❖ ✿ ❖





## အခန်း(၂)

ညက မိုးကလည်းအေး၊ ခရီးကလည်းပမ်းနှင့် အိပ်ပျော်သွားခဲ့ရာ နံနက်ခုနစ်နာရီကျော်မှ နိုးလာသော နန်းသူဇာ တစ်ယောက် အိမ်ရာမှလူးလဲထရင်း ကိုယ်လက်သုတ်သင်လိုက်သည်။ ပြီးနောက် အောက်ထပ် ထမင်းစားခန်းသို့ ဆင်းလာခဲ့၏။

ထမင်းစားခန်းတွင် ဦးလေးဦးဘသော်၊ ဒေါ်လေး နန်းမူတို့ ရောက်နေကြပြီဖြစ်သည်။

"လာ ... သမီး ထိုင်၊ ကော်ဖီသောက်"

ဦးဘသော်က ခုံနေရာ လှမ်းပြ၍ ထိုင်ခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက ပင်ပန်းတာနဲ့ အိပ်ပျော်သွားလို့ အိပ်ရာထနောက်ကျသွားတယ် ဦးလေး"

"ကိစ္စမရှိပါဘူး သမီးရယ်၊ သမီး အေးအေးဆေးဆေးနဲ့ လွတ်လွတ်လပ်လပ်သာနေပါ၊ ဒီအိမ်မှာ ဘာမှအားနာစရာ မရှိဘူး၊ ပြီးတော့ ဒါ သမီးအိမ်ပဲ၊ သမီးသဘောကျ နေချင်သလို နေနိုင်ပါတယ်"

ဦးလေးဘသော်က နန်းသူဇာကို သနားကြင်နာသော မျက်လုံးတို့ဖြင့် ကြည့်ပြောလိုက်ခြင်းကြောင့် နန်းသူဇာ တစ်ယောက် ရင်ထဲတွင် ဆို့နင့်ကြေကွဲစွာ ခံစားလိုက်ရသည်။

"သမီးလည်း ဒီမှာ အေးအေးဆေးဆေး စိတ်ပြေလက်ပျောက်နေဦးပေါ့၊ နောက်မှ ဒီအိမ်ကြီးရဲ့စာချုပ်စာတမ်းတွေ ပိုင်ဆိုင်မှုတွေ အားလုံးကို ဦးလေး လွှဲပေးမှာပေါ့၊ ဖြစ်တယ်မို့လား"

"ဪ ... ဦးလေးရယ်၊ သမီး ဒီကိုလာတာ ဒီအမွေကိစ္စက အဓိကမကျပါဘူး၊ ကိုယ့်အစ်မတစ်ယောက်လုံး ဆုံးပါးသွားတဲ့အတွက် ဒီကိုရောက်လာတာပါ၊ ပြီးတော့ သမီး



စိတ်ထဲမှာ ဘဝင်မကျတာ တစ်ခုက မမမာလာသေဆုံးပုံပဲ၊ မမမာလာဟာ စိတ်ခတ်မျှော့ကျည့်သူတစ်ယောက်တော့ မဟုတ်ဘူး။ သူ့နှလုံးသွေးရပ်ပြီး သေဆုံးရလောက်အောင် ဖြစ်ရတဲ့အကြောင်းတော့ ရှိမယ်ထင်တယ်၊ ဦးလေးရော ဘယ်လိုထင်လဲ"

ဦးလေးဘသော်က မျက်မှောင်ကြုတ်လိုက်ပြီး ခေတ္တစဉ်းစားလိုက်သည်။

ပြီးမှ ...

"သမီးတွေးသလို ဦးလေးလည်း တွေးမိပါတယ်၊ ဒါပေမဲ့ အဖြစ်အပျက်တစ်ခုလုံးမှာ သင်္ကာစရာ ထူးခြားချက်ရယ်လို့ ဘာမှမတွေ့ရတော့ ပြောရခက်သား"

"ထူးတာပေါ့ ဦးလေးရဲ့"

ရေနွေးအိုး လာချပေးသော မညွန့်၏စကားကြောင့် နန်းသူဇာ လှည့်ကြည့်လိုက်သည်။

"မညွန့် ... နင် သူများတွေစကားဝိုင်းထဲဝင်ပြီး မဟုတ်တာတွေ ပြောပြန်ပြီ၊ သွား ... ကိုယ့်အလုပ်ကိုယ်လုပ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးနန်းမူ၏စကားကြောင့် မညွန့် နှာခေါင်းတစ်ချက်ရှုံ့၍ မီးဖိုခန်းဘက်သို့ ပြန်ထွက်သွားသည်။

"အဲဒီလိုပဲ သမီးရေ၊ မညွန့် ဆိုတဲ့ မိန်းကလေးကတော့ ကိုယ့်စကား ဘယ်ကိုရောက်မှန်း မသိဘူး၊ ပြောချင်ရာ ပြောချလိုက်တာပဲ"

"ကဲ ... သမီး၊ ဦးလေးလည်း ခြံထဲသွားလိုက်ဦးမယ်၊ သမီး ဒီမှာ လွတ်လွတ်လပ်လပ်သာနေ၊ လိုတာရှိရင် မောင်ပုတို့ မညွန့်တို့ ရှိသားပဲ၊ သူတို့ကိုပြောလိုက်"

"ဟုတ်ကဲ့ပါ ဦးလေး"

ဦးလေးဘသော် အခန်းတွင်းမှ ထွက်သွားသည်ကို နှင်းသူဇာ လှမ်းကြည့်ရင်း ...

"ဦးလေးကို ကြည့်ရတာ မျက်နှာသိပ်မကောင်းဘူး၊ နေမကောင်းရဲ့လား ဒေါ်လေး"

"မာလာရဲ့ကိစ္စအတွက် သူလည်း အတော်စိတ်ထိခိုက်ခဲ့ရတာဆိုတော့ သိပ်ပြီးမလန်းဆန်းဘူးပေါ့ကွယ်၊ ဒါပေမဲ့ သူက သူ့အလုပ် သူ့တာဝန်ကိုတော့ ဘယ်တော့မှမလစ်ဟင်းအောင် လုပ်တတ်သူပါ"



"အင်း ... ဦးလေးလည်း သူ့အပွန်နဲ့သူ ရှိမှာပေါ့လေ၊ ဇဲ ... ဒေါ်လေး၊ သမီးလည်း ခြံထဲဆင်းပြီး လမ်းလျှောက်လိုက်ဦးမယ်"

"အေး ... သမီး၊ ဪ ... ပြောရဦးမယ်၊ မညွန့်က စကားဖွာတော့ သူ့စကားကို သိပ်ပြီးအလေးအနက်မထားပါနဲ့ သမီးရယ်"

"ဟုတ်ကဲ့ပါ ဒေါ်လေး"

နှင်းသူဇာလည်း အိမ်ကြီးအတွင်းမှ ခြံဘက်သို့ ဆင်းလာခဲ့သည်။

ရာသီဥတုအခြေအနေကား မနေ့ကနှင့် မတူတော့။ ကောင်းကင်တွင် တိမ်များကင်းစင်လျက်ရှိသည်။ နှင်းကွဲစဖြစ်ပြီး နံနက်ခင်းနေခြည်က ဖြာကျလျှက်ရှိ၏။ အေးမြလတ်ဆတ်သော လေကို ရှူရှိုက်ရင်း နှင်းသူဇာတစ်[illegible] ပတ်ဝန်းကျင်ကို ငေးမောကြည့်ရှုနေမိသည်။

မြင့်မားသော ထင်းရှူးပင်ကြီးများ၊ စားပင်များ၊ ပန်းရောင်စုံများဖြင့် ခြံကြီးအတွင်းမှာ သာယာကြည်နူးဖွယ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ခြံထောင့်တစ်နေရာတွင် သစ်ပင်ရေလောင်းနေသော အသက်ခပ်ကြီးကြီး လူကြီးတစ်ယောက်။ ခြံစောင့်နှင့် မာလီအလုပ်နှစ်ခုကို တာဝန်ယူ လုပ်ကိုင်ရသော ဦးဖိုးချက် ဖြစ်သည်။

"ဟော ... သမီးလေးပါလား၊ အသြောင်းပြေ လမ်းလျှောက်တယ်ထင်ပါ့"

"ဟုတ်ကဲ့ အဘ"

"အေး ... သမီးလေးကိုမြင်တော့ သမီးလေးမာလာကို သတိရသကွယ်၊ စိတ်မကောင်းဘူး"

ဦးဖိုးချက်က နန်းသူဇာကိုကြည့်ရင်း ဆုံးပါးသွားသော မမမာလာကို သတိရတမ်းတစကား ဆိုမိခြင်းပင်။

"အဘက ဒီမှာ အလုပ်လုပ်တာ ကြာပြီလား"

"အေး ... သမီးတို့အဖေ ဆရာကြီးဦးဘမော် ဒီခြံကိုဝယ်ကတည်းက ဘဘက ဒီခြံကို ရောက်လာတာလေ၊ အလွန်သာယာအေးချမ်းပြီး နေလို့ထိုင်လို့ကောင်းတဲ့ ခြံကြီးပေါ့ကွယ်"

"ဒါဖြင့် ဒီအိမ်နဲ့ ဒီခြံကြီးက တကယ်အေးချမ်းတာပေါ့ ဟုတ်လား အဘ"





"အင်း ... အေးချမ်းတာပေါ့ သမီးရယ်၊ လွန်ခဲ့တဲ့နှစ်လလောက် မတိုင်ခင်အထိပေါ့"

"လွန်ခဲ့တဲ့ နှစ်လမတိုင်ခင်ဆိုတော့ အဲဒီနောက်ပိုင်း ဘာတွေဖြစ်လို့လဲ အဘ"

ဦးဖိုးချက်က နန်းသူဇာအား တစ်ချက်လှမ်းကြည့်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ ပြီးမှ ...

"ဟို ... သမီးမာလာ ဆုံးပါးသွားမှတော့ ဒီအိမ်ကြီးမှာ ပူပင်ဖွယ်သောကတွေ ဖြစ်ခဲ့ရတာပေါ့ သမီးရယ်၊ ဪ ... ညက သမီးအိပ်လို့ကောင်းရဲ့လား"

"ဟုတ်ကဲ့ ... ကောင်းကောင်းအိပ်ပျော်ပါတယ် အဘ"

"အေး ... အေး ... ကောင်းတယ်၊ ကဲ ... သမီးလည်း ခြံထဲလျှောက်ကြည့်လေ"

"ဟုတ်ကဲ့ အဘ"

နန်းသူဇာလည်း ဦးဖိုးချက်အနီးမှ ထွက်လာရင်း အတွေးထဲတွင် နံ့သာမြိုင်အိမ်ကြီးတွင် မည်သည့်ပြဿနာမျိုးရှိနေသနည်းဆိုသော သံသယမေးခွန်းတစ်ခု ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးကား အတော်ကျယ်ဝန်းပြီး သစ်ရိပ်တို့ဖြင့် အေးချမ်းလှသည်။ အိမ်နောက်ဘက်သို့ ရောက်လာပြီး ခြံစည်းရိုး နောက်ပေါက်တွင် တံခါးတစ်ခုကို တွေ့ရသည်။ ခိုင်ခန့်လှသော သစ်သားတံခါးဖြစ်သည်။

ချက်ချထားသောတံခါးကို ဖွင့်ကြည့်သည်။ သံချေးများဖြင့် အလွယ်တကူ ဖွင့်မရ မဖွင့်ဘဲထားသည်မှာ ကြာပြီထင်သည်။ အတန်ကြာ နှဲ၍ဖွင့်လိုက်မှ ချက်ကပွင့်သွားသည်။

ကျွီ ...

ခြံတံခါးပတ်တာတို့မှာလည်း သံချေးတက်နေသဖြင့် အသံမြည်ပြီးမှ ပွင့်သွားသည်။

နန်းသူဇာက ခြံအပြင်ဘက်သို့ ထွက်လိုက်သည်။ မြေပြင်သည် အောက်ဘက်သို့ နိမ့်လျှောဆင်းသွားသည့် ချောက်ကမ်းပါးမျိုးဖြစ်သည်။ ချောက်ကမ်းပါး၏အောက်ခြေတွင် တသွင်သွင်စီးဆင်းနေသော ချောင်းငယ်တစ်ခု။

သာယာလှသည့် မြင်ကွင်းကြောင့် နန်းသူဇာ ငေးမောကြည့်နေမိသည်။ စိတ်ထဲတွင်လည်း ကြည်နူးပေါ့ပါးလန်းဆန်းသွားသည်။





ဤချောက်ကြီးမှ စမ်းချောင်းဆီသို့ ဆင်းသွားနိုင်သောလမ်းကို ရှာကြည့်သည်။ မတွေ့။ ချောက်ကမ်းပါးက မတ်စောက်သည်မို့ သည်အတိုင်းဆင်းရန် မလွယ်။

နောက်ဆုံး လက်လျှော့လိုက်ပြီး ခြံထဲသို့ ပြန်ဝင်ကာ တံခါးကို ပိတ်လိုက်သည်။ ထို့နောက် အိမ်ကြီးဘက်ဆီသို့ ပြန်လာခဲ့တော့သည်။

✤ ✪ ✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

သည်နေ့နံနက်တွင် နန်းသူဇာ စောစောနိုးသည်။ ဖြီးလိမ်းပြင်ဆင်ပြီး မှန်ကိုတစ်ချက်ကြည့်လိုက်၏။ နန်းသူဇာ၏ မျက်နှာလေးမှာ ကြည့်မှန်ပေါ်တွင် ထင်ရှားစွာ ပေါ်ထင်လာသည်။

လုံးဝန်းသွယ်လှသောမျက်နှာ။ ပြူးသည်ဟု မဆိုနိုင်သော ရွှန်းလဲ့တောက်ပြောင်သည့် မျက်ဝန်းတစ်စုံ၊ သွယ်လျဖြောင့်စင်းသော နှာတံ၊ နှင်းဆီဖူးလေးကဲ့သို့သော နီထွေးသည့် နှုတ်ခမ်း၊ မည်းနက်တောက်ပြောင်ပြီး ဖြောင့်စင်းသောဆံပင်အစရှိသည့် အရာများက နန်းသူဇာသည် လှပသော မိန်းမပျိုလေးအဖြစ် လူတိုင်းက မှတ်ချက်ချ အတည်ပြုရမည့် အခြေအနေဖြစ်သည်။



ကိုယ်လုံးကိုယ်ထည်ကို ကြည့်ပြန်တော့လည်း ဖြည့်ဖြိုးသောရင်အုံ၊ သွယ်လျသောခါး၊ လုံးဝန်းသောတင်၊ ဖြောင့်စင်းပြည့်ဖြိုးသောပေါင်တံတို့ဖြင့် မြင်ရသူအပေါင်းတို့ကို နှစ်ခါပြန်ကြည့်ချင်အောင် ပြည့်စုံသော အလှမျိုးဖြစ်သည်။

အရပ်အမောင်းမှာလည်း ငါးပေလေးလက်မခန့်ရှိသဖြင့် မြန်မာအမျိုးသမီးတစ်ဦးအနေဖြင့် အရပ်နိမ့်သည်ဟု မဆိုသာ၊ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်မှာ အချိုးအစားကျနလှသည်။

အစိမ်းနုရောင်အောက်ခံတွင် အဖြူရောင်ပန်းပွင့်ပုံများပါသော ပိတ်စကို အထက်အောက်ဆင်တူ ချုပ်ထားသည့် ဝတ်စုံကို ရွေးချယ်ဝတ်လိုက်သည်။ ပြီးမှ အမြာနုရောင် သိုးမွေးဆွယ်တာနှင့် ခေါင်းစွပ်ကိုစွပ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဒေါ်နန်းမူက နန်းသူဇာအား အသေအချာကြည့်၍...

“လှပြီး ကျက်သရေရှိလိုက်တာ သမီးရယ်၊ ဒေါ်လေးရင်ထဲအေးသွားတာပဲ”

“ဒေါ်လေးကလည်း မြှောက်နေပြန်ပြီ”

www.burmeseclassic.com

www.burmeseclassic.com



"မရောက်ဖူးဘူး သမီးရယ်၊ တကယ်ပြောတာပါ၊ ဒါနဲ့ ခုလိုပြီးသိမ်းပြင်ဆင်ပြီး ဘယ်သွားမလို့လဲ"

"အစ်မညွန့်နဲ့ ဈေးဘက်ကို လိုက်သွားမလို့"

"ဘာများဝယ်စရာရှိလို့လဲ၊ လိုချင်တာရှိရင် မညွန့်နဲ့မှာ လိုက်ပြီးတာပဲဟာ"

"ဝယ်စရာရှိလို့ရယ် မဟုတ်ပါဘူး၊ ဒီရွာခင်းသာကို မရောက်ဖူးသေးတော့ လျှောက်ကြည့်ချင်လို့ပါ"

"မညွန့်ရေ ... သမီးကို ဂရုစိုက်ပြီးခေါ်သွား၊ စကားတွေလည်း တောမရောက် တောင်မရောက် လျှောက်ပြောမနေနဲ့ဦး၊ ညည်းက စကားကလည်း များပါဘိသနဲ့"

"မများပါဘူး ဒေါ်လေးရဲ့၊ ကဲ ... လာ မမလေး၊ သွားကြရအောင်"

မညွန့်က ပြောပြောဆိုဆို နန်းသူဇာ၏လက်ကိုဆွဲပြီး အိမ်ပြင်သို့ ထွက်လာခဲ့တော့သည်။

နှင်းမြူမှုန်တို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ဖြူလွှလျက်ရှိသည်။ လတ်ဆတ်အေးမြသော တောင်ပေါ်လေအေးကြောင့် အသက်ရှူလိုက်တိုင်း ရင်ထဲအထိ အေးမြသွားသည်။



"မမလေး ... ဒီနံ့သာမြိုင်ကိုရောက်တော့ နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြောပါတယ် အစ်မညွန့်၊ အစ်မကို တစ်ခုတော့ တောင်းဆိုချင်တယ်"

"ဘာများလဲ မမလေး"

"ကျွန်မကို မမလေးလို့ မခေါ်ဘဲ သူဇာလို့ ခေါ်ပါလား အစ်မရယ်၊ အစ်မထက် အသက်လည်းအများကြီးငယ်တဲ့ဟာ"

"သြော် ... ကိုယ့်အိမ်ရဲ့အရှင်သခင်မိသားစုပဲ၊ ကိုယ်က ရိုရိုသေသေနဲ့ ခေါ်ပြောတာပဲ၊ အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်ပါဘူး"

"ဟင့်အင်း ... မမလေးလို့ခေါ်ရင် ကျွန်မစိတ်ထဲ တစ်မျိုးကြီးပဲ၊ သူဇာလို့ပဲခေါ်ပေါ့နော် ... အစ်မ"

"ကဲ ... ကောင်းပါပြီ၊ မမလေးရဲ့သဘော၊ အဲ ... သူဇာသဘောပါပဲတဲ့တော်"

"ဟင်း ဟင်း ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာက စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် အသံထွက် ရယ်လိုက်သည်။

မကြာမီ ရွှေခင်းသာဈေးထဲသို့ ရောက်လာကြသည်။ လတ်ဆတ်သော အသီးအနှံများ သားငါးများ၊ ပန်းများရောင်းချနေသည့် ဈေးသည်များနှင့် ဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်။ လူသုံးကုန်ပစ္စည်းမျိုးစုံ အဝတ်အထည်ဆိုင်များ ကုန်စုံဆိုင်များဖြင့် ဈေးတစ်ခု၏အင်္ဂါရပ်ဖြင့် ပြည့်စုံနေ၏။ ထို့ပြင် အနယ်နယ်အရပ်ရပ်ပို့ ပို့ဆောင်ဖြန့်ချိမည့် ဤဒေသထွက်သီးနှံများမှာလည်း အပုံလိုက်တွေ့နေရသည်။

နန်းသူဇာနှင့် မညွန့်တို့ အိမ်အတွက် လိုအပ်သော ဟင်းစားနှင့် သီးနှံများ ဝယ်ယူပြီးပြီမို့ ဈေးအတွင်းမှ ပြန်ထွက်ခဲ့သည်။

"ကဲ ... သူဇာရေ၊ ဈေးဝယ်လို့တော့ပြီးပြီ၊ အစ်မတို့တစ်ခုခု စားကြရအောင်။ သူဇာလည်း ဆာရောပေါ့"

"ဟုတ်တယ်၊ အိမ်ကလည်း ဘာမှစားမလာတော့ ဗိုက်ဟောင်းလောင်း ဖြစ်နေပြီ၊ အစ်မကြိုက်တဲ့ဆိုင် ဝင်လေ"





မညွန့်က ဦးဆောင်ပြီး လက်ဖက်ရည်ဆိုင်အတွင်း ဝင်ရောက်ထိုင်လိုက်သည်။ ဤဆိုင်က အစားအသောက်စုံသည်။ ရှမ်းခေါက်ဆွဲ၊ တို့ဟူး၊ ထမင်းကြော်၊ လက်ဖက်ရည် အစုံရသည်။

နန်းသူဇာနှင့် မညွန့်တို့ စားသောက်နေကြစဉ် ခပ်လှမ်းလှမ်းဝိုင်းမှ စကားသံတို့က ပျံ့လွင့်ရောက်ရှိလာသည်။

"ဟဲ့ ... ဟိုဟာ ... နံ့သာမြိုင်အိမ်ကြီးကလူတွေ မဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ဟိုတစ်ယောက်ကတော့ ဆုံးသွားတဲ့ မာလာရဲ့ညီမထင်တယ်၊ ရုပ်ချင်း အတော်တူတယ်"

"အေးဟဲ့ ... ချောချောလေး၊ မာလာထက် ပိုချောတယ်"

"သူ့အစ်မဆုံးလို့ လာတာထင်တယ်"

"ဟုတ်မှာပေါ့၊ ဒါပေမဲ့ နံ့သာမြိုင်မှာ ကြာကြာတော့နေနိုင်မယ် မထင်ပေါင်"

"ဘာကြောင့်လဲ"

"နံ့သာမြိုင်အိမ်ကြီးထဲမှာ ဒီလောက် သရဲခြောက်နေတာ၊ သူ့အစ်မတောင် ကုပ်ချိုးအသတ်ခံရလို့ သေပြီပဲဥစ္စာ၊ ဒီမိန်းကလေးကရော ကြာကြာနေရဲမလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး … အဲဒါတော့ ဟုတ်တယ်၊ မင်းသမီးလေးလို ချောတဲ့ မြို့သူမလေး ဘယ်လိုလုပ်ပြီး ကြာကြာနေရဲမှာလဲ၊ မြန်မြန်ပြန်ပြေးတာပဲ ကောင်းမှာပါ၊ နို့မို့ဆိုရင် မာလာလို အသက်ပျောက်သွားမှ ချောချောလှလှလေးနဲ့ နမြောစရာကြီး"

"ဖွပ်ဖွ … မပြောကောင်း၊ မဆိုကောင်း၊ နင်ကလည်းပြောလိုက်မှဖြင့်"

နန်းသူဇာက စကားသံထွက်လာသော စားပွဲဝိုင်းဆီသို့ မသိမသာ လှမ်းကြည့်လိုက်သည်။ ဈေးဝယ်လာသော အမျိုးသမီးသုံးဦးဖြစ်သည်။

မညွန့်ကို ပြန်၍ကြည့်လိုက်ပြန်သည်။ မညွန့်မှာ မျက်စိမျက်နှာပျက်ပြီး နန်းသူဇာကို ကြည့်နေ၏။ နှစ်ဦးသား အတန်ကြာအောင် စကားမပြောမိ။ ထို့နောက် စားသောက်ခြင်းကို လက်စသတ်ငွေရှင်းပြီး ဆိုင်အတွင်းမှ ထွက်လာကြတော့သည်။

ဈေးနှင့်မလှမ်းမကမ်း အရောက်တွင် လှူနှစ်ဖက်ခန့်ရှိ သစ်ပင်ကြီးနံဘေးမှာ မတ်တတ်ရပ်လျက် နန်းသူဇာတို့ကို စူးစူးရဲရဲ ကြည့်နေသော လူတစ်ယောက်ကို နန်းသူဇာ မြင်လိုက်ရသည်။



"ဟင်"

ဆံပင်က ကုပ်ထောက်နေပြီး နှုတ်ခမ်းမွေးနှင့်ဖြစ်သည်။ အသားမှာ ဖြူသည်ဟု မဆိုသာ။

နေရောင်ဒဏ်ကြောင့် ကြေးနီရောင် ပေါက်နေသည်။ အရပ်က ခပ်ပုပုနှင့် ကိုယ်လုံးကိုယ်ထည် တောင့်တင်းသူဖြစ်သည်။ အစိမ်းရောင်ဂျာကင်ကြီးကိုဝတ်ပြီး ရှမ်းဘောင်းဘီအနက်နှင့်ဖြစ်သည်။

"သူဇာ ဘာဖြစ်လို့လဲ"

နန်းသူဇာ၏ အာမေဋိတ်သံကြောင့် မညွန့်က အလန့်တကြား မေးလိုက်သည်။

"အစ်မ … ဟိုသစ်ပင်ဘေးကလူက ကျွန်မတို့ကို ကြည့်နေတယ်"

"ဘယ်မှာလဲ"

"ဟိုမှာ"

နန်းသူဇာ ညွှန်ပြရာဘက်သို့ မညွန့် ကြည့်လိုက်တော့ ထိုလူမရှိတော့။ သစ်ပင်ကိုကွယ်ပြီး ကျောခိုင်းထွက်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဘယ်သူလဲတော့ အစ်မလည်း မသိဘူး၊ တို့ကို ကြည့်နေတယ်ဆိုတာ သေချာရဲ့လား သူဇာ"

"သေချာပါတယ်၊ သူကြည့်ပုံက စူးစူးရဲရဲနဲ့ ကျောချမ်းဖို့ ကောင်းတယ်"

"ကဲ ... သူဇာ၊ အစ်မတို့အိမ်ကို အမြန်ပြန်ကြစို့၊ တော်ကြာ အန္တရာယ်ပြုမယ့်သူဆိုရင် ခက်နေမယ်"

နှင်းသူဇာတို့လည်း အိမ်သို့ ခပ်သွက်သွက်လျှောက်လှမ်းပြီး ပြန်ခဲ့ကြတော့သည်။

မနက်က အဖြစ်အပျက်ကို နန်းသူဇာရော မညွန့်ပါမည်သူ့ကိုမျှ မပြောကြသဖြင့် အိမ်သားများ မသိကြပါ။

နေ့လယ်ရောက်တော့မှ နန်းသူဇာ တစ်ယောက် မညွန့်၏အခန်းဘက်သို့ ကူးလာခဲ့သည်။

"ဟယ် ... သူဇာ၊ လာလေ ... ဘာခိုင်းမလို့လဲ"

"ဘာမှမခိုင်းပါဘူး အစ်မညွန့်ရဲ့၊ နေ့ခင်းဘက်ပျင်းတာနဲ့ အစ်မနဲ့ စကားပြောမလို့၊ အစ်မ အလုပ်များပျက်နေမလား"

"သြော် ... မပျက်ပါဘူး၊ လာ ... ဒီမှာထိုင်"



မညွန့်က မီးပူတိုက်လက်စ အဝတ်များကို ဘေးသို့ ကပ်လိုက်ပြီး နန်းသူဇာကို နေရာပေးလိုက်သည်။

"မနက်က ဟိုလူကြီးအကြောင်းကိုတွေးပြီး ကျွန်မစိတ်ထဲ ကျောချမ်းနေမိတယ်"

"သြော် ... သူဇာရယ်။ သူဇာ့ကိုကြည့်တာ သူဇာက မင်းသမီးလေးလို ချောလို့ဖြစ်မှာပါ"

မအေးက သူဇာ စိုးရိမ်စိတ်ပြေသွားစေရန် ဖျောင်းဖျပြောဆိုလိုက်သည်။

"ထားပါတော့လေ။ အစ်မပြောသလို ဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ ဒါနဲ့ အစ်မကို ကျွန်မ သိချင်တာလေးတွေ မေးချင်တယ်၊ အစ်မ မှန်မှန်ဖြေမလား"

"ဘာများလဲ သူဇာရယ်၊ အစ်မက ဘာလို့ညာရမှာလဲ၊ မေးစရာရှိတာသာမေး၊ အားလုံးဖြေမယ်"

"မနက်က လက်ဖက်ရည်ဆိုင်ထဲမှာ ပြောနေကြတဲ့ မိန်းမကြီးတွေစကား အစ်မလည်း ကြားလိုက်သားပဲ၊ အဲဒါတွေက အမှန်တွေပဲလား၊ ဒီနန်းသာမြိုင်အိမ်ကြီးမှာ ဘာတွေဖြစ်ခဲ့သလဲ၊ ကျွန်မကို အားလုံးပြန်ပြောပြပါလား"

www.burmeseclassic.com

www.burmeseclassic.com



ညွှန့်က နန်းသူဇာအား သနားသော၊ ကိုယ်ချင်းစာသော မျက်လုံးတို့ဖြင့် ကြည့်လိုက်သည်။

"အင်း... အစ်မက ပြောပြချင်ပါတယ်၊ ဒေါ်လေးက ဟန့်တားထားလို့ မပြောဖြစ်တာပါ၊ သူဇာ သိပ်ပြီးလန့်သွားမှာကို ဒေါ်လေးရော ဦးလေးပါ မလိုလားဘူးလေ"

"ကိစ္စမရှိပါဘူး အစ်မရဲ့၊ ကျွန်မက မိန်းကလေးဆိုပေမယ့် သတ္တိမကြောင်ပါဘူး၊ ပြီးတော့ အဖြစ်မှန်တွေကို သိထားမှ ရှေ့ကို ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားနိုင်မှာပေါ့"

"သူဇာပြောတာ ဟုတ်ပါတယ်၊ ကဲပါလေ ... အစ်မ သိသလောက် ပြောပြမှာပေါ့"

"လွန်ခဲ့တဲ့ နှစ်လလောက်ကစပြီး ဒီနံ့သာမြိုင်အိမ်ကြီးမှာ ထူးခြားမှုတွေ မကြာခဏ ဖြစ်လာခဲ့တယ်"

"ဘယ်လိုထူးခြားမှုတွေလဲ အစ်မ"

"ဒီအိမ်ကြီးထဲမှာ ညဘက်ဆိုရင် တဒုတ်ဒုတ်နဲ့ တစ်ခုခုကို ထုနေတဲ့အသံမျိုး ကြားရတယ်၊ နေ့တိုင်းတော့ မဟုတ်ဘူး၊ သုံးရက်ခြား၊ လေးရက်ခြား တစ်ခါလောက် ကြားရတာ၊ အစ်မတို့လည်း တွစ်အိမ်လုံး ရှာတာပဲ၊ ဘာမှမတွေ့ဘူး၊



တစ်ရက်ကျတော့ အသံတင်မဟုတ်ဘူး၊ အကောင်ကိုပါ မြင်ရတာ"

"ဘာကောင်လဲ အစ်မ"

"ဘာကောင်ကြီးလဲတော့ မသိဘူး၊ မည်းမည်းကြီး ကုန်းကုန်း ကုန်းကုန်းနဲ့ အိမ်ထဲမှာ ဖြတ်လျှောက်သွားတာကို မြင်လိုက်ရတာ၊ သရဲဆိုတာ ဒါမျိုးထင်ပါရဲ့၊ အစ်မတို့လည်း ကြောက်လွန်းလို့ နေရာကမရွေ့နိုင်အောင် ဖြစ်ကြရတာ၊ အဲဒီသရဲမည်းမည်းကြီးကို နှစ်ကြိမ်လောက်မြင်လိုက်ရဖူးတယ် ...

"အဲဒီအချိန်ကစပြီး အစ်မတို့လည်း ညရောက်မှာကို တော်တော်ကြောက်ကြတာ၊ အိမ်မှာက ယောကျ်ားသားဆိုလို့ ဦးလေးနဲ့ ကိုပုပဲရှိတာ၊ ဦးလေးကလည်း အသက်ကြီးပြီ၊ ကိုပုကလည်း သူဇာမြင်တဲ့အတိုင်း လူကောင်ကသေးသေးရယ်"

"သူက အန္တရာယ်မပြုဘူးလား"

"လှစ်ခနဲပဲ တွေ့လိုက်ရတာ၊ အန္တရာယ်တော့ ပေးမသွားဘူး၊ ဒါပေမဲ့ မမလေးမာလာ ဆုံးတဲ့ညက အဖော်ထပ်

www.burmeseclassic.com



မမလေးအခန်းထဲက အော်သံကြားလို့ အစ်မတို့ တက်သွားကြတော့ မမလေး အခန်းထဲမှာမျက်လုံးကြီးပြူးပြီး အသက်ပျောက်နေတာ တွေ့ရတယ်"

"မမကို အန္တရာယ်ပြုလိုက်လို့လား"

"အခန်းထဲမှာတော့ ဘာမှ ထူးထူးခြားခြား ခြေရာလက်ရာပျက်တာ မတွေ့ရဘူး၊ မမလေးမာလာကတော့ ခုတင်ဘေးကကြမ်းပြင်မှာ လဲကျပြီး အသက်ပျောက်နေတာပဲ တွေ့ကြရတာ"

"အစ်မတို့က ဒီအကြောင်းတွေ ရဲကိုပြောမပြဘူးလား၊ သူတို့ရော မစစ်ဆေးဘူးလား"

"ပြောတာပေါ့ ညီမရယ်၊ ရဲတွေကလည်း တစ်အိမ်လုံးပိုက်စိပ်တိုက် ရှာတာပဲ၊ ဒါပေမဲ့ ဘာမှမတွေ့ရဘူး၊ ဒီတော့ရဲက ဘာမှလုပ်လို့မရဘူး ဖြစ်နေတာပေါ့"

"အင်း ... ဒါဖြင့်ရင် ဘာမှ အဖြေမရှိတဲ့ ပဟေဠိပုစ္ဆာလိုပဲပေါ့"

နန်းသူဇာက စိတ်ဓာတ်ကျစွာဖြင့် ညည်းညူလိုက်သည်။



"သူဇာ ... အခု အစ်မပြောတာတွေကို ဒေါ်လေးကိုပြန်မပြောနဲ့နော်၊ တော်ကြာ ဒေါ်လေးက အစ်မကို ဆူနေဦးမယ်"

"မပြောပါဘူး အစ်မရယ်"

✤ ✿ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ရှခင်းသာမြို့၏ညကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အပြင်ဘက်တွင် အမှောင်ထုက သိပ်သည်းလျက် တိတ်ဆိတ်မှုကို အားဖြိုင်လျက်ရှိသည်။ အအေးဓာတ်ကလည်း ညဉ့်နက်လာလေလေ ပိုမိုမြင့်တက်လာလေလေနှင့်။

ဦးဘသော်၊ ဒေါ်နန်းမူနှင့် နှင်းသူဇာတို့သုံးဦးသား မီးလင်းဖိုရှေ့တွင်ထိုင်ရင်း စကားပြောနေကြသည်။

"ဦးလေးတို့ကလည်း မပြောမဖြစ်လို့သာ ပြောရမှာ၊ တူမလေးကို စိတ်မထိခိုက်စေချင်ဘူး၊ ဒါပေမဲ့ အခြေအနေကလည်း ပြောမှဖြစ်မှာဆိုတော့ ..."



"ဦးလေးရယ်၊ ဘာကိစ္စမဆို ပွင့်ပွင့်လင်းလင်း ပြောပါ၊ ဒါမှလည်း သမီးအနေနဲ့ အခြေအနေအားလုံးကို အမှန်အတိုင်း သိနိုင်မှာပေါ့"

"အေး ... ဒီလို သမီးရေ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သမီးအဖေ အစ်ကိုဘမော် မဆုံးခင်က လီမွှော်ခြံမှာ ရာသီဥတုနဲ့ ပိုးမွှားဒဏ်ကြောင့် အားလုံး ဆုံးရှုံးခဲ့ရတယ်၊ ဒီအချိန်မှာ လုပ်ငန်းပြန်ထူထောင်ဖို့ ငွေကြေးအတော်များများ လိုအပ်လာတယ်၊ အဲသည်လို အခက်အခဲ ဖြေရှင်းဖို့က ဒီနံ့သာမြိုင်စံအိမ်ကြီးကို ရောင်းပစ်လိုက်ဖို့ပဲရှိတဲ့ အခြေအနေပေါ့"

ဦးဘသော်က မီးလင်းဖိုကြီးကို ရီဝေစွာ ငေးကြည့်နေရင်းမှ စကားဆက်လိုက်သည်။

"အဲသည်လို အခြေအနေမျိုးမှာ လိုအပ်တဲ့ ငွေကြေးအခက်အခဲကို ပြေလည်အောင် ဖြေရှင်းပေးလိုက်တဲ့သူတစ်ယောက် ပေါ်လာတယ်၊ သူက မှောင်လှဝေတဲ့၊ သီးနှံမျိုးစုံကို ရန်ကုန်–မန္တလေးအထိ တင်ပို့ရောင်းချနေတဲ့ ကုန်သည်တစ်ယောက်ပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



"သူက အစ်ကိုဘမော် လိုအပ်နေတဲ့ ငွေကြေးကို ထုတ်ချေးတယ်၊ အစ်ကိုဘမော်လည်း အတော်အသက်ရှူ ချောင်သွားရတယ် ဆိုမှာပေါ့၊ ဒါပေမဲ့ မောင်လှဝေက ငွေကိုချေးတာက သဘောရိုးနဲ့ မဟုတ်ဘူး၊ သမီးလေးနန်း မာလာကို သူနဲ့လက်ထပ်ပေးဖို့ အစ်ကိုဘမော်ကို တောင်း ဆိုတယ်၊ အစ်ကိုက အကျပ်အတည်းထဲ ရောက်နေသူဆို တော့ သမီးသဘောတူရင် ငါ လက်ခံမယ်လို့ ပြောထားခဲ့ တယ် ...

"ဒီလိုနဲ့ မောင်လှဝေက အိမ်ကိုဝင်ထွက်သွားလာ ရင်းနဲ့ မာလာနဲ့ ရင်းနှီးသွားပြီး သံယောဇဉ် ဖြစ်ကြတယ်၊ ဒီအချိန်မှာ အစ်ကိုဘမော် ရန်ကုန်ကိုဆင်းသွားရင်း ဟိုမှာ ဆုံးပါးသွားတော့ လီမွှော်ခြံနဲ့ ဒီနံ့သာမြိုင်စံအိမ်ကြီးကို ဦးလေးက တာဝန်ယူခဲ့တယ်၊ မောင်လှဝေက သူကိုယ်တိုင် ချုပ်ကိုင်ချင်တဲ့ သဘောထားတွေ ပြလာတယ် ...

"ပြီးတော့ သမီးလေးမာလာကိုလည်း ဒီအကြွေးတွေ ကို အကြောင်းပြပြီး အပေါ်စီးက ဆက်ဆံလာခဲ့တယ်၊ သမီးလေးမာလာက ရိုးသားပြီး သူ့ သံယောဇဉ်ရှိနေတဲ့သူ ဖြစ်တာမို့ သည်းညည်းခံခဲ့တယ် ...



"မောင်လှဝေဟာ နယ်တကာလှည့်သွားနေတဲ့ ကုန် သည်တစ်ယောက်ဆိုတော့ လည်လည်ဝယ်ဝယ်ရှိတယ်၊ ပြီးတော့ ကြားရတဲ့သတင်းတွေက မကောင်းဘူး၊ မိန်းမ ရှုပ်တာတို့ လောင်းကစားလုပ်တာတို့ မူးယစ်သောက်စား တာတို့ပေါ့ ...

"နောက်ပိုင်းမှာ သမီးလေး နန်းမာလာဟာ မောင် လှဝေကို စိတ်ကုန်လာတယ်၊ ဒါပေမဲ့ သူ့ဆီကယူထားတဲ့ အကြွေးတွေကို ဆပ်ဖို့ကလည်း အခက်အခဲ ရှိနေတော့ သူ့မှာ အတော်စိတ်ဆင်းရဲနေရတယ်၊ ဦးလေးလည်း လီမွှော် ခြံကို တတ်နိုင်သလောက်ကြိုးစားပြီး လုပ်ပေမယ့် အကြွေး ကို မချေနိုင်သေးဘူး ဖြစ်နေတယ် ...

"ဒီအချိန်မှာပဲ သမီးလေးမာလာ ဆုံးပါးသွားတော့ ရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားရမလဲဆိုတာ ဦးလေးလည်း မပြောတတ်အောင် ရှိနေတယ်၊ ဒီအပူတွေကို သမီးလေး မသိစေချင်ဘူး၊ ပေးလည်း မပေးချင်ဘူး"

ဦးလေးမှာ စကားအရှည်ကြီးပြောပြီး မောသွားဟန် ဖြင့် ရေနွေးတစ်ခွက် ငှဲ့သောက်ကာ သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာက ဦးလေးဘဆော်ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်မိသည်။ ဦးလေးလည်း မှုပင်ဆယာကများ စိတ်ဖိစီးမှုများနှင့် မည်မျှစိတ်ဆင်းရဲနေမည်ကို တွေးမိသည်။

"ဦးလေး သိပ်လည်း စိတ်ထိခိုက်မနေပါနဲ့၊ ဖြစ်လာတဲ့အကြောင်းပေါ့၊ လိုအပ်ရင် ဒီနံ့သာမြိုင်စံအိမ်ကြီးကိုရောင်းသင့် ရောင်းလိုက်တာပေါ့၊ အခက်အခဲဖြစ်လာရင် ဖြေရှင်းနိုင်တဲ့နည်းလမ်းလည်း ပေါ်လာမှာပါ"

"ဒါပေမဲ့ သမီးရယ်၊ သမီးလေးနောင်ရေး စိတ်အေးဖို့အတွက် ဦးလေးတို့က စီစဉ်ပေးနိုင်ရမှာလေ၊ ခုတော့ ..."

"မလိုပါဘူး ဦးလေးရယ်၊ လူမသေ ငွေမရှားပါ၊ ဖြစ်လာတဲ့အခြေအနေကိုကြည့်ပြီး ရင်ဆိုင်ဖြေရှင်းကြတာပေါ့၊ ကဲ ... ညဉ့်လည်းနက်ပြီ၊ သမီး နားတော့မယ်"

"အေး ... အေး၊ နားတော့သမီးရယ်၊ ဦးလေးလည်း အတတ်နိုင်ဆုံး ဖြေရှင်းနိုင်အောင် ကြိုးစားမှာပါ၊ ကဲ ... သွား ... သွား၊ အိပ်ချည်တော့"

နန်းသူဇာလည်း မီးလင်းဖိုအနီးမှခွာကာ အပေါ်ထပ်သို့ တက်ခဲ့တော့သည်။





အိပ်ခန်းတွင်း အိပ်ရာပေါ်သို့ လှဲချလိုက်သော်လည်း အတွေးတို့က ပျံ့လွင့်နေသည်။ ဟိုတွေး သည်တွေးနှင့် အတော်နှင့်အိပ်မပျော်။ ညဉ့်ကား အတော်နက်လှပြီဖြစ်သည်။ အအေးဓာတ်က ပိုမိုပြင်းလာသဖြင့် စောင်ကိုတင်းကျပ်စွာ ခြုံထားလိုက်သည်။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တစ်ချက်တစ်ချက် ထမြည်သော ညဉ့်ငှက်အသံကို နားမှကြားယောင်ရင်း ဖွတ်မှိတ်အိပ်လိုက်သည်။

"ဒုတ် ... ဒုတ် ... ဒုတ်"

အသံတစ်ခုက နန်းသူဇာ၏အကြားအာရုံသို့ ရောက်ရှိလာသည်။ နန်းသူဇာ အိပ်ရာထဲမှာအိပ်ရင်း နားစွင့်နေမိသည်။ အသံက ရပ်သွားလိုက်၊ ခဏကြာလျှင် မြည်လာလိုက်နှင့်မို့ နန်းသူဇာ အိပ်ရာထက် ငုတ်တုတ်ထထိုင်မိသည်။

မည်သည့်နေရာက လာသည့်အသံ ဖြစ်သနည်း။ အိမ်အောက်က ဖြစ်နိုင်သည်။

နန်းသူဇာလည်း လက်နှိပ်မီးကို ယူလိုက်ပြီးအောက်ထပ်သို့ ခြေကိုဖွဖွနင်းပြီး ဆင်းလာခဲ့သည်။ အိမ်တွင်းမှမီးကိုဖွင့်လျှင် ရနိုင်သော်လည်း ဤအသံလာရာကို စုံစမ်းလိုစိတ်က လွှမ်း



www.burmeseclassic.com

www.burmeseclassic.com



မိုးနေသဖြင့် မှောင်ထဲမှာပင် လက်နှိပ်မီးဖြင့် ဆင်းလာခြင်းဖြစ်ပါသည်။

အိမ်အောက်ထပ်သို့ရောက်သော် အသံက ပိုမိုကျယ်လောင်စွာ ကြားရသည်။ မည်သည့်နေရာက ထွက်ပေါ်လာသည်ကိုတော့ ခန့်မှန်း၍မရသေး။ အသံကတော့ ရပ်သွားလိုက် ပေါ်လာလိုက်နှင့်မို့ နန်းသူဇာ ဟိုဟိုဒီဒီ မီးထိုးကြည့်သည်။ လှုပ်ရှားမှုတစ်စုံတစ်ရာ မတွေ့ရ။ ထိုစဉ် ...

"ဖြောက်"

"အို ... အမေ့"

ဖျတ်ခနဲလင်းလာသော မီးအလင်းရောင်ကြောင့် နန်းသူဇာ နှုတ်မှအသံထွက်သွားမိသည်။

တစ်ခန်းလုံး မီးများထိန်လင်းသွားသည်။ မီးခလုတ်နားတွင်ရပ်နေသူက ဦးလေးဘသော်။

"သမီး မှောင်ထဲမှာ ဘာလုပ်နေတာလဲ"

"ဦးလေး အသံတွေ မကြားဘူးလား"

"ကြားတယ်၊ စောစောကတည်းကကြားတာ နားစွင့်နေတုန်း မီးရောင်ထိုးတာတွေ့လို့ မီးဖွင့်ကြည့်တာ"





"သမီးလည်း အသံကြားလို့ ဆင်းလာကြည့်တာ"

နန်းသူဇာတို့ စကားပြောနေစဉ် ဒေါ်လေးနန်းမူ၊ မညွန့်၊ ကိုပုတို့ မျက်စိမျက်နှာပျက်လျက် ရောက်ရှိလာသည်။

"သူဇာ ဘာတွေ့လို့လဲဟင်"

အသံကတုန်ကယင်ဖြင့် မညွန့်က မေးလာသည်။

"အသံတစ်ခုကြားလို့ အစ်မညွန့်ရဲ့"

"အေး ... အစ်မလည်း ကြားတယ်၊ ထွက်မကြည့်ရဲလို့"

အသံက ထပ်မံမကြားရတော့။

"ကဲ ... သမီး၊ ဘာမှမကြောက်နဲ့၊ တစ်ခုခု ထိမိနေလို့မြည်တာ နေမှာပေါ့၊ သွားအိပ်တော့"

"ဟုတ်တယ် သမီး၊ သမီးတစ်ယောက်တည်း မအိပ်ရဲရင် ဒေါ်လေး လိုက်အိပ်ပေးမယ်လေ"

"နေပါစေ ဒေါ်လေး၊ သမီး အိပ်ရဲပါတယ်။ ကဲ ... သမီး အပေါ်တက်တော့မယ်"

နန်းသူဇာလည်း ပြောပြောဆိုဆို အပေါ်ထပ်သို့ တက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲရောက်တော့ ကြားရသောအသံအကြောင်းကို တွေးရင်းနှင့် နံနက်လေးနာရီလောက်မှ မှေးခနဲ အိပ်ပျော်သွားတော့သည်။

✦

✦ ✿ ✦





## အခန်း(၅)

နံ့သာမြိုင်စံအိမ်ကြီးအတွင်း အားလုံး အလုပ်ရှုပ်နေကြသည်။ နန်းသူဇာက ရွှေတောင်ခေါက်ဆွဲ လုပ်စားကြမည်ဆိုသဖြင့် ဒေါ်လေးနန်းမူ၊ နှင်းသူဇာ၊ မညွန့်တို့ မီးဖိုချောင်ထဲတွင် ချက်ပြုတ်ကြော်လှော်လျက်ရှိသည်။ ဒရိုင်ဘာကိုပုလည်း လိုအပ်သောပစ္စည်းများကို သယ်ပိုးပေးခြင်း၊ ရေခပ်ပေးခြင်း၊ အမှိုက်သွန်ခြင်းတို့ဖြင့် မနားရ။

"ကဲ ... ဒေါ်လေးရေ၊ ဟင်းကတော့ ရှယ်ပဲ၊ အနံ့ရရုံနဲ့ သားရေကျနေပြီ"

"သမီးက ချက်ချင်တယ်ဆိုလို့သာ ခွင့်ပြုထားရတာ၊ ဒေါ်လေးနဲ့ မညွန့် နှစ်ယောက်တည်းချက်ရုံ ရပါတယ်၊ အပြင်မှာ သွားနားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... သမီးလည်း ဒီအိမ်သားပဲလေ၊ အားလုံး ဝိုင်းလုပ်ဝိုင်းစားပေါ့"

ကိုပုက ရေပုံးဆွဲထားရင်းမှ လှမ်းကြည့်လိုက်သည်။

"ငါတို့သခင်မလေးကတော့ ဟုတ်ပါ့ကွာ၊ ကောင်းတယ်၊ ကောင်းတယ်၊ ဒါမှ စားတဲ့အခါ မြိန်တာပေါ့"

မကြာမီ အားလုံးချက်ပြုတ် ပြီးစီးသွားပြီမို့ ထမင်းစားခန်းထဲတွင် ပြင်ဆင်လိုက်ကြသည်။

ဦးလေးဘသော်ကတော့ ခြံထဲသို့ သွားနေသဖြင့် အိမ်မှာမရှိ။ ခြံစောင့်ကြီး ဦးဖိုးချက်ကလည်း ခြံထဲတွင်စောင့်ရင်း စားမည်ဆိုသဖြင့် ချိုင့်နှင့်ထည့်ပြီး ပို့ပေးထားလိုက်သည်။

"ကဲ ... အားလုံးလာဟေ့၊ စားကြမယ်"

ဒေါ်လေးနန်းမူက ရွှေတောင်ခေါက်ဆွဲစားရန် အားလုံးကို ခေါ်လိုက်သည်။

ထိုစဉ်မှာပင် အိမ်ရှေ့ခြံဝမှ ဦးဖိုးချက်၏အသံက ထွက်ပေါ်လာသည်။

"ဒေါ်နန်းမူရေ ... မောင်လှဝေ လာတယ်ဟေ့"





အပြင်မှ ခေါ်သံကြောင့် ဒေါ်လေးနန်းမူ အိမ်ရှေ့သို့ ထွက်သွားသည်။

"အော် ... မောင်လှဝေ၊ လာဟေ့၊ မင်းလည်း ဒီကိုမရောက်တာ ကြာပေါ့"

"ဟုတ်တယ် ဒေါ်လေး၊ ကျွန်တော် ရန်ကုန်ဘက်ကို ဆင်းနေလို့"

"အော် ... ဒါကြောင့်ကိုး"

"ဒါနဲ့ ခရီးရောက်မဆိုက်ဘဲ မေးရဦးမယ်၊ မာလာ ဘယ်လိုဖြစ်ရတာလဲ"

ဒေါ်နန်းမူက နန်းမာလာ သေဆုံးခြင်းကို အကျဉ်းရုံး ရှင်းပြလိုက်သည်။

နန်းသူဇာက မမမာလာ၏ချစ်သူ မိမိတို့ထံ အကြွေးတင်နေသူဆိုသော ကိုလှဝေကို အခန်းပနားမှ လှမ်းကြည့်လိုက်သည်။

ခန္ဓာကိုယ်ပိန်ပိန်သွယ်သွယ်နှင့် အရပ်ရှည်ပုံရသည်။ အသားဖြူ၍ ရုပ်ရည်မှာ အသင့်အတင့်ရှိသူ။ တစ်ကိုယ်လုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်က မျက်လုံး။ သည်မျက်လုံးများက လောဘရမ္မက်ဇော များပြားနေကြောင်း ပြောနေသလိုပင်။

ဖော်ထားသည့်ပုံစံမှာ ဘောင်းဘီရှည်နှင့် ဂျာကင်ပွပွကို ဝတ်ထားသည်။ အားလုံးကိုခြုံ၍ ကြည့်မည်ဆိုလျှင် ကြည့်ပျော်ရှုပျော်ရှိသည် ဆိုရမည်။

ကိုလှဝေက မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရင်း နန်းသူဇာကို မြင်သွားသည်။

အကြည့်က စူးစူးရဲရဲနှင့်မို့ နန်းသူဇာ ဒေါသဖြစ်သွားသည်။ သည်လိုအကြည့်မျိုးက လူယဉ်ကျေးတို့ အပြုအမူမဟုတ်။

"ဒေါ်လေး ... သူက"

"မာလာရဲ့ညီမ နန်းသူဇာလေ"

"ဪ"

ကိုလှဝေက ဪဟု တစ်ချက်ရေရွတ်ရင်း နန်းသူဇာထံ လျှောက်လှမ်းလာသည်။

"ညီမက မာလာရဲ့ညီမကိုး၊ ကိုယ်က လှဝေပါ၊ ကိုယ့်ကို တော့ ညီမသူဇာ သိမှာပါ"





"ဟုတ်ကဲ့ ... ဒေါ်လေးတို့ ပြောပြလို့ သိပြီးပါပြီ"

နန်းသူဇာက ယဉ်ကျေးမှုအရ အလိုက်အထိုက်ပြန်လည်ဖြေကြားလိုက်သည်။

"ကဲ ... မောင်လှဝေ၊ ဒေါ်လေးတို့ ဒီမနက် ရှမ်းခေါက်ဆွဲချက်စားကြတယ်၊ တစ်ခါတည်း ဝင်စားပေါ့"

ကိုလှဝေလည်း ငြင်းဆန်ခြင်း မပြုတော့။ ထမင်းစားဝိုင်း ဝင်ထိုင်ပြီး စားဖြစ်သည်။

သည့်နောက်တော့ ကိုလှဝေ၊ ဒေါ်နန်းရှုနှင့် ခေတ္တစကားပြောပြီး နှုတ်ဆက်ကာ ပြန်သွားလေသည်။

"သူဇာ ... မောင်လှဝေကို ဘယ်လိုမြင်သလဲ"

"ရှင်"

ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သော မည္ဆွန့်၏စကားကြောင့် နန်းသူဇာ ကြောင်သွားသည်။

"မောင်လှဝေက မမလေးမာလာရဲ့ချစ်သူလေ။ သူ့ပြောဆိုဆက်ဆံပုံကို သူဇာ ကြည့်ပြီး ဘယ်လိုမြင်သလဲလို့ မေးတာ"

"ဪ ...အစ်မည္ဆွန့်ရယ်၊ ကိုလှဝေ ဆိုတာ မမမာလာရဲ့ချစ်သူဆိုတော့ ကျွန်မ ဒီရောက်မှ သိတာပါ၊ ပြီးတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုဆက်ဆံတာလည်း ခုမှ ကြုံတာဆိုတော့ သူဇာ ဘယ်လိုပြောရမှာလဲ"

"သူ ဒီနေ့ပြောဆိုပုံက သိမ်သိမ်မွေ့မွေ့နဲ့မို့ သူဇာ သူ့ကို အထင်ကြီးလေးစားသွားပြီလားလို့ သိချင်လို့ မေးတာ"

"ခုမှ တစ်ခါလောက် စကားပြောဖူးတဲ့လူကို သူဇာ ဘယ်လို ဆုံးဖြတ်လို့ ရမှာလဲ အစ်မညွန့်ရဲ့၊ လူတစ်ယောက်ရဲ့ အကြောင်းကို ချက်ချင်းကြီး တွေ့မြင်ရုံနဲ့တော့ အကောင်း အဆိုး ဝေဖန်လို့ မဖြစ်သေးဘူးလေ"

"ဘာပဲဖြစ်ဖြစ် မောင်လှဝေကိုတော့ သတိထားဆက်ဆံပေါ့၊ သူ့အကျင့်ကို အစ်မတော့ မကြိုက်ဘူး"

"စိတ်ချနေပါ အစ်မရယ်၊ သူဇာက ဒီလောက်မရိုးသေး မအသေးပါဘူး ... ဟင်း ဟင်း"

နန်းသူဇာက မညွန့်၏အနီးမှ ရယ်မောရင်း ထွက်လာခဲ့သည်။ အစ်မညွန့်က သူမကို ကိုလှဝေနှင့် ရင်းနှီးသွားမှာ စိုးရိမ်နေပုံရသည်။

နန်းသူဇာကတော့ အားလုံးကို ပွင့်ပွင့်လင်းလင်း ဆက်ဆံ၍ အခြေအနေအားလုံးကို အကဲခတ်လိုသည်။ မည်သို့ပင်



ဖြစ်စေ မိမိဘက်က သတိရှိဖို့ လိုအပ်ကြောင်း စိတ်ထဲတွင် စွဲစွဲမြဲမြဲ မှတ်သားထားပါ၏။

ညခုနစ်နာရီခန့်လောက်တွင် ဦးဘသော်ခြံထဲမှ ပြန်ရောက်လာသည်။

နွမ်းလျသောပုံစံနှင့်မို့ အလုပ်ထဲတွင် ပင်ပန်းခဲ့သည် ထင်၏။

"နေ့ခင်းက မောင်လှဝေ ဒီအိမ်ကို ရောက်သေးလား"

"ရောက်တယ်လေ၊ အိမ်မှာ ရွှေတောင်ခေါက်ဆွဲချက်လို့ ဝင်တောင်စားသွားသေးတယ်၊ ရှင်က ဘယ်လိုသိတာလဲ"

"ငါ့ခြံထဲကို မောင်လှဝေ ရောက်လာတယ်လေ၊ ဒီအိမ်ကို ဝင်ခဲ့တာလည်း ပြောလို့"

"သူက ဘာပြောသွားသေးလဲ"

"ထွေထွေထူးထူးတော့ မပြောပါဘူး၊ ခုမှ ရန်ကုန်ကပြန်ရောက်တဲ့အကြောင်း၊ မာလာ ဆုံးတာကို သူ သိရတော့ ဝမ်းနည်းကြေကွဲကြောင်း၊ သူ ဘာမှမကူညီလိုက်ရလို့ စိတ်မကောင်းကြောင်း၊ ဒါလောက်ပဲပြောပြီး ပြန်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဦးဘသော်က ပြောပြီး ဆက်တီခုံတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဒေါ်နန်းမူက မျက်မှောင်တစ်ချက်ကြုတ်ရင်း ...

"ရှင်ကြည့်ရတာ အရမ်းပင်ပန်းနေသလိုပဲ၊ နေလို့ကောင်းရဲ့လား"

"နေလို့ကောင်းပါတယ်၊ အလုပ်ပင်ပန်းလို့ပါ"

"ဒါဆိုလည်း တစ်ရက် နှစ်ရက် နားလိုက်ပါလား၊ ဒီလောက်ပင်ပန်းနေတာကို"

"လူထက် စိတ်က ပိုပင်ပန်းတာပေါ့၊ ကဲ ... ကဲ ... ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးမှ ထမင်းစားတာပေါ့၊ ဪ ... သမီးလေးသူဇာရော မောင်လှဝေနဲ့ တွေ့သွားသေးလား"

"ဟုတ်ကဲ့ ဦးလေး"

"အင်း ... အင်း"

ဦးဘသော်လည်း ဆတ်ခနဲထကာ ရေချိုးရန် အိမ်နောက်ဘက်သို့ ထွက်သွားတော့သည်။

ထိုနေ့ည ထမင်းဝိုင်းသည် စကားသံများ တိတ်ဆိတ်ငြိမ်သက်စွာနှင့် ပြီးဆုံးခဲ့သည်။ နန်းသူဇာလည်း စောစီးစွာအိပ်ရာဝင်ခဲ့၏။ အိပ်ချင်၍ကား မဟုတ်။ စိတ်အတွင်း အတွေးများက ပလုံစီနေ၏။ နောက်ဆုံး ဖွတ်မှိတ်အိပ်ရန်သာ ကြိုးစားလိုက်သည်။ ယမန်နေ့ညက ကြားခဲ့ရသောအသံမျိုး ကြားရဦးမလားဟု နားစွင့်ကြည့်သေးသည်။ သို့သော် မည်သည့်အသံမျှ ထွက်ပေါ်မလာခဲ့။ ဤသို့ဖြင့် နန်းသူဇာ တစ်ယောက် အိပ်ပျော်ခြင်းသို့ ရောက်သွားတော့သည်။



✤ ✿ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ဆုတောင်းပြည့် မြို့ဦးစေတီသည် ရှခင်းသာမြို့၏ အရှေ့ဘက်ကျောက်တောင်ကြီးပေါ်တွင် တည်ထားသောစေတီဖြစ်သည်။ ဉာဏ်တော်ပေသုံးဆယ်ကျော်ရှိပြီး ရွှေရောင်ဝင်းဝင်းဖြင့် အလွန်သပ္ပာယ်လှပေသည်။

ဘုရားပရဝဏ်တွင် အာရုံခံတန်ဆောင်းတစ်ခုရှိသည်။ ယင်းတန်ဆောင်းမှ စေတီတော်အား ဖူးမြော်ပူဇော်နိုင်သည်။

ပတ်ဝန်းကျင် တစ်ခုလုံးမှာတော့ ကျောက်ဆွယ် ကျောက်စွန်းများနှင့် သစ်ပင်ကြီးများ ပေါက်ရောက်နေမှုကြောင့် လွမ်းမောသာယာဖွယ်အတိ ဖြစ်တော့သည်။

နန်းသူဇာနှင့် မညွန့်တို့ ဘုရားပေါ်ရောက်တော့ နေ့လယ်ပိုင်းလောက် ရှိပြီဖြစ်သည်။ နေ့ခင်းရောက်နေသော်လည်း



အအေးဓာတ်က ရှိနေသေးသည်မို့ အနွေးထည်ခပ်ပါးပါးကိုတော့ ဝတ်ဆင်ထားရသေးသည်။

နန်းသူဇာသည် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လက်အုပ်ချီ၍ ရှိခိုးပူဇော်လိုက်သည်။ ဘုရား၏မေတ္တာတော်အရှိန်ကြောင့် ထင်သည်။ ရင်တွင်းမှာ ဖြစ်ပေါ်နေသော အပူများ လွင့်စဉ်ပြီး အေးချမ်းသွားရသည်။

ဘုရားဝတ်ပြုအပြီးတွင် ဘုရားပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ကြသည်။ တောင်ကုန်းတောင်ထွတ်ပေါ်တွင် တည်ထားသောဘုရား ဖြစ်သဖြင့် ပတ်ဝန်းကျင်ကို အပေါ်စီးမှ ကြည့်မြင်နိုင်လေသည်။

ဘုရားပေါ်တွင် ဘုရားဖူးများစွာ မတွေ့ရ၊ အနည်းငယ်သာရှိသည်။ နန်းသူဇာနှင့် မညွန့်တို့ လှည့်ပတ်ကြည့်ရှုနေကြစဉ် ...

"ဟင်"

နန်းသူဇာက အာမေဋိတ်သံပြုရင်း မညွန့်၏လက်ကို ကိုင်လှုပ်လိုက်သည်။

"ဘာ ... ဘာလဲ သူဇာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟိုမှာ ... လူတစ်ယောက် ကျွန်မတို့ကို ကြည့်နေတယ်"

မညွန့်က နန်းသူဇာ မေးဆတ်ပြရာဘက်သို့ လှမ်းကြည့်လိုက်သည်။

ဆံပင်ရှည်ရှည် အသားနီစပ်စပ် အရပ်က ပုပြတ်ပြတ်နှင့် လူတစ်ယောက်။ မိမိတို့အား စူးရှစွာ စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ဒီလူကို အစ်မ မြင်ဖူးသလိုပဲ၊ ဘယ်မှာမြင်ဖူးတာပါလိမ့်"

မညွန့်က တီးတိုးရေရွတ်လိုက်သည်။ နန်းသူဇာက ကိုဆံရှည်ကို စူးစူးစိုက်စိုက် ပြန်လည်ကြည့်လိုက်သည်။ မိန်းမသားဖြစ်၍ ရှက်ရွံ့စွာ မျက်လွှာချ ရှောင်ထွက်သွားရမည့်အစား ယခုကဲ့သို့ တန်ပြန်ကြည့်ရှုလိုက်သော အကြည့်စူးဖြင့် ထိရောက်သွားဟန်ရှိသည်။

ကိုဆံရှည်သည် ဆတ်ခနဲ မျက်နှာကို တစ်ဖက်သို့လွှဲကာ တောင်အောက်ဘက်သို့ ဖြန်လည်ဆင်းသွားတော့သည်။

"အစ်မညွန့် ... လာ၊ ဟိုလူ့ကို လိုက်ကြည့်ရအောင်"

"ဘာလုပ်ဖို့ လိုက်ကြည့်မှာလဲ သူဇာရယ်"



"လာပါ၊ ဘာများထူးခြားမလဲလို့ပေါ့"

နန်းသူဇာက ပြောပြောဆိုဆို မညွန့်၏လက်ကိုဆွဲ၍ ဘုရားရင်ပြင်တော်မှ တောင်အောက်သို့ ခပ်သွက်သွက်ဆင်းလာခဲ့တော့သည်။

တောင်အောက်သို့ရောက်တော့ ကိုဆံရှည်၏ အရိပ်အရောင်ကို မမြင်ရတော့။

"ကဲ ... သူဇာရေ၊ အစ်မတို့ ပြန်ကြရအောင်"

နန်းသူဇာက ဟိုဟိုဒီဒီ ကြည့်ရင်း မကျေမနပ်နှင့် ရေရွတ်လိုက်သည်။

"ဘယ်လိုလုပ်ပြီး ပျောက်သွားလဲ မသိဘူး"

"လာပါ သူဇာရယ်၊ တွေ့မှမတွေ့တော့တာ"

မညွန့်က ဖွတ်အတင်းခေါ်နေသဖြင့် နန်းသူဇာသည် လက်လျှော့ကာ အပြန်လမ်းဘက်သို့ ဦးတည်လိုက်သည်။

"အစ်မတို့ မြင်းလှည်းစီးပြီး ပြန်ကြမယ်နော်"

"ဟင့်အင်း ... သူဇာ လမ်းလျှောက်ချင်သေးတယ် အစ်မ။ အညောင်းလည်းပြေ၊ ကျန်းမာရေးလည်း ကောင်းတာပေါ့၊ သူဇာတို့ ရန်ကုန်မှာဆိုရင် ခုလို လွတ်လွတ်လပ်လပ်နဲ့

www.burmeseclassic.com



သဘာဝရှုခင်းအရသာခံပြီး လျှောက်စရာနေရာ မရှိဘူး အစ်မရဲ့"

"ကဲ ... သူ့ဖာသာသဘော၊ သူ့ဖာသာသဘော"

မညွန့်လည်း ပြောမရသည့်အဆုံး နန်းသူဇာ အလိုကျ လမ်းလျှောက်ရတော့သည်။

"သူဇာက အတော်သတ္တိကောင်းတာပဲ၊ ဟိုလူကိုပြန်ပြီး ရဲရဲတင်းတင်း ရင်ဆိုင်ပြီး ကြည့်ပစ်လိုက်တာ"

"ဒါကတော့ သတ္တိကောင်းလွန်းလို့တော့ မဟုတ်ဘူး အစ်မ ညွန့်ရဲ့၊ လူတွေက သူတို့ ကိုယ့်ကိုကြည့်တာ ဘာသဘော နဲ့လဲ၊ ကိုယ်ကရော သူတို့ကိုပြန်ကြည့်တာ ဘယ်လိုသဘော မျိုးလဲဆိုတာ ရှိတယ် ...

ယောကျ်ားတွေက မိန်းကလေးတွေကို ကြည့်တဲ့နေရာမှာ စိတ်ဝင်စားလို့ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် တစ်စုံတစ်ခုကို သိချင်လို့ကြည့်တာ၊ ဖြစ်ချင်ဖြစ်မယ်၊ ဒီအပေါ်မှာ ကိုယ်က ရှက်ကိုးရှက်ကန်းနဲ့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရင် သူတို့က တစ်ဆင့်တိုးပြီး ရဲတင်းလာနိုင်တယ် ...





ဒီတော့ ကိုယ်က ပွင့်ပွင့်လင်းလင်းပုံစံနဲ့ ဟန်မဆောင်ပဲ စူးစမ်းတဲ့အကြည့်နဲ့ ပြန်ကြည့်လိုက်ရင် သူတို့နောက်ဆုတ်သွားလိမ့်မယ်၊ သတ္တိသိပ်ကောင်းနေလို့တော့ မဟုတ်ပါဘူး၊ ရိုးရိုးသားသား ရင်ဆိုင်ကြည့်လိုက်တာပါ"

"သူဇာ ပြောတာကို ကြားတော့ အစ်မ အတော်သဘောကျသွားတယ်၊ ဟုတ်တယ်နော်၊ ရှက်လို့ကြောက်လို့ ပြန်ကို မကြည့်ရဲတာ"

နန်းသူဇာနှင့် မညွန့်တို့ နှစ်ဦးသား စကားတပြောပြောနှင့် လမ်းလျှောက်လာရင်း လမ်းကွေ့တစ်ခုသို့ ရောက်လာ၏။

"မညွန့်"

"အင်"

နောက်မှခေါ်သံကြောင့် မညွန့် အလန့်တကြားလှည့်ကြည့်လိုက်သည်။

"ဟယ် ... ကိုပု၊ လန့်လိုက်တာ"

နောက်မှလှမ်းခေါ်သူမှာ ဒရိုင်ဘာကိုပု ဖြစ်သည်။ သက်ထဲမှာလည်း ပုလင်းတစ်လုံးကိုင်လျက်။

"ငါက တစ္ဆေသရဲမို့လို့ လန့်ရတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရုတ်တရက်ဆိုတော့ လန့်တာပေါ့"

"မမလေးနဲ့ နင်နဲ့ ဘယ်ကပြန်လာကြတာလဲ"

"သူ့အခါက ဆုတောင်းပြည့်ဘုရား သွားချင်တယ်ဆိုလို့ လိုက်ပို့တာ၊ ဘုရားဖူးပြီး လမ်းလျှောက်ပြန်လာတာလေ"

"မြင်းလှည်းနဲ့ မပြန်ကြဘူးလား"

"သူ့အခါက ကျန်းမာရေးအတွက် လမ်းလျှောက်ချင်လို့ မြင်းလှည်းမစီးတာပါ ကိုပု"

"ဩော်"

"ဒါနဲ့ ကိုပုက ပုလင်းတစ်လုံးနဲ့ ဘယ်ကပြန်လာတာလဲ"

"အင်ဂျင်ဝိုင် လာဝယ်တာလေ၊ အိမ်ကကားမှာ အင်ဂျင်ဝိုင် လျော့နေလို့"

"ဩော် ... ကိုပု၊ ကျုပ်တို့ ဘုရားပေါ်မှာ လူတစ်ယောက်က စူးစူးစိုက်စိုက်နဲ့ ကြည့်နေတာ တွေ့ခဲ့ရတယ်၊ အဲဒီလူကို ကျုပ်မြင်ဖူးသလိုတော့ရှိတယ်၊ ဘယ်မှာမြင်ဖူးမှန်းမသိ ဖြစ်နေတာ"

"ဘယ်လိုပုံစံမျိုးလဲ"





"ဆံပင်ကရှည်ရှည်၊ အရပ်ကပုပုပျပ်ပျပ်နဲ့ အသားကခုနီကြောင်ကြောင်"

"ရှမ်းဘောင်းဘီ ဝတ်ထားလား"

"အင်း ... ဟုတ်တယ် ... ဟုတ်တယ်၊ ဒါနဲ့ ကိုပုက အဲဒီလူကို သိလို့လား"

"နင်ပြောတဲ့ပုံစံဆိုရင် စိုင်းမောင်မောင် ဖြစ်များနေမလားလို့"

"စိုင်းမောင်မောင် ဆိုတာ"

နန်းသူစာက သိလိုဇောနှင့် ကြားဖြတ်မေးလိုက်သည်။

"စိုင်းမောင်မောင်ဆိုတာ ဒေါ်လေးနန်းမှ အရင်အိမ်ထောင်နဲ့ ရတဲ့သားလေ၊ အိမ်ကို နှစ်ခါလောက် လာဖူးတယ်၊ ဒေါ်လေးနန်းမှုက အလာမခံချင်ဘူး၊ အတင်းနှင်လွှတ်တာ"

"ဒေါ်လေးက ဘာဖြစ်လို့ နှင်လွှတ်တာလဲ"

"စိုင်းမောင်ကောင်ဟာ တော်တော်ဆိုးတယ်လို့ သတင်းကြားတယ်၊ ငယ်ငယ်ကတည်းက ဆိုးလို့ပေလို့ ပစ်ပယ်ထားတာတဲ့၊ ခုလည်း မကောင်းမှုဒုစရိုက်လုပ်ငန်းမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ လုပ်နေလို့ အိမ်ကိုအလာမခံတာတို့ ဒေါ်လေးနန်းမူက ပြောတယ်"

"ဦးလေးရဲ့သဘောကရော"

"ဦးလေးကတော့ အဆိုးအကောင်း ဘာမှဝင်မပြောပါဘူး၊ ဒေါ်လေးကတော့ သူ့သားကို အတော်စိတ်နာ စိတ်ကုန်နေပုံရတယ်၊ ပြီးတော့ ဒီအိမ်ကြီးနဲ့လည်း သူ့သားကိုမပတ်သက်စေချင်ဘူး ထင်ပါရဲ့"

"အေး ... ဟုတ်တယ် ကိုပု၊ ကျုပ်တို့တွေ့ခဲ့တာ ဒေါ်လေးရဲ့သား စိုင်းမောင်မောင်ပဲ၊ ကျုပ် တွေ့ဖူးပါတယ်လို့တော့ တွေးမိသား"

"စိုင်းမောင်မောင်က ဒီမြို့မှာနေတာတော့ မဟုတ်ဘူး၊ ရှမ်းသာရဲ့အနောက်ဘက်က ရွာတစ်ရွာမှာနေတာလို့တော့ သတင်းကြားတယ်"

နန်းသူဇာက မျက်မှောင်ကြုတ်၍ စဉ်းစားနေရင်းမှ ...

"ကိုပုကို သူဇာ တစ်ခုအကူအညီတောင်းချင်တယ်"

"ပြောလေ မမလေး"



"အဲဒီစိုင်းမောင်မောင်ဆိုတဲ့လူရဲ့ အကြောင်း စုံစမ်းပေးပါလား"

"မမလေးက ဘာလုပ်မလို့လဲ"

"သိထားရတာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ်က ကြိုသိထားရတာ အကျိုးတော့ မယုတ်နိုင်ပါဘူး"

"စိတ်ချ မမလေး၊ ကျွန်တော် သေသေချာချာ စုံစမ်းပေးပါမယ်"

ခြံအနီးသို့ ရောက်ရှိလာပြီမို့ ပြောလက်စ စကားများကို အစသတ်လိုက်ကြသည်။ ခြံထဲသို့ ဝင်လိုက်သည်နှင့် အိမ်ရှေ့မှာ ထွက်မျှော်နေသော ဒေါ်လေးနန်းမူကို တွေ့လိုက်ရသည်။

✤ ● ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

နှင်းမြူမှုန်တို့က တဖွဲဖွဲ ကျဆင်းလျက်ရှိသည်။ အအေးဓာတ်ကလည်း ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံလျက်ရှိသည်။

ထူထဲသော နှင်းမှုန်တို့ကြောင့် နေရောင်ခြည်က မထိုးဖောက်နိုင်သေး။

နန်းသူဇာတစ်ယောက် နံနက်စောစောထ၍ ဦးလေးဘသော်နှင့် လိမ္မော်ခြံသို့ လိုက်လာခဲ့သည်။ ရှခင်းသာသို့ ရောက်ကတည်းက လိမ္မော်ခြံသို့ တစ်ခေါက်မျှ မရောက်ဖူးသေး။ ထို့ကြောင့် ဦးလေးဘသော်နှင့် ရောက်လာခြင်းဖြစ်သည်။





လိမ္မော်ခြံသို့ ရောက်တော့ နံနက်ရှစ်နာရီပင်မထိုးသေး။ လိမ္မော်ခြံလုပ်သားတို့က အလုပ်ရှုပ်နေကြပေပြီ။ ခူးဆွတ်ထားသော လိမ္မော်သီးများကို ဂိုဒေါင်ထဲသို့ ပို့ဆောင်နေကြသည်ကို တွေ့ရသည်။

ဦးဘသော်က လိမ္မော်သီးများထားရှိသော ဂိုဒေါင်သို့ လမ်းလျှောက်သွားသည်။

"ဦးလေး ... သူဇာ လိမ္မော်ခြံထဲ လျှောက်ကြည့်ဦးမယ်"

"အေး ... အေး၊ သိပ်အဝေးကြီးလည်း မသွားနဲ့ဦး"

"ဟုတ်ကဲ့"

နန်းသူဇာလည်း ခြံအတွင်းရှိ လိမ္မော်ပင်များကို လိုက်လံကြည့်ရှု ငေးမောနေလေသည်။ လိမ္မော်သီးများမှာ ခူးဆွတ်ပြီးပြီမို့ လိမ္မော်ပင်တွင် အသီးများမရှိတော့။ သို့သော် မျက်စိမှောက်၍ ကျန်ခဲ့သော လိမ္မော်သီးတစ်လုံးစ နှစ်လုံးစကို တွေ့ရသေးသည်။

ဝင်းမှည့်စိုပြည်နေသော အပင်ကျန် လိမ္မော်သီးတစ်လုံးကို နန်းသူဇာ ခူးလိုက်သည်။ လက်ထဲသို့ လိမ္မော်သီးရောက်ရှိလာတော့ အေးမြသော အတွေ့အထိကို ခံစားလိုက်ရသည်။ အခွံကိုခွာပြီး လိမ္မော်သီးတစ်မွှာကို ပါးစပ်ထဲထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးမြပြီး ချိုမွှေးသော အရသာက လူကိုအမောပြေ လန်းဆန်းသွားစေသည်။ မြို့တွင်ရခဲ့သော ဗွာအတွင်း ထားရှိသော သီးနှံများနှင့်မတူ။ သဘာဝအအေးဓာတ်ဖြင့် အေးမြသော အရသာကား တန်ဖိုးမဖြတ်နိုင်အောင် ဖြစ်ရသည်။

နန်းသူဇာလည်း လိမ္မော်သီးစိပ်တစ်ခုကို ပါးစပ်ထဲ မြို့ထားရင်း ဟိုငေးသည်ငေးဖြင့် လျှောက်လာခဲ့သည်။ တဖြည်းဖြည်း ခြံလုပ်သားတို့နှင့် ဝေးလာခဲ့ပြီမို့ အသံများက တိတ်ဆိတ်ငြိမ်သက်လာသည်။

လိမ္မော်ရနံ့ပါသော လတ်ဆတ်သည့်လေကို ရှူရှိုက်ရင်း လျှောက်လာခဲ့သည့် နန်းသူဇာတစ်ယောက် လိမ္မော်ခြံကို ကျော်လွန်ပြီး သစ်ပင်ကြီးများ ထူထဲစွာ ပေါက်ရောက်နေသော တောစပ်သို့ ရောက်မှန်းမသိ ရောက်လာသည်။

စိမ်းမြသောတောအုပ်၊ အေးမြသောလေ၊ သာယာလှသော ငှက်မြည်သံတို့နှင့် လွှမ်းခြုံထားသော ပတ်ဝန်းကျင်အသစ်တွင် နန်းသူဇာ စီးမြောရင်း ဆက်လက်လျှောက်လှမ်းလာခဲ့သည်။

သဘာဝတရားကြီး၏ သာယာလှပမှုအောက်တွင် မိန်းမောနေသော နန်းသူဇာတစ်ယောက် ရုတ်တရက် ဆူညံစွာ



အော်ဟစ်ပျံတက်သွားသော ငှက်တစ်အုပ်၏အသံကြောင့် လက်ရှိအခြေအနေထဲ သတိပြန်ကပ်သွားသည်။ မိမိရောက်ရှိနေသောနေရာမှာ လိမ္မော်ခြံမဟုတ်တော့ဘဲ သစ်ကြီးဝါးကြီးများ ချုံနွယ်ပင်များ ပေါက်ရောက်နေသော တောအုပ်အတွင်း ရောက်ရှိနေမှန်း သတိပြုမိတော့သည်။

ငှက်သံတို့ တိတ်ဆိတ်သွားသည်နှင့် တောအုပ်မှာ ပြန်လည်ငြိမ်သက်သွားသည်။

နန်းသူဇာ ငြိမ်သက်၍ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းမှ တောတိုးသံသဲ့သဲ့ ကြားလိုက်ရသည်။ ဘာရယ်မှန်းတော့မသိ၊ တောတိုးသံနှင့်အတူ သစ်ရွက်ခြောက်တို့ကို ခပ်သွက်သွက် နင်းလျှောက်လာသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

ထိုစဉ် ...

အရှေ့ဘက်မှ သစ်ကိုင်းများကျိုးပဲ့သံနှင့်အတူ သစ်ပင်အုပ်များအကြားမှ ထွက်ပေါ်လာသော မည်းမည်းလုံးလုံး ပုံသဏ္ဌာန်တစ်ခုက လျင်မြန်သော အရှိန်ဖြင့် နန်းသူဇာထံ တစ်ဟုန်ထိုး ပြေးဝင်လာသည်။

www.burmeseclassic.com



နန်းသူဇာမှာ အမှတ်တမဲ့မို့ ကြက်သေ,သေပြီး ရပ်ကြည့်နေမိသည်။

"အို"

ရုတ်တရက် လက်မောင်းကို ဆောင့်ဆွဲခြင်းခံလိုက်ရပြီး အနောက်သို့ ယိုင်လဲသွားသည်။ သို့သော် မြေပြင်ပေါ်သို့ မရောက်။ နွေးထွေးသော ရင်ခွင်တစ်ခုအတွင်းသို့ အိခနဲ ရောက်သွားခြင်းဖြစ်သည်။

အထိတ်တလန့်ဖြင့် မော့ကြည့်ဖြစ်သည်။ လူရွယ်အမျိုးသားတစ်ဦး။ သူကတော့ နန်းသူဇာကို ဖက်ထားရင်းမှ ခပ်လှမ်းလှမ်းသို့ စူးစိုက်စွာ ကြည့်နေသည်။

နန်းသူဇာလည်း ထိုလူရွယ်၏ ရင်ခွင်တွင်းမှ ရုန်းထွက်လိုက်သည်။ ရှက်စိတ် ကြောက်စိတ်တို့ဖြင့် မွန်ထွန်သွားသည်။ လူရွယ်က နန်းသူဇာ၏ လက်မောင်းတစ်ဖက်ကိုတော့ ဆုပ်ကိုင်ထားဆဲ။

"ဟိုသစ်ပင်နောက်ကို သွားနေစမ်း"

အမိန့်သံဆန်သော စကားကြောင့် ထိုလူရွယ်ကို နန်းသူဇာ မကျေမနပ်ဖြင့် ကြည့်လိုက်သည်။





"ရှင်က ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ကျွန်မကို အမိန့်ပေးနေရတာလဲ"

မကျေမနပ်နှင့် လူရွယ်ကို ရန်တွေ့လိုက်သည်။ လူရွယ်က မိမိကိုမကြည့်။ ခပ်လှမ်းလှမ်းတောအုပ်ကိုသာ မျက်ခြည်မပြတ် ကြည့်နေသည်။

နန်းသူဇာ၏လက်မောင်းကို လက်တစ်ဖက်ဖြင့်ကိုင်ထားပြီး အခြားလက်တစ်ဖက်အတွင်း၌ လုံတံရှည်တစ်ချောင်းကို တင်းကျပ်စွာ ကိုင်ထားသည်။

"စကားမရှည်နဲ့၊ မြန်မြန်သွားစမ်း"

တိုတောင်းသော စကားသံနှင့်အတူ လက်မောင်းကို ကိုင်ထားသောလက်ဖြင့် ခပ်ကြမ်းကြမ်း တွန်းလွှတ်လိုက်သည်။ နန်းသူဇာမှာ တွန်းလိုက်သော အရှိန်ကြောင့် သစ်ပင်ဘေးသို့ ယိုင်လဲပြီး ရောက်ရှိသွားသည်။

"တောက်"

မိန်းမသားတစ်ဦးကို ယခုကဲ့သို့ ကြမ်းတမ်းစွာ တွန်းထိုးတတ်သော ယောကျာ်းကြီးကို မုန်းတီးစွာဖြင့် စူးစူးစိုက်စိုက်ကြည့်ရင်း တက်ခေါက်မိသည်။ စိတ်ထဲမှာတော့ မကျေနပ်မှုနှင့် ဒေါသတို့က ပေါက်ကွဲလုနီးနီး။



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်ကတော့ နန်းသူစာကို လုံးဝလှည့်မကြည့်ဘဲ လုံတံကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာကိုင်ရင်း ရှေ့တူရူသို့ မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်လျက်ရှိသည်။

မကြာမီ အခြေအနေမှန်က ပေါ်ပေါက်လာခဲ့သည်။

လူရွယ် စူးစူးစိုက်စိုက်ကြည့်နေသော သစ်ပင်အုပ်အတွင်းမှ ဝေါခနဲထွက်လာသော မည်းမည်းလုံးလုံးအရာကို ခုမှ ထင်ရှားစွာ သိလိုက်ရသည်။

အစွယ်အဖွေးသားနှင့် တောဝက်တစ်ကောင်။

ကိုယ်လုံးကိုယ်ထည်မှာ ခွေးတစ်ကောင်သာသာခန့်သာရှိပြီး ခြေနှင့်လက်တို့မှာ ခပ်တိုတိုနှင့် လျင်မြန်သောအရှိန်နှင့် လူရွယ်ထံသို့ ပြေးဝင်လာသည်။

လူရွယ်သည် လုံအမြီးပိုင်းကို သစ်ပင်ကြီးအရင်းတွင်ထောက်ပြီး လုံသွားကို တောဝက်ဘက်သို့ ဦးတည်ထား၏။

တောဝက်က လျင်မြန်သောအရှိန်ဖြင့် လူရွယ်ကို ဒေါသတကြီး ပြေးဝင်ပက်လိုက်သည်။ လေးလက်မခန့်ရှည်သော အစွယ်တို့ကား ဖွေးခနဲ။ နန်းသူစာလည်း မျက်လုံးထဲ ပြာဝေသွားတော့သည်။ တောဝက်၏အရှိန်ဖြင့် ပက်လိုက်သည့်ဒဏ်ကြောင့် လူရွယ် အသက်ပျောက်သွားနိုင်သည် မဟုတ်ပါလား။



ကျွီး ...

ကျယ်လောင်ပြီး နာနာကြည်းကြည်း အော်လိုက်သံကြောင့် နန်းသူစာ မျက်စိဖွင့်ကြည့်လိုက်သည်။

လူရွယ်၏လုံသွားသည် တောဝက်၏နှုတ်သီးမှဝင်ကာ ကုပ်မှဖောက်ထွက်ပြီး သွေးများပန်းထွက်နေ၏။ လူရွယ်က လုံကိုတင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားဆဲ။

ခဏနေမှ တောဝက်လည်း ငြိမ်သက်သွားတော့သည်။ သည်တော့မှ လူရွယ်လည်း လက်ထဲမှလုံတံကို လွှတ်လိုက်ပြီး သက်ပြင်းမောတစ်ချက် မှုတ်ထုတ်လိုက်၏။

"ဟူး"

ပြီးတော့မှ လူရွယ်က နန်းသူစာဘက် လှည့်ကြည့်လိုက်ကာ ...

"ကဲ ... အမိ၊ ထွက်လာလို့ရပြီ"

နန်းသူစာလည်း သစ်ပင်နောက်မှ ထွက်လာပြီး လူရွယ်အနားတွင် ရပ်လိုက်သည်။ လူရွယ် မိမိကို အော်ဟစ်တွန်းထုတ်ပစ်ခြင်းမှာ တောဝက်၏အန္တရာယ်ကြောင့်မှန်း သိရပြီးနောက် နန်းသူစာမှာ လူရွယ်ကို အားနာသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အမိက ဒီကို ဘာလာလုပ်တာလဲ"

"ဟို ... ကျွန်မက လိမ္မော်ခြံထဲ လျှောက်ကြည့်ရင်း ဒီဘက်တောစပ်ဘက်ကို ရောက်လာတာပါ။ ခုလို ကျွန်မကို ကယ်လိုက်တာ ကျေးဇူးတင်ပါတယ်"

"မလိုဘူး ... ရတယ်၊ ဒီတောဝက်က ဟိုဘက်စိုက်ခင်းတွေမှာ ဝင်သောင်းကျန်းနေတယ်ကြားလို့ ကျုပ် မနက်အစောကြီးကတည်းက ရှာနေတာ၊ တော်သေးတယ်၊ စောစောစီးစီး တွေ့လိုက်ရလို့ နို့မို့ဆိုရင် ဒီကောင် ဘယ်လောက်အထိ လူတွေကို ဒုက္ခပေးဦးမလဲ မသိဘူး"

နန်းသူဇာက လူရွယ်ကိုကြည့်ပြီး လေးစားသွားသည်။ မိန်းမပျိုတစ်ဦး၏အသက်ကို ကယ်တင်ပေးလိုက်သော ယောကျ်ားပျိုတစ်ဦးအနေဖြင့် ဂုဏ်ယူဝံ့ကြွားပြီး သူရဲကောင်းသဖွယ် ရင်ကော့ပြတတ်သော အမျိုးသားများပုံစံ မဟုတ်ဘဲ ကိုယ်လုပ်ရမည့်အလုပ်ကိုသာ အာရုံစိုက်လုပ်နေသူတစ်ဦးပုံစံမျိုး တွေ့လိုက်ရသောကြောင့် နန်းသူဇာ အထင်ကြီး လေးစားရခြင်း ဖြစ်ပါ၏။

"ရှင်က မုဆိုးလား"





"ဟုတ်ပါဘူး၊ ကျုပ်က ခြံအလုပ်သမားပါ၊ ကဲ ... အမိလည်း ပြန်တော့၊ တောထဲမှာ မိန်းကလေးတစ်ယောက်တည်း လျှောက်သွားနေတာ မကောင်းဘူး၊ အန္တရာယ်ရှိတယ်၊ ကျုပ်လည်း ပြန်မယ်"

ပြောပြောဆိုဆိုနှင့် ကျောခိုင်းထွက်ခွာသွားသော လူရွယ်ကိုကြည့်ပြီး စိတ်တိုမိသည်။

တကယ်ဆို မိန်းမပျိုလေးတစ်ဦးတည်း ပြန်ရမည့်နေရာကိုမေးသင့်သည်။ ဘယ်ကိုပြန်မှာလဲတို့၊ လိုက်ပို့ပေးမယ် အစရှိသည့်စကားများကိုတော့ ပြောသင့်သည် မဟုတ်ပါလား၊ ခုတော့ ...

"အို ... ငါက ဘာကို ဂရုစိုက်နေရမှာလဲ"

ကိုယ့်မာနနှင့်ကိုယ်မို့ လိမ္မော်ခြံဘက်သို့ ပြန်လျှောက်လာခဲ့သည်။

လိမ္မော်ခြံအလယ်လောက်အရောက်တွင် ဦးလေးဦးဘသော်နှင့် ခြံအလုပ်သမားသုံးဦးကို တွေ့လိုက်ရသည်။

"သမီး ဘယ်တွေလျှောက်သွားနေတာလဲ၊ ဦးလေးတို့ဒီဘက်ပူလို့ လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



“သမီးက လိမ္မော်ခြံထဲ လျှောက်ကြည့်နေတာပါ၊ မှစရာမရှိ ရှက်စောဆ၊ ဦးလေးကလည်း”

နန်းသူဇာက ရယ်ရယ်မြူးမြူးနှင့် ပြောလိုက်မှ ဦးလေး ဘသော်မျက်နှာတွင် ပေါ်လွှင်နေသော စိုးရိမ်သောကရိပ်များ လျော့ကျသွားတော့သည်။

“ကဲ … လာ သမီး၊ ခြံထဲကအိမ်ကို သွားရအောင်၊ သမီး လေးလည်း လျှောက်လည်ရတာ မောရောပေါ့”

ဦးလေးက ဦးဆောင်ပြီး ခြံတွင်းရှိအိမ်သို့ ခေါ် ဆောင်လာခဲ့သည်။

လိမ္မော်ခြံ၏အစွန်ဘက် တောင်ကုန်းလေးပေါ်တွင် တည်ဆောက်ထားသော အိမ်လေးကို နန်းသူဇာ လှမ်းမြင်လိုက် ရသည်။

“ဟယ် … လှလိုက်တာတော့”

နန်းသူဇာက ကလေးငယ်တစ်ဦးလို နှုတ်မှလှစ်ခနဲ စကားသံ ထွက်သွားသည်။ ပြီးမှ အနီးတွင်ပါလာသော ခြံအလုပ် သမားကြီးများကို သတိရပြီး လျှာတစ်လစ်ကလေးဖြစ်ပြီး နှုတ် ဆိတ်သွားရသည်။





နန်းသူဇာ ပြောမယ်ဆိုလျှင်လည်း ပြောစရာပင်။ အိမ်ငယ်လေးမှာ သပ်သပ်ရပ်ရပ် ဆောက်ထားသည်။ အပြင်ဘက် ဝရန်တာမှာ တစ်ဖက်တည်းထားခြင်း မဟုတ်ဘဲ အိမ်လုံးကိုပတ် လည်ဆောက်ထားခြင်းဖြစ်သဖြင့် အိမ်လေးမှာ အနောက်တိုင်း ဆန်နေသည်။ ပြီးတော့ နေချင့်စဖွယ်ပင်။

အိမ်အတွင်းလမ်းလေးမှာ မြေနီလမ်းလေးဖြစ်ပြီး တစ် ဖက်တစ်ချက်တွင် ကျောက်တုံးများဖြင့် စီထားသည်။

အိမ်ပေါ်ရောက်သည်နှင့် နန်းသူဇာ တစ်ယောက် အိမ်တွင်းသို့ မဝင်သေးဘဲ ဝရန်တာတစ်လျှောက်ပတ်၍ ကြည့် လိုက်သည်။

အရပ်ရှစ်မျက်နှာရှိ ပတ်ဝန်းကျင်ရှုခင်းများကို အပေါ် စီးမှကြည့်နိုင်သဖြင့် နန်းသူဇာ ကြည့်မဝရှုမဝ ဖြစ်နေရသည်။

“မမလေး အနားယူပြေစားဖို့အတွက် အိမ်ထဲကို လာပါတဲ့၊ ဦးလေးဘသော် စောင့်နေပါတယ်”

လိမ္မော်ခြံအလုပ်သမလေးတစ်ဦးက လာ၍ခေါ်သဖြင့် အိမ်အတွင်းသို့ လိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ အိမ်တွင်းမှာ သပ်ရပ်သန့်ရှင်းလျက် နေချင့်စဖွယ်ဖြစ်သည်။

ထမင်းစားခန်းအတွင်း၌ စားပွဲတစ်လုံးနှင့် ထိုင်ခုံလေးလုံးချထားသည်ကို တွေ့ရသည်။ ဦးလေးဘသော်ကတော့ စားပွဲတွင် ထိုင်နေပြီဖြစ်သည်။

"သမီး ... လာ"

နန်းသူဇာ စားပွဲတွင်ဝင်ထိုင်လိုက်သည်နှင့် ခြံအလုပ်သမလေးက ထမင်းကြော်တစ်ပွဲ လာရောက်ချပေးသည်။ ထမင်းကြော်မှာ ကြက်ဥကြော်နှင့်ဖြစ်သည်။

စောစောက လမ်းအတော်လျှောက်လိုက်၍ထင်သည်။ ယခုမှ ဗိုက်အတော်ဆာနေမှန်း သတိထားလိုက်မိသည်။

ထမင်းကြော်ကို ဆာဆာနှင့် စားလိုက်သည်မှာ တစ်ပန်းကန်လုံး ပြောင်သွားတော့သည်။ ထမင်းကြော်စားပြီးသည်နှင့် ကော်ဖီတစ်ခွက်လည်း ရောက်ရှိလာသည်။

ကော်ဖီခွက်ကို ကိုင်မည်ပြုစဉ် အခန်းတွင်းသို့ ဝင်လာသူတစ်ဦးကို လှမ်းမြင်လိုက်ရသဖြင့် ရင်ထဲဒိန်းခနဲ ဖြစ်သွားရသည်။





"အို"

အခန်းတွင်းသို့ ဝင်လာသူမှာ သူမနှင့် စောစောက တောစပ်တွင်တွေ့ခဲ့သော သူမအသက်ကို ကာကွယ်ပေးခဲ့သော လူရွယ်ဖြစ်နေသည်။

"ကဲ ... လာ မောင်မိုးကောင်း"

လူရွယ်က စားပွဲတွင် ဝင်ထိုင်လိုက်သည်။ နန်းသူဇာမှာ ဘာပြောရမည်၊ ဘာလုပ်ရမည်ကို မသိတော့။

"ဒါက နန်းမာလာရဲ့ညီမ နန်းသူဇာတဲ့၊ ရန်ကုန်က ရောက်လာတာ၊ လိမ္မော်ခြံထဲ မရောက်ဖူးသေးလို့ ခေါ်လာတာလေ၊ သမီး ... သူကတော့ မောင်မိုးကောင်းတဲ့၊ ဒီ လိမ္မော်ခြံကြီး ပိုးမွှားကင်းဖို့ အသီးကောင်းဖို့ တာဝန်ယူလုပ်ပေးနေတဲ့ ပညာရှင်ပေါ့"

"သြော် ... မာလာရဲ့ညီမကိုး"

မိုးကောင်း ဆိုသူက ထိုမျှသာပြောပြီး ကော်ဖီကို သောက်နေလိုက်သည်။

နန်းသူဇာမှာ မိုးကောင်းဆိုသူကို အံ့သြလေးစားစွာ လှမ်းကြည့်မိသည်။ မိမိကို တောဝက်ရန်မှ မည်သို့ကာကွယ်ခဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



မည်သို့စွန့်စားရပုံတို့ကို အားတက်သရော ပြောမည့်အစား ယခု မှတွေ့ အညွှိုပုံစံမျိုးဖြင့် ဆက်ဆံပြောဆိုလိုက်သဖြင့် နန်းသူဇာ စိတ်ထဲတွင် အခြားယောက်ျားများနှင့်မတူ ထူးခြားသူဟု မှတ်ချက်ချမိသည်။

"မောင်မိုးကောင်း ... မနက်က တောဝက်တစ်ကောင်တွေ့တယ်ဆို"

"ဟုတ်ကဲ့၊ စိုက်ခင်းတွေကို ဝင်ဖျက်နေတဲ့ တောဝက်ပါ၊ သေသွားပါပြီ၊ ရွှေမျောက်တို့ သွားသယ်ကြတယ်လေ"

စကားပြောနေကြစဉ် အပြင်မှအသံနှင့်အတူ လူတစ်ယောက် ဝင်လာသည်။

"ဆရာမိုးကောင်း လက်ကတော့ စိတ်ချရတယ်၊ ဒီမနက် တောဝက်သားဟင်းနဲ့ ထမင်းကျွေးရမယ်"

ထိုလူ၏ပုံစံမှာ ရယ်ဖွယ်ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် အရပ်မှာ လေးပေခန့်မျှသာရှိပြီး လူကောင်သေးသေးလေးဖြစ်သည်။ သန်မာပုံတော့ရ၏။

"ကဲ ... ဦးလေး၊ ကျွန်တော် အလုပ်သမားတွေကို တောဝက်သား ခွဲဝေပေးလိုက်ဦးမယ်"





"အေး ... အေး"

မိုးကောင်းနှင့် ကိုရွှေမျောက်တို့ အခန်းတွင်းမှ ထွက်သွားကြသည်။

"သူတို့က ဒီခြံက အလုပ်သမားတွေပေါ့"

နန်းသူဇာ၏အမေးကို ဦးလေးက သဘောကျသွားပုံရသည်။ တစ်ချက်ပြုံးလိုက်။

"သမီးပြောသလို အလုပ်သမားလို့လည်း ပြောလို့ရတယ်၊ ကျေးစူးရှင်လို့လည်း ပြောလို့ရတယ်"

"ရှင်"

"ဒီလိုသမီးရဲ့၊ မောင်မိုးကောင်းရဲ့နာမည်အပြည့်အစုံက မိုးကောင်းကင်တဲ့၊ စိုက်ပျိုးရေးဘွဲ့ရ ပညာတတ်တစ်ဦးပေါ့၊ ဦးလေးတို့လိမ္မော်ခြံ ပိုးတွေကျပြီး ပျက်စီးတဲ့အချိန်မှာ သူ့ကိုခေါ်ပြီး အကူအညီတောင်းရတယ်၊ သူ့ရဲ့လုပ်ဆောင်မှုတွေကြောင့် လိမ္မော်ခြံဟာ ခုလိုဆက်လက်ရပ်တည်နိုင်ခဲ့တာပေါ့၊ မောင်မိုးကောင်းလည်း ဒီခြံမှာပဲဆက်နေပြီး ပြုစုပျိုးထောင်ပေးနေတာ၊ ပြီးတော့ ခြံအလုပ်သမားတွေကလည်း သူ့ကို ချစ်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကိုရွှေမျောက် ဆိုတာကရော"

"ရွှေမျောက်ရဲ့ နာမည်အရင်းက ရွှေမြတဲ့ သစ်ပင်တက် အရမ်းကျွမ်းကျင်တာ၊ ပြီးတော့ သူ့လက်တွေက သန်မာတယ်၊ မြဲမြဲတယ်၊ ဒါကြောင့် သူ့ကို ရွှေမြ ဆိုတဲ့ နာမည်ကနေ ရွှေမျောက်လို့ ခေါ်ကြတာ"

"သူတို့က ဘယ်မှာနေကြလဲ"

"မောင်မိုးကောင်းနဲ့ ရွှေမျောက်က ဒီအိမ်မှာ နေကြတာ၊ ရွှေမျောက်က သူ့ဆရာမောင်မိုးကောင်းကို ချက်ပြုတ်ကျွေးမွေးတယ်လေ"

"ယောက်ျားလေးတွေနေတဲ့ အိမ်ကလည်း သန့်ရှင်းသပ်ရပ်နေပါလား"

"သူတို့က စည်းကမ်းရှိတယ် သမီးရဲ့၊ လုပ်တာကိုင်တာ နေတာထိုင်တာ စားတာသောက်တာ အားလုံး စည်းကမ်းရှိတယ်"

နန်းသူဇာတို့ တစ်ဝရီး ထိုနေ့က တောဝက်သားဟင်းဖြင့် စားကောင်းကောင်းနှင့် ဗိုက်တင်းအောင်စားကာ တစ်နေကုန် လွတ်လပ်ပေါ့ပါးစွာ နေခဲ့ကြပါ၏။ ညနေစောင်းမှ ဒရိုင်ဘာကိုပု





လာကြိုသည့်ကားဖြင့် ဦးလေးနှင့်အတူ နံ့သာမြိုင်စံအိမ်သို့ [illegible] ကြသည်။

ထိုနေ့ညက နန်းသူဇာ တော်တော်နှင့် အိပ်မပျော်။ မနက်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်က ယခုထက်တိုင် ရှင်တလှပ်လှပ်ဖြင့် မြင်ယောင်နေဆဲ။

ကိုမိုးကောင်းမှာ အရပ်အမောင်း မြင့်မားသူတစ်ယောက်ဖြစ်သည်။ အရပ်မြင့်သလောက် ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ ကျစ်လျစ်သန်မာသော ကြွက်သားတို့ဖြင့် အဆီပိုမရှိ၊ မျက်နှာမှာမူ ကြည့်ကောင်းသည့် အချိုးအစား မျက်နှာကျမျိုးဟု ခေါ်နိုင်သည်။ ချောမောသည်ဟု ဆိုရမည့်အစား ယောက်ျားတစ်ဦးရှိသင့်သည့် ခန့်ညားမှုမျိုးကို တွေ့ရသည်။ ဆံပင်မှာ မတိုမရှည်နှင့် လှိုင်းတွန့်လေးများကြောင့် မြင်တွေ့ရသူအဖို့ စိတ်ဝင်စားဖွယ်ကောင်းသော ရုပ်မျိုးဖြစ်သည်၊ အသားကညိုသောဘက်သို့ရောက်ပြီး စိုပြည်သည်။

ထိုထိုသော အရည်အချင်းမျိုးရှိသည့် လူရွယ်၏ ရင်ခွင်တွင်းသို့ ဆွဲသွင်းပွေ့ယူခံလိုက်ရသော နန်းသူဇာအဖို့ ရှေ့ရှင်တို့မှာ ပုစွန်ဆိတ်လေးများကဲ့သို့ တဆတ်ဆတ်ခုန်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတစ်ဦး၏ ပွေ့ဖက်မှုမျိုး မခံစားခဲ့ရဖူးသော နန်းသူဇာအဖို့ ကြက်သီးမွေးညင်းထမျှ တုန်လှုပ်ခဲ့ရသည်။ ယင်းအဖြစ်ကို ပြန်တွေးလိုက်တိုင်း ရင်များအခုန်မြန်ခဲ့ရသည်။

"ဟယ် ... ငါ့အတွေးတွေက ဘယ့်ကိုရောက်ကုန်ပါလိမ့်"

နန်းသူဇာက အတွေးတို့ကိုဖြတ်ပြီး အိပ်ပျော်ရန်သာ ကြိုးစားလိုက်သည်။ နှုတ်ခမ်းလေးကတော့ ပြုံးတုံ့တုံ့ ...။

✤ ✿ ✤



## အခန်း(၈)

"ဟော့ ... ဘာတွေလုပ်နေလဲ သူဇာ"

နောက်ဘက်မှ နှုတ်ဆက်စကားသံကြောင့် နန်းသူဇာ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

လက်ထဲတွင် အထုပ်များတစ်ပွေ့တစ်ပိုက်နှင့် ရုပ်လျက် ပြုံးစိစိနှင့် ကြည့်နေသည့် ကိုလှဝေကို တွေ့လိုက်ရသည်။

"သြော် ... ဘာရယ်မဟုတ်ပါဘူး၊ မနက်စောစော ခြံထဲဆင်းပြီး အညောင်းပြေ လမ်းလျှောက်နေတာပါ၊ ဒေါ်လေး အိမ်ထဲမှာရှိတယ်၊ သွားလေ"

နန်းသူဇာက ယဉ်ကျေးမှုအရ လေးလေးစားစား ပြန်လည်ပြောဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လာတာက ဒေါ်လေးဆီကို မဟုတ်ပါဘူး၊ ဟောဒီက သူဇာ့ဆီကို လာတာ"

"ရှင်"

နန်းသူဇာက အံ့သြစွာရေရွတ်ရင်း ကိုလှဝေကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ် သူဇာ၊ ကိုယ်လာတာက ဟောဒီလက်ဆောင်လေးတွေ သူဇာ့အတွက် ယူလာတာ"

"လက်ဆောင်"

နန်းသူဇာက နားမလည်စွာဖြင့် ရေရွတ်လိုက်မိသည်။ ဟိုနေ့ကမှ တစ်ခါတွေ့ဆုံဖူးသူ လူတစ်ယောက်က လက်ဆောင်များ လာပေးနေပါလား။

"ရှခင်းသာမြို့က အရမ်းအေးတယ်လေ၊ သူဇာက ရန်ကုန်ကလာတာဆိုတော့ ဒီကအအေးဒဏ်ကို ခံနိုင်ဖို့ အနွေးထည်ကောင်းကောင်း လိုတာပေါ့၊ ဒါကြောင့် ကိုယ်ဝယ်လာတာ၊ အားလုံး နိုင်ငံခြားဖြစ် အကောင်းစားချည်းပဲ၊ အားလုံး သူဇာ့အတွက်"





ကိုလှဝေက စကားလည်းပြောရင်း လက်ဆောင်အထုပ်များကို နန်းသူဇာ့ထံ ထိုးပေးနေသည်။

"ဟင့်အင်း ကိုလှဝေ၊ ကျွန်မ ဒါတွေကို လက်မခံပါရစေနဲ့၊ ပြီးတော့ ကျွန်မမှာ အနွေးထည်အလုံအလောက်ပါပါတယ်၊ ဆောရီးနော်"

"အို ... ဒီလိုတော့ မပြောပါနဲ့ သူဇာရယ်၊ ဒါ ကိုယ့်ရဲ့ စေတနာပါ၊ ပြီးတော့ သူဇာနဲ့ကိုယ်က သူစိမ်းတွေမှမဟုတ်တာ"

"ကျွန်မ အားနာစွာနဲ့ပဲ ငြင်းဆိုပါရစေ၊ ကျွန်မ လက်မခံချင်တာကို စွတ်မပေးပါနဲ့"

"ဒီမယ် သူဇာ ... ကိုယ်က ..."

"ဟော ... မောင်လှဝေပါလား၊ ဘယ်တုန်းကရောက်လဲ၊ သမီးက ခေါ်ခဲ့ရောပေါ့၊ အိမ်ပြင်မှာ အေးကအေးသနဲ့"

ဒေါ်လေးနန်းမူ၏ အသံကြောင့် နန်းသူဇာ အကျဉ်းအကျပ်ကြားမှ လွတ်မြောက်သွားသလို ခံစားလိုက်ရသည်။

"ကဲ ... ကိုလှဝေ၊ အိမ်ထဲကို သွားပေတော့၊ ဟိုမှာ ဒေါ်လေး စောင့်နေတယ်၊ ကျွန်မမှာ အလုပ်ကလေး ရှိသေးလို့ သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာက ပြောပြောဆိုဆို ကိုလှဝေကို ကျော်ခိုင်းပြီး ထွက်ခဲ့သည်။

ခပ်လှမ်းလှမ်းကိုရောက်တော့ ခြံစောင့်ကြီး ဦးဖိုးချက်ကို တွေ့လိုက်ရသည်။

"မောင်လှဝေက ဘာတွေလာပေးတာတုံး"

"ကျွန်မအတွက် အနွေးထည်လက်ဆောင် လာပေးတာပါ အဘ"

"ဪ ... သူပေးတဲ့လက်ဆောင်ဆိုတော့ ဈေးအတော်ကြီးမယ့် အကောင်းစားတွေပေါ့"

"ဈေးကြီးတဲ့ အကောင်းစားတွေပါ၊ ဒါပေမဲ့ သမီး မလိုလို့ ငြင်းခဲ့တယ်"

"အို ... ဘာကြောင့်တုန်း"

"ဘယ်လောက်အဖိုးတန်တန် သမီးကမှ မလိုချင်တာ၊ အလကား ရှုပ်ရှုပ်ယှက်ယှက်"

"မောင်လှဝေပေးတဲ့ အနွေးထည်တွေက အတော်ပူမှာပဲ၊ အေးလေ ... မယူတာ ကောင်းပါတယ်"



ခြံစောင့်ကြီး ဦးဖိုးချက်က ပြောပြောဆိုဆို ခေါင်းတညိတ်ညိတ်နှင့် ထွက်သွားတော့သည်။

နန်းသူဇာသည် ဦးဖိုးချက်ကိုကြည့်ရင်း စဉ်းစားနေမိသည်။ ကိုလှဝေအပေါ်တွင် ဦးဖိုးချက် အမြင်ကြည်ဟန်မရှူ။

နံနက်စောစော ကြည်လင်နေသော စိတ်ကလေးမှာ ကိုလှဝေနှင့်တွေ့ပြီး နောက်ကျိသွားရသည်။

နန်းသူဇာသည် ဆတ်ခနဲ တစ်ချက်ခါလိုက်ပြီး ခေါင်းထဲမှ ရှုပ်ထွေးနေသော အတွေးများကို ရှင်းလိုက်သည်။ ထို့နောက် ခြံပြင်သို့ထွက်၍ ဦးတည်ရာဘက်သို့ လျှောက်သွားလိုက်တော့သည်။

လမ်း၏ဝဲယာနှစ်ဖက်တွင် ထင်းရှူးပင်ကြီးများနှင့် အပင်ကြီးများက ထူထပ်စွာ ပေါက်ရောက်နေသည်။ သည်ဘက်တွင် ခြံကျယ်ကြီးများဖြစ်သဖြင့် တစ်အိမ်နှင့်တစ်အိမ် အလှမ်းဝေးလှသည်။

သစ်ပင်ကြီးများကြောင့် လမ်းပေါ်သို့ နေရောင်က မရောက်။ စိတ်ထွေထွေဖြင့် အပြင်သို့ ထွက်လာသော နန်းသူဇာမှာ အနွေးထည်အပါးလေးနှင့်သာမို့ အအေးဒဏ်ကြောင့် ချမ်းစိမ့်

၆

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ အိမ်ဘက်သို့ မပြန်ချင်သေးသဖြင့် အအေးဒဏ်ကို အံတုရင်း ခပ်သွက်သွက်လျှောက်ဖြစ်သည်။

အတော်လေး လျှောက်လိုက်မိချိန်တွင် လမ်းသည် ကုန်းဆင်းပိုင်း ဖြစ်လာသည်။ သည်ဘက်အပိုင်းတွင် မြဲဝင်းနှင့် အိမ်ငယ်များကို တွေ့လာရသည်။ သစ်ပင်ကြီးများ ပါးသွားပြီး နေရောင်ကို မြင်ရပြီ။ သို့သော် အအေးဓွေ့ပါသောလေက ဗိုက်ခတ်လျက်ရှိနေသဖြင့် ပို၍ပင် ချမ်းလာသယောင်။

ခပ်လှမ်းလှမ်းတွင် မီးခိုးများ အူထွက်နေသော အကြော်တဲလေးတစ်လုံးကို တွေ့လိုက်ရသည်။ အမျိုးသမီးသုံးလေးဦးခန့် ခုံတစ်လုံးတွင် အကြော်စားနေကြသည်ကိုကြည့်ရင်း ဗိုက်စာဆာလာသည်။ ထို့ကြောင့် နန်းသူဇာ တစ်ယောက်အကြော်တဲလေးထဲသို့ ဝင်ရောက်လိုက်သည်။ အကြော်များမှာ ဂေါ်ရခါးသီးနှင့် မုန့်နှစ်ကြော်၊ တို့ဟူးကြော်၊ ကြက်သွန်ကြော် အစရှိသည်ဖြင့် စုံလင်လှသည်။ ထို့ကြောင့် အကြော်တစ်ပွဲမှာပြီး အကြော်ဖိုအနားတွင် ထိုင်လိုက်သည်။

အကြော်ဖိုမှ မီးအရှိန်ကြောင့် နွေးသွားရသည်။ နန်းသူဇာက ရေနွေးတစ်ခွက်ငှဲ့ရင်း ပတ်ဝန်းကျင်ကိုကြည့်လိုက်





တော့ သူမအား အကြော်စားရင်း ကြည့်နေကြသော အမျိုးသမီးများကို တွေ့လိုက်ရသည်။

ထို့ကြောင့် ပြုံးပြရင်း ...

"ကျွန်မလည်း ဗိုက်ဆာလို့ အကြော်ဝင်စားတာ"

ပြုံးပြုံးရယ်ရယ်နှင့် ပြောလိုက်သော နန်းသူဇာ၏ စကားကြောင့် အမျိုးသမီးများက ပြန်လည်ပြုံးရယ်ပြကြသည်။ တကယ်တော့ ချောမောလှပသည့် မြို့သူမလေးတစ်ယောက်က ယခုကဲ့သို့ ပြုံးရယ်ပြီး စကားပြောခဲ့လိုက်ရသဖြင့် ကျန်ရှိသူအမျိုးသမီးများမှာ ကျေနပ်ဝမ်းသာသွားပုံရသည်။

"ကျွန်မနဲ့အတူ အကြော်စားရအောင်၊ လာကြပါလား"

နန်းသူဇာ၏ဖိတ်ခေါ်ချက်ကို အမျိုးသမီးများတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ထလာကြသည်။ ပြီးမှ နန်းသူဇာ ထိုင်သော စားပွဲဝိုင်းတွင် ဝင်ရောက်ထိုင်ကြသည်။

"အစ်မတို့က ဒီရွာခင်းသားကပဲလား"

"မဟုတ်ဘူး၊ ကျုပ်တို့က ဟိုဘက်နားကရွာမှာနေတာ၊ တောင်ယာစိုက်တယ်လေ၊ မနက်က ဂေါ်ရခါးသီးနဲ့ဘူးသီးတွေ ဈေးထဲသွားပို့ပြီးအပြန် အကြော်ဝင်စားတာ"



www.burmeseclassic.com

www.burmeseclassic.com



တောင်သူအမျိုးသမီးများမှာ နန်းသူဇာလို ချောမော လှပ[illegible]တော်မီသော မိန်းမပျိုလေးနှင့်အတူထိုင်၍ စကားပြောရသည်ကို သဘောကျ ကျေနပ်နေဟန်ရှိသည်။

"ညီမက ဒီကမဟုတ်ဘူးထင်တယ်၊ အရင်က ဒီမှာမမြင်ဖူးပါဘူး"

"ကျွန်မက ရန်ကုန်က လာတာပါ၊ အခု နံ့သာမြိုင်စံအိမ်ကြီးမှာ နေတာလေ"

"အိုး ..."

တောင်သူအမျိုးသမီးသုံးဦးထံမှ ထိတ်လန့်အံ့သြသောအသံများ ထွက်ပေါ်လာသည်။ ပြီးမှ ...

"ခြော် ... နံ့သာမြိုင်စံအိမ်ကြီးကဆိုတော့ ဟိုတလောက ဆုံးသွားတဲ့ မိန်းမချောလေး ... ဘယ်သူ"

"နန်းမာလာပါ၊ ကျွန်မရဲ့အစ်မပေါ့၊ ကျွန်မက နန်းသူဇာ"

"ငယ်ငယ်ချောချောနဲ့ ဆုံးသွားတာ နမြောစရာတော်၊ ဒါနဲ့ ဒီအိမ်ကြီးမှာ ညီမလာနေတော့ မကြောက်ဘူးလား"

"ရှင် ... ဘာဖြစ်လို့များလဲ"





"ဟိုလေ ... ဟို ... အဲဒီနံ့သာမြိုင်အိမ်ကြီးက သရဲခြောက်တယ်ဆို၊ တစ်မြို့လုံးမှာ အဲဒီသတင်း ထွက်နေလို့"

"အိုဟယ် ... နင်ကလည်း၊ မိန်းကလေးကို အားနာစရာ"

"အားမနာပါနဲ့ အစ်မရဲ့၊ ကျွန်မကလည်း အဲဒီကိစ္စကိုသိချင်နေတာ၊ အစ်မတို့ သိသလောက် ပြောပြပါလား"

"အစ်မတို့လည်း သူများတွေ ပြောသလောက်ပဲ သိရတာပါ၊ အဲဒီ နံ့သာမြိုင်စံအိမ်ကြီးက သရဲခြောက်တယ်တဲ့၊ ညီမရဲ့အစ်မ ဘယ်သူ ... နန်းမာလာ ... အေး ... အဲဒီ မိန်းမကလေးလည်း သရဲခြောက်ခံရလို့ ဆုံးသွားတာလို့ အားလုံးက ပြောနေကြတာလေ"

"ဘယ်လိုတွေ ခြောက်တယ်တဲ့လဲ အစ်မ"

"အမျိုးမျိုး ပြောကြတာပေါ့၊ မည်းမည်းအကောင်ကြီးကို တချို့က မြင်ရတယ်လို့တောင် ပြောတယ်၊ ဒီအိမ်ကြီးက ဟိုးအင်္ဂလိပ်လက်ထက်က အိမ်ကြီးဆိုတော့ မကျွတ်မလွတ်တဲ့ဟာတွေဘာတွေ ရှိနေမှာပေါ့၊ ဒါနဲ့ ညီမရော အခြောက်မခံရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ညတော့ အသံတွေ ကြားလိုက်ရတယ်၊ အကောင်တွေ ဘာတွေတော့ မမြင်ပါဘူး"

"ဟယ် ... ဒါတောင် ညီမက မကြောက်ဘူးလား၊ ငါတို့သာဆိုရင် အဲဒီနေရာမှာတင် အသက်ထွက်ပြီးသေမှာ"

"မကြောက်ဘူးတော့ ဘယ်ဟုတ်မလဲ အစ်မရယ်၊ ကြောက်တော့ ကြောက်တာပေါ့၊ ဒါပေမဲ့ ကိစ္စတစ်ခုကို တိတိကျကျသိရရင်တော့ ပိုကောင်းတာပေါ့"

"မသိရရင်လည်း နေပါစေ ညီမရယ်၊ အစ်မတို့ကတော့ ကြောက်တာဟာ ကြောက်တာပဲ"

နန်းသူဇာနှင့် တောင်သူအမျိုးသမီးများ အကြော်စားလိုက်၊ စကားပြောလိုက်နှင့် အတော်အဖွဲ့ကျသွားသည်။

"ကဲ ... စကားကောင်းနေလိုက်တာ နေတောင်အတော်မြင့်သွားပြီ၊ ညီမ ပြန်လိုက်ဦးမယ်၊ အစ်မတို့လည်း လမ်းတွေ့ရင် ညီမကိုခေါ်နော်"

"အမယ်လေးတော် ပြောစရာလား၊ ဒီလောက်လှတဲ့မိန်းမချောလေးကို ဘယ်သူနှုတ်မဆက်ချင်ဘဲ ရှိပါ့မလဲ ... ဟား ဟား ဟား"





တောင်သူအမျိုးသမီးများက ရိုးသားပွင့်လင်းစွာပြောကြပြီး လမ်းခွဲလိုက်ကြသည်။

နန်းသူဇာလည်း အိမ်ဘက်သို့ပြန်ရန် လမ်းမကြီးပေါ်တက်လိုက်သည်။

ခပ်လှမ်းလှမ်း သစ်ပင်အကွယ်မှ လူတစ်ယောက်ကို ရိပ်ခနဲ မြင်လိုက်ရပြီး ရင်ထဲထိတ်သွားသည်။

"ဟင် ... ဟိုလူ ... စိုင်းမောင်မောင်"

နန်းသူဇာလည်း ဘာမျှမစဉ်းစားတော့ဘဲ အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ အပြန်လမ်းမှာ ကုန်းအတက်မို့ ချွေးပြန်နေပြီ။ အတန်ငယ်လျှောက်ပြီး နောက်သို့ပြန်လှည့်ကြည့်တော့ မည်သည့်အရိပ်အယောင်မျှ မတွေ့ရ။

ရှေ့နားမှာ လူတစ်ယောက် ခပ်သွက်သွက် လျှောက်လာသည်ကို တွေ့လိုက်ရ၍ အနည်းငယ် အားတက်သွားသည်။ ထိုသူကား အိမ်မှ ဒရိုင်ဘာကိုပု။

"မမလေး"

"ဟင် ... ကိုပု"



www.burmeseclassic.com

www.burmeseclassic.com



"မမလေးက အပြင်ကိုထွက်သွားတာ ဘယ်ကိုသွားမှန်း မသိလို့ ကျွန်တော် လိုက်ရှာနေတာ၊ မမလေးကလည်း အပြင်ကိုသွားတာ တစ်ယောက်တည်းဆိုတော့ စိတ်မပူလို့၊ မညွှန့်ကို အဖော်ခေါ်သွားရောပေါ့"

"ကျွန်မလည်း အပြင်ထွက်ပြီး လမ်းလျှောက်ချင်စိတ်ပေါ် လာလို့ ဘယ်သူ့ကိုမှ မခေါ်ဘဲ ထွက်ခဲ့တာ၊ ကျွန်မအတွက် အိမ်ကလူတွေ စိတ်ပူကြရပြီထင်တယ်၊ ဆောရီးပဲ ကိုပု ရယ်"

"မမလေးကို အပြစ်တင်တာ မဟုတ်ပါဘူး၊ တစ်ခုခုဖြစ် သွားမှာ စိုးရိမ်ကြလို့ပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ ကိုပု"

✤ ● ✤





## အခန်း(၉)

နောက်ရက်များတွင် နန်းသာမြိုင်စံအိမ်သို့ ကိုလှဝေ ဆက်တိုက်ရောက်ဖြစ်သည်။

နန်းသူဇာအတွက် လက်ဆောင်အမျိုးမျိုးပေးသည်။ အပြင်သို့ ထွက်လည်ရန်ခေါ်သည်။ နန်းသူဇာက အကြောင်း အမျိုးမျိုးဖြင့် ပြန်လည်ငြင်းဆန်ခဲ့သည်ချည်း။

ဒေါ်လေးနန်းမူက အားနာသည်ထင့် သူမအား ဖျောင်းဖျပြောဆိုရသည်။

"သမီးရယ် ... မောင်လှဝေကို သိပ်ပြီးဆန့်ကျင်မနေပါနဲ့ ကွယ်၊ အလိုက်အထိုက်လောက်တော့ နေပေးပေါ့၊ သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကွက်သွားရင် ဒေါ်လေးတို့အားလုံးအတွက် မကောင်းဘူးလေ၊ သမီးလည်း သိသားပဲ"

"သမီး နေတတ်သလိုနေတာပါ၊ သူ့ကို တမင်ဆန့်ကျင်တာမျိုးတော့ မဟုတ်ပါဘူး၊ အဲဒီလိုမျိုးဖြစ်သွားတာဆိုရင် သမီး တောင်းပန်ပါတယ်"

"သမီးသဘောကို ဒေါ်လေး နားလည်ပါတယ်၊ အလိုက်အထိုက်ပေါ့ကွယ်၊ ဒေါ်လေးတို့လည်း ရှိနေတာပဲ"

ကိုလှဝေ ရောက်လာချျင် နန်းသူဇာ စိတ်ကျဉ်းကျပ်သည်ကတော့အမှန်။ ဟန်ဆောင်ပြုံးပြ ရယ်ပြနေရသည်ကို နှစ်သက်သူ မဟုတ်။ သို့သော် အခြေအနေက အလိုက်အထိုက် ဆက်ဆံမှုရမည် မဟုတ်ပါလား။

"သူဇာ"

"ဩော် ... ကိုလှဝေ"

"ကိုယ် သူဇာ့ကို အပြင်မှာ တစ်ခုခုကျွေးချင်လို့ လာခေါ်တာ၊ ဒီနေ့ရော ဘယ်လိုလဲ၊ ဟိုနေ့တွေတုန်းကအတိုင်း ငြင်းဖို့အစီအစဉ်ရှိလား"





"ကိုလှဝေကို ကျွန်မ တကယ်မအားလို့ ငြင်းခဲ့တာ၊ စိတ်မကောင်းပါဘူး၊ အားလည်းနာပါတယ်၊ ဒီနေ့တော့ ကိုလှဝေရဲ့စေတနာကို လေးစားစွာ အသိအမှတ်ပြုတဲ့အနေနဲ့ ကျွန်မ လိုက်ခဲ့မှာပါ"

"သိပ်မှန်ကန်ပြီး ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်ပေါ့ သူဇာ"

"ကျွန်မနဲ့အတူ အစ်မညွန့်ကိုပါ ခေါ်ခဲ့ပါရစေ"

"ဟင် ... သူက ဘာကိစ္စနဲ့ လိုက်ရမှာလဲ"

"မိန်းကလေးအဖော်ပေါ့"

"မလိုပါဘူး သူဇာ၊ ကိုယ်တစ်ယောက်လုံး ပါနေတာပဲ၊ ဘာလဲ ... ကိုယ့်သိက္ခာကို မယုံလို့လား"

"မဟုတ်ပါဘူး ကိုလှဝေ၊ ရှင်နဲ့ကျွန်မက ဘာမှသွေးသားတော်စပ်သူတွေ မဟုတ်ကြဘူး၊ ပြီးတော့ အပျိုလူပျိုတွေလေ၊ ယောကျ်ားပျိုတစ်ဦးနဲ့ မိန်းမပျိုတစ်ဦး နှစ်ဦးတည်း အပြင်မှာ စားသောက်ကြကော့ သားအမြင်မှာ ဘယ်လိုရှိနိုင်မလဲ၊ ကျွန်မအတွက် ထည့်စဉ်းစားပေးပါဦး"

"ကိုယ် နားလည်တယ်၊ ကိုယ်ဟာ လူကြီးလူကောင်းတစ်ယောက်ပါ၊ ကိုယ့်အတွက်နဲ့ သူဇာ ရုဏ်သိက္ခာကျသွားစရာ အကြောင်းမရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှဝေဘက်ကတော့ ဟုတ်ပါတယ်"

"နေဦး ... ကိုယ့်စကား မပြီးသေးဘူး၊ ကိုယ်လိုလူကြီးလူကောင်းတစ်ယောက်ပါ၊ ထမင်းချက်မိန်းမတစ်ယောက်နဲ့ ထမင်းတစ်ဝိုင်းတည်း စားမယ်ဆိုရင် ပတ်ဝန်းကျင်က ဘယ်လိုမြင်ကြမလဲ"

"ကိုလှဝေက လူတန်းစား ခွဲတာလား"

"မသင့်တော်တာကို ပြောတာလေ"

"အစ်မညွန့်ဟာ ကျွန်မရဲ့အစ်မတစ်ယောက်လိုပါပဲ၊ ကျွန်မကတော့ သူ့ကို ထမင်းချက်တစ်ယောက်လို့ မသတ်မှတ်ခဲ့ဖူးပါဘူး၊ ကျွန်မရဲ့တိုင်ပင်ဖော် တိုင်ပင်ပက် အစ်မတစ်ယောက်လို သဘောထားတာပါ"

"ခက်ပါလား သူဇာရယ်၊ မင်းကို အပြင်မှာ တစ်ခုခုလိုက်ကျွေးဖို့အတွက် ဒီလောက် စကားတွေ အချီအချပြောနေရမှာလား"

"ကိုလှဝေ အဆင်မပြေရင် အစီအစဉ်ဖျက်လိုက်ပါ၊ ကျွန်မကတော့ အစ်မညွန့်ကို ခေါ်သွားမှဖြစ်မယ်"

"တောက်"



ကိုလှဝေသည် တက်တစ်ချက်ခေါက်ကာ မေးကြောကြီးများထောင်လျက် တစ်စုံတစ်ရာကို အကြိတ်အနယ် ဆုံးဖြတ်နေဟန်ရှိသည်။ ပြီးမှ ...

"ကောင်းပြီ သူဇာ၊ မင်း သဘောအတိုင်းခေါ်ခဲ့၊ ကိုယ်ကားပေါ်က စောင့်နေမယ်"

ကိုလှဝေက စကားကို ခပ်ပြတ်ပြတ်ပြောပြီး ထွက်သွားတော့မှ နှန်းသူဇာ သက်ပြင်းမောတစ်ချက်ကို ချလိုက်ပြီး အစ်မညွန့်ကိုခေါ်ရန် အိမ်နောက်ဖက်သို့ ဝင်လိုက်သည်။

"သမီး"

ထမင်းစားခန်းအဝတွင် ဒေါ်လေးနန်းမူကို တွေ့လိုက်ရသည်။

"သမီး ... ဒေါ်လေးပြောတဲ့ စကားတွေကို မမေ့နဲ့နော်၊ မောင်လှဝေကို အဆင်ပြေအောင် ဆက်ဆံပါကွယ်၊ အားလုံး ကောင်းဖို့အတွက်ပါ"

"သမီးအနေနဲ့ အားလုံးအဆင်ပြေအောင် ကြိုးစားနေပါတယ် ဒေါ်လေး၊ စိတ်မပူပါနဲ့၊ ဒါပေမဲ့ အတိုင်းအတာတော့ ရှိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာက ပြောပြောဆိုဆိုနှင့် မညွန့်ရှိရာဘက်သို့ ခပ်သွက်သွက် ထွက်သွားတော့သည်။

စားသောက်ဆိုင်တွင်းရှိ စားပွဲဝိုင်းပေါ်တွင် အမျိုးအမည်စုံလှသော စားသောက်ဖွယ်ရာတို့ဖြင့် ပြည့်နေသည်။ အားလုံးက တန်ဖိုးကြီးအစားအစာများ ဖြစ်ကြသည်။

"သူဇာ အားရပါးရစားနော်၊ ဒါတွေဟာ သူဇာ့အတွက် ကိုယ့်ရဲ့စေတနာတွေပါပဲ"

"ဟုတ်ကဲ့ပါ ကိုလှဝေ၊ ကျေးဇူးလည်း တင်ပါတယ်"

"အို ... မလိုတာတွေ မပြောပါနဲ့၊ ကိုယ့်စေတနာကိုအသိအမှတ်ပြု လက်ခံပေးရင် ကိုယ် ကျေနပ်ပါပြီ"

ကိုလှဝေက နန်းသူဇာအား စကားတွေ ရွှန်းရွှန်းဝေအောင်ပြောရင်း ဧည့်ခံနေစဉ် မညွန့်ကတော့ စားပွဲပေါ်မှ အစားအစာများကို မြိန်ရေရှက်ရေ စားသုံးနေလေတော့သည်။

"ဟား ... တော်တော်ကောင်းတဲ့ လက်ရာတွေပဲ မောင်လှဝေရေ၊ သာဓုပါတော် ... သာဓုပါ"

မညွန့်က အားရပါးရ စားရင်းမှ သာဓုခေါ်လိုက်သေးသည်။





ကိုလှဝေက မညွန့်ကို မျက်စောင်းခဲ၍ ကြည့်လိုက်သည်။

ထိုစဉ် စားသောက်ဆိုင်အတွင်းသို့ လူသုံးဦးဝင်လာသည်ကို နန်းသူဇာ လှမ်းမြင်လိုက်သည်။ ရှေ့ဆုံးမှ ဦးဆောင်၍ ဝင်လာသူမှာ အသက်ခြောက်ဆယ်ခန့်ရှိပြီး အသားဖြူဖြူဝဝဗိုက်ဖိုင့်နှင့် ငွေကြေးချမ်းသာသည့် ပုံစံမျိုးဖြစ်သည်။ ၎င်း၏နောက်မှပါလာသူနှစ်ဦးကတော့ လူ့ဝိုက်ရုပ်များနှင့် အလုပ်ကြမ်းသမားပုံစံပေါက်နေသဖြင့် တပည့်များဖြစ်နိုင်၏။

ရှေ့ဆုံးမှ ခပ်ဝဝနှင့်လူကြီးက နန်းသူဇာတို့စားပွဲဝိုင်းကို တစ်ချက်လှမ်းကြည့်ကာ တစ်ချက်ပြုံးလိုက်ပြီး ခေါင်းဆတ်ခနဲညိတ်၍ အသိအမှတ်ပြု နှုတ်ဆက်လိုက်သည်။ ပြီးမှ စားပွဲဝိုင်းတစ်ခုတွင် ထိုင်လိုက်ကြသည်။

နန်းသူဇာက လူဝကြီးကို စူးစူးစိုက်စိုက် ကြည့်နေသဖြင့် ကိုလှဝေကလည်း လှမ်းကြည့်လိုက်၏။

"ဟင် ... ဦးအံ့မောင်တို့ပါလား"

ကိုလှဝေ၏နှုတ်မှ ထွက်သွားသော စကားသံကြောင့် နန်းသူဇာက သိလိုစိတ်နှင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှဝေ ... အဲဒီလူကြီးကို သိလို့လား"

"အင်း ... သိတယ် သူဇာ၊ သူ့နာမည်က ဦးအုံးမောင်တဲ့၊ လက်ဖက်ခြောက်လုပ်ငန်းရှင် သူဌေးတစ်ယောက်ပေါ့၊ ငွေရမယ်ဆိုရင် ဘာမဆိုလုပ်မယ့် လူကြီးပေါ့"

နန်းသူဇာက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလိုက်သည်။

"သူဇာက ဘာဖြစ်လို့ မေးတာလဲ"

"ဪ ... ခုနက အဲဒီလူကြီးက ပြုံးပြနှုတ်ဆက်လိုက်တာ တွေ့ရလို့ သူ့အကြောင်း သိချင်စိတ် ဖြစ်သွားလို့ပါ၊ ဘာရယ် မဟုတ်ပါဘူး"

"သူနဲ့ ခပ်ကင်းကင်းနေတာ ပိုကောင်းမယ်၊ ဒီလူကြီးက ပတ်သက်လို့ကောင်းတဲ့လူ မဟုတ်ဘူး၊ နောက်ကို အဲဒီ ဦးအုံးမောင်နဲ့ မပတ်သက်အောင်နေ၊ ကြားရဲ့လား"

"ကိုလှဝေ ကျွန်မကို အမိန့်ပေးနေတာလား"

"သူဇာ့ကို စိုးရိမ်လို့ ပြောနေတာ၊ ဒီမြို့ကလူတွေအကြောင်း သူဇာက သိတာမဟုတ်ဘူး၊ သူဇာ အန္တရာယ်ဖြစ်မှာစိုးလို့ ကိုယ်က သတိပေးနေတာ"



"ကျေးဇူးတင်ပါတယ်၊ သူဇာလည်း စဉ်းစားတွေးခေါ်တတ်ပါတယ်၊ သိပ်စိတ်ပူစရာ မလိုပါဘူး"

ကိုလှဝေက သူဇာ၏စကားအပေါ် သိပ်မကျေနပ်သော်လည်း ဘာမျှမပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်သည်။

အားလုံးစားသောက်ပြီးပြီမို့ စားပွဲထိုးအားခေါ်၍ ငွေရှင်းလိုက်သည်။ ထို့နောက် စားပွဲမှအထွက်တွင် ဦးအုံးမောင်ဆိုသော လူဝကြီးက လှမ်းအော်နှုတ်ဆက်လိုက်သည်။

"မောင်လှဝေတို့ ပြန်တော့မှာလားကွယ့်၊ စောစောက စားသောက်နေကြလို့ အန်ကယ်က နှုတ်မဆက်လိုက်တာပါ"

"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ကိုလှဝေက ခပ်တိုတိုပြတ်ပြတ် နှုတ်ဆက်ပြီး လှည့်ထွက်သည်။

"မောင်လှဝေကတော့ စားသောက်ဆိုင်လာရင် မိန်းမချောလေးတစ်ယောက်တော့ ပါမြဲပဲနော်၊ ဒါက မောင်လှဝေရဲ့ စတိုင်ပဲထင်ပါ့ ... ဟဲ ဟဲ"

www.burmeseclassic.com



ဦးအုံးမောင်၏စကားကြောင့် ကိုလှဝေ ဆတ်ခနဲတုန်သွားကာ လှမ်းနေသောခြေလှမ်းကို ရပ်လိုက်သည်။

ဦးအုံးမောင်၏စကားကို တုံ့ပြန်ချေပရန် လှည့်ကြည့်လိုက်သော ကိုလှဝေတစ်ယောက် ဦးအုံးမောင်၏တပည့်လူမိုက်နှစ်ယောက်၏ စူးစူးဝါးဝါး ကြည့်နေမှုကို မြင်လိုက်ရသဖြင့် ကိုယ်ရှိန်သတ်လိုက်ရသည်။ လူမိုက်နှစ်ဦး၏ပုံသဏ္ဍာန်က ဘာမဆိုလုပ်ရဲသည့် ပုံစံမျိုး။

"တောက်"

ကိုလှဝေသည် တက်တစ်ချက်ခေါက်ပြီး လှည့်ထွက်ခဲ့တော့သည်။

ကိုလှဝေက စားသောက်ဆိုင်ရှေ့မှ မောင်းထွက်ခဲ့သည်။

"တွေ့တယ် မဟုတ်လား သူဇာ၊ ဒီလူကြီးက လူကြီးလူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာ"၊

မပြေသေးသောဒေါသဖြင့် ပြောလိုက်သော ကိုလှဝေ၏စကားကို နန်းသူဇာ ဘာမျှပြန်မပြောမိပါ။ ကားနောက်ခန်းတွင် မညွန့်နှင့်အတူထိုင်ရင်း ပတ်ဝန်းကျင်ကို လှမ်းကြည့်နေ၏။





ကားလမ်းဝဲယာတွင် အိမ်များကျဲပါးလာပြီး သစ်ပင်ကြီးများနှင့် ကျောက်တုံးကျောက်တောင်များ ထူထပ်လာသည့် မြင်ကွင်းစိမ်းကို တွေ့လာရသည်။

"အိမ်ကိုပြန်တဲ့လမ်း ဟုတ်ရဲ့လား ကိုလှဝေ"

နန်းသူဇာ၏အမေးစကားကို ကိုလှဝေက ချက်ချင်းမတုံ့ပြန်သေး။ ခဏနေမှ ...

"မြို့ပြင်နားက ရေတံခွန်ဘက်ကို သွားမလို့ သူဇာ၊ စိတ်ထဲမှာ နည်းနည်းမကြည်လင်လို့"

"သိပ်ဝေးလား"

"မဝေးပါဘူး၊ ရှေ့နားဆိုရင် ရောက်ပြီ"

မကြာမီ ကျောက်တုံးကျောက်ဆောင်များနှင့် ရေစီးသံကို ကြားလာရသည်။ ခဏနေတော့ တောင်စောင်းပေါ်မှ ရေတို့ အစဉ်မပြတ် ကျဆင်းနေသည့် ရေတံခွန်ကို မြင်လိုက်ရသည်။ သဘာဝအလှတစ်ခုပဲ ဖြစ်သည်။

ကိုလှဝေက ကားရပ်လိုက်ပြီး ...

"ကဲ ... သူဇာ၊ ဆင်းပြီး ရေတံခွန်ကို ကြည့်ပါဦး၊ ဘယ်လောက်လှသလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာနှင့် မညွန့်တို့လည်း ကားအတွင်းမှထွက်လိုက်ပြီး ကျောက်တောင်အဆင့်ဆင့်မှ စီးကျနေသော ရေတံခွန်ကြီးကို ကြည့်မိကြသည်။

"သူဇာရေ ... အစ်မညွန့် ဒီနေရာကို တစ်ခါမှမရောက်ဖူးဘူး၊ ရေတံခွန်ရှိမှန်းတော့ သိတယ်၊ ခုမှပဲ ရေတံခွန်ကို တွေ့ဖူးတော့တယ်"

ရေတံခွန်မှ စီးဆင်းလာသော ချောင်းငယ်လေးထဲတွင် ကျောက်တုံးကြီးများ ရှိနေကြသည်။ ကြည်လင်အေးမြသော ရေများက ကျောက်တုံးကြီးများကို ကွေ့ပတ်စီးဆင်းနေကြသည်။

နန်းသူဇာက ရေထဲရှိကျောက်တုံးကြီးများပေါ်မှာ လှမ်းလျှောက်ကြည့်သည်။

"သူဇာ ချော်ကျမယ်၊ ကိုယ့်လက်ကိုကိုင်ထား"

ကိုလှဝေက လက်ကမ်းပေးသည်။ သို့သော် နန်းသူဇာက ...

"ရတယ် ကိုလှဝေ၊ ကျွန်မ ထိန်းနိုင်ပါတယ်"

"မောင်လှဝေရေ ငါ့လက်ကိုဆွဲထားစမ်းပါ၊ ချော်ကျမှာစိုးလို့၊ အသက်ကလေး ရလာတော့ ခြေမခိုင်လက်မခိုင်နဲ့"



မညွန့်က ကျောက်တုံးများအပေါ်တွင် ယိုင်တိယိုင်ထိုးနှင့်လျှောက်ရင်း ကိုလှဝေ၏လက်ကို လှမ်းဆွဲသည်။ မတတ်သာ၍ မညွန့်၏လက်ကို ဆွဲကိုင်ထိန်းလိုက်သည့် ကိုလှဝေ၏ မျက်နှာက မှုန်ကုတ်ကုတ်နှင့် ...

"ခင်ဗျားကလည်း နေရာတကာ အတော်ပါချင်တယ်"

မညွန့်က ဘာမျှမပြော။ ကျောက်တုံးများအပေါ်မှ ချော်မကျစေရန်သာ အာရုံစိုက်ပြီး လျှောက်နေသည်။

နန်းသူဇာတို့လည်း ရေတံခွန်တွင် တစ်နာရီသာသာခန့် လည်ပတ်ကြပြီးနောက် ပြန်ရန်ဟန်ပြင်ကြတော့သည်။

"ကဲ ... ကိုလှဝေ၊ ကျွန်မတို့ ပြန်ကြရအောင်၊ နေတောင်အတော်စောင်းသွားပြီ"

"ပြန်တော့မလို့လား၊ စောပါသေးတယ်၊ ကိုယ်က သူဇာ့ကို နေရာအနှံ့လိုက်ပြချင်တာ"

"တော်လောက်ပါပြီ၊ ဒီကနေ ကိုလှဝေက စားကောင်းသောက်ဖွယ်တွေလည်း ကျွေးတယ်၊ ဒီလိုသာယာလှပတဲ့ ရေတံခွန်ကိုလည်း ပို့ပေးတယ်ဆိုတော့ ကိုလှဝေကို ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က သူဇာ့အတွက်ဆို အများကြီး လုပ်ပေးချင်တာတွေ ရှိပါတယ်"

ကိုလှဝေ၏စကား မည်သည့်အဓိပ္ပာယ်ဆောင်သည်ကို နန်းသူဇာ ရိပ်မိပါသည်။

"အမယ်လေး ... မောင်လှဝေရယ်၊ ခုလို အစားကောင်း အသောက်ကောင်းတွေ ကျွေးချင်ရင် အိမ်ကိုဝယ်လာခဲ့၊ သူဇာ မစားနိုင်လည်း ကိစ္စမရှိဘူး၊ အစ်မညွန့်တို့က အားပါးတရ စားပေးမယ်"

"တော်"

✤ ✿ ✤





## အခန်း(၁၀)

ညဥ့်ကားနက်လှပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ခါတစ်ရံ အဝေးမှ ခွေးအူသံကို ကြားရသည်မှလွဲ၍ မည်သည့်အသံမျှ ထွက်ပေါ်မလာ။

နန်းသူဇာတစ်ယောက် ခုတင်ထက်တွင် လှဲလျောင်းနေသော်လည်း အိပ်မရသေး အတွေးများက ပြန့်ကျဲလျက်ရှိသည်။ နံ့သာမြိုင်အိမ်ကြီးသို့ ရောက်သည်မှာ ဆယ်ရက်ခန့်ရှိပြီဖြစ်သော်လည်း စိတ်ထဲတွင် အချိန်ကာလရှည်ကြာလွန်းသည်ဟု ထင်နေသည်။ ပြီးတော့ သည်အိမ်ကြီးတွင် နေရသည်မှာ မွန်းကျပ်ချောင်ပိတ်နေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ဘာကြီးလဲဟ၊ ဟော့ ... အိမ်သားတွေ ထကြစမ်း၊ အိမ်နောက်ဘက်ကို ဘာကောင်ကြီးလဲမသိဘူး ပြေးဝင်သွားတယ်၊ မောင်ပုရေ ... ကိုဘသော်ရေ ... မီးတွေဖွင့်စမ်းပါ"

တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်လယ်ပိုင်းတွင် ခြံဝင်းအတွင်းမှ ခြံစောင့်ကြီး ဦးဖိုးချက်၏ အလန့်တကြားအော်သံကြောင့် နန်းသူဇာ ဆတ်ခနဲ ထရပ်လိုက်မိသည်။

"ဟင် ... ဘာများပါလိမ့်"

အိမ်အောက်ထပ်မှ မီးများလင်းလာပြီး အိမ်သားများ တံခါးဖွင့်ပြီး အိမ်ပြင်သို့ ပြေးထွက်ကြသည်။

"ဦးဖိုးချက် ... ဘာလဲ ... ဘာတွေ့လို့လဲ"

"မသိဘူး၊ မည်းမည်းအကောင်တစ်ကောင် အိမ်နောက်ဖက်ကို ပြေးဝင်သွားလို့"

ခြံဝင်းအတွင်း လက်နှိပ်မီး တဝင်းဝင်းနှင့် ဆူညံနေတော့သည်။ နန်းသူဇာလည်း နေ၍မရတော့။ အခန်းတံခါးဖွင့်ပြီး အောက်ထပ်သို့ဆင်းရန် လှေကားဆီသို့ လျှောက်လှမ်းအလာ ...

"အမယ်လေး"





မျက်လုံးပြူးပြူး ပါးစပ်ပြဲပြဲနှင့် တစ်ကိုယ်လုံးအမွေးမည်းမည်းများနှင့် အကောင်ကြီးတစ်ကောင်ကို ပက်ပင်းတွေ့လိုက်ရသဖြင့် နန်းသူဇာ ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။

ထိုမည်းမည်းသတ္တဝါကြီးက လက်နှစ်ဖက်ဆန့်တန်းပြီး နန်းသူဇာထံ တစ်လှမ်းချင်းတိုးလာသည်။ နန်းသူဇာမှာ တစ်ကိုယ်လုံး တောင့်တင်းသွားပြီး နေရာမှ လှုပ်မရအောင် ဖြစ်နေသည်။

မည်းမည်းသတ္တဝါကြီး၏ လက်နှစ်ဖက် သူမ၏ လည်ပင်းနားအရောက်တွင် သတိတစ်ချက် ပြန်လည်ဝင်ရောက်လာသဖြင့် နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်လိုက်မိသည်။ မည်းမည်းသတ္တဝါကြီးက ရှေ့သို့တိုးလာပြန်သည်။ နန်းသူဇာမှာချွေးစေးများပြန်နေပြီး နှလုံးခုန်နှုန်းမှာလည်း ရင်ကိုဖောက်ထွက်မတတ်။

သို့သော် သတိကတော့ မလွှတ်အောင်ထိန်းထားသည်။ စိတ်ထဲတွင် ခုခံရမည်ဆိုသည့် အသိက ရှိနေသည်။ နံရံတွင်ချိတ်ဆွဲထားသော ငှက်ကြီးတောင်ဓားကို နန်းသူဇာ မြင်တွေ့လိုက်ရသဖြင့် အားတက်သွားသည်။ ဘာမျှစဉ်းစားမနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နံရံထက်မှာ ချိတ်ဆွဲထားသော ငှက်ကြီးတောင်ခါးကို ပြေး၍ဆွဲယူလိုက်သည်။

ပြီးနောက် လက်နှစ်ဖက်ဆန့်တန်ပြီး ဝင်လာသော မည်းမည်းသတ္တဝါကြီးကို မျက်လုံးစုံမှိတ်ပြီး ခုတ်ချလိုက်သည်။

"အား"

မည်းမည်းသတ္တဝါကြီးမှာ နာနာကြည်းကြည်း တစ်ချက်အော်ပြီး အနီးရှိလှေကားမှတစ်ဆင့် ခုန်ချထွက်ပြေးသွားတော့သည်။ နန်းသူဇာမှာ ခါးကိုကိုင်လျက် ကြက်သေ,သေနေဆဲ။

"သမီး ... သမီး ... သူဇာ".

လက်မောင်းကို ကိုင်လှုပ်ပြီးခေါ်သံကြောင့် နန်းသူဇာ သတိဝင်လာသည်။ ဦးလေးဘသော်၊ ဒေါ်လေးနန်းမူ၊ မညွန့်၊ ကိုပုတို့ကို တွေ့လိုက်ရသည်။

"သမီး ... သမီး ဘာမှမဖြစ်ဘူးနော်"

ဦးလေးဘသော်က စိုးရိမ်တကြီးနှင့် မေးသည်။

"ဘာမှမဖြစ်ပါဘူး ဦးလေး၊ သမီး လန့်သွားလို့ပါ၊ ဟို အကောင်ကြီးကိုမိလား၊ သေသွားပြီလား"



"အပေါ်ထပ်က အော်သံကြားလို့ ဦးလေးတို့ ပြေးတက်လာတော့ သမီးက ခါးကိုင်ပြီး ကြောင်တောင်တောင်နဲ့ ရပ်နေတာကိုပဲတွေ့တာ၊ ဘာကောင်မှ မတွေ့ဘူး"

"သမီး ခါးနဲ့ခုတ်လိုက်တာ ထိသွားတယ် ထင်တယ်၊ အော်ပြီး ထွက်ပြေးသွားတာ"

"ဟာ ... ဒီမှာ သွေးစက်တွေ၊ ဟင် ... အမွေးတွေလည်း တွေ့တယ်"

ကိုပု ပြရာသို့ ကြည့်လိုက်ကြရာ ကြမ်းပြင်တွင် သွေးစက်များနှင့် အမွေးမည်းမည်းများကို တွေ့ကြရသည်။

သွေးစက်များကို လိုက်ကြည့်ရာ အခန်းလွတ်တစ်ခု အတွင်းကိုဖြတ်၍ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးသွားပုံရသည်။

သားအိမ်များ၏ အကြောင်းကြားချက်အရ ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြပြီး စစ်ဆေးကြ သည်။ ထို့နောက်ကျနေသော သွေးစက်များနှင့် အမွေးမည်းကြီးများကို သက်သေခံအဖြစ် ယူဆောင်သွားကြသည်။

"သူဇာရယ် သတ္တိရှိလိုက်တာဟယ်၊ အစ်မသာဆိုရင် အဲဒီနားမှာတင် လဲသေလောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မိညွန့်က ချီးမွမ်းစကားဆိုသည်။ နန်းသူဇာကတော့ ယနေ့ထက်တိုင် ရင်ခုန်နေဆဲ။

ထိုနေ့ညက နန့်သာမြိုင်စံအိမ်ကြီးတွင် အတော်လူစည်ကားသွားသည်။ ဘေးဘက်ခြံမှလူများ အိမ်သားများစကားဖောင်ဖွဲ့လိုက်သည်မှာ နံနက်ငါးနာရီလောက်မှ လူစုခွဲဖြစ်ကြသည်။

ညက အိပ်ရေးပျက်ခဲ့ကြသဖြင့် တစ်အိမ်သားလုံး နေမြင့်မှ အိပ်ရာနိုးခဲ့ကြသည်။ ဦးလေးဦးဘသော်လည်း လိမ္မော်ခြံကိုမသွားတော့။ လိမ္မော်ခြံကို ဖုန်းဖြင့်အကျိုးအကြောင်းအကျဉ်းချုပ်ပြီး ပြောလိုက်သည်။

နန်းသူဇာက မညွန့်နှင့် ဈေးလိုက်ဝယ်သည်။ ဈေးအတွင်းတွင် ညက နန့်သာမြိုင်စံအိမ်ကြီးအတွင်း ဖြစ်ပျက်ခဲ့သည့်သတင်းက ပျံ့နှံ့နေခဲ့လေပြီ။ ဈေးဝင်ဝယ်သော ဆိုင်တိုင်းကမေးသမျှကို မညွန့်မှာ မမောမပန်းနိုင် ပြောပြနေရသည်။

အိမ်ပြန်ရောက်ပြီး ချက်ပြုတ်ရန် စီစဉ်ကြရသည်။ နေ့လယ်စာကို နေ့လယ်ဆယ့်နှစ်နာရီကျော်မှ စားဖြစ်ကြ၏။



ထမင်းစားပြီးချိန်လောက်တွင် ကိုလှဝေ ရောက်လာသည်။ နေ့လယ်ခင်းချိန်မို့ အအေးဓာတ်ပေါ့နေသော်လည်း ကိုလှဝေက ဂျာကင်အင်္ကျီကို ဝတ်ထားသည်။

"လာ ... မောင်လှဝေ ထိုင်၊ မင်းလည်း အနွေးထည်ကြီးဝတ်လို့ နေမကောင်းဘူးလား"

ဦးလေးဘသော်က ညှော့ဝတ်ပြုရင်း မေးလိုက်သည်။

"ညက အအေးမိသွားလို့ထင်တယ်၊ ဖျားချင်သလိုလိုမို့ အနွေးထည်ဝတ်ထားတာပါ၊ ဒါနဲ့ ညကအဖြစ်အပျက်ကို ဒီမနက်ကျမှကြားလို့ ကျွန်တော် စိုးရိမ်ပြီးလိုက်လာတာ၊ အားလုံး အန္တရာယ်ကင်းကြရဲ့လား"

"အေး ... အားလုံး ဘေးကင်းကြပါတယ်၊ ဒီအိမ်မှာဘာတွေဖြစ်နေမှန်းကို မသိတော့ပါဘူး မောင်လှဝေရယ်"

"သတိဝီရိယတော့ ရှိကြဖို့လိုတယ် ဦးလေး၊ ဦးလေးကလည်း အသက်ကြီးပြီ၊ ကိုပုကလည်း အားကိုးလောက်တဲ့သူ မဟုတ်ဘူး၊ ဦးလေးတို့အိမ်မှာ ယောကျ်ားသားတစ်ယောက်တော့ ရှိဖို့လိုတယ်၊ မာလာနဲ့ပတ်သက်ပြီး ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့်အနေနဲ့ ဒီအိမ်ကိုစောင့်ရှောက်ဖို့ တာဝန်ရှိတယ်မဟုတ်လား၊ ကျွန်တော် လာနေပေးဖို့များ လိုမလား"

"မောင်လှဝေက အလုပ်များတဲ့လူပဲ၊ ဒုက္ခပေးသလိုဖြစ်နေပါမယ်၊ ကျေးဇူးတင်ပါတယ်"

"သူဇာရေ ညက တော်တော်ထိတ်လန့်သွားမှာပဲနော်၊ ကိုယ် စိတ်ပူလို့ ကြားကြားချင်း ပြေးလာခဲ့တာ၊ ကိုယ် ဘာကူညီရမလဲ၊ အားမနာနဲ့ပြော"

"ကျေးဇူးပါပဲ ကိုလှဝေ၊ ညကတော့ လန့်သွားတာအမှန်ပဲ၊ ဒါပေမဲ့ မည်းမည်းအကောင်ကြီးဆိုတာကိုတော့ လက်တွေ့မြင်လိုက်ရတာ အမြတ်ပေါ့"

"ပေါ့ပေါ့လေး မပြောနဲ့ သူဇာ၊ ဒါဟာ အန္တရာယ်သိပ်ကြီးတဲ့ကိစ္စ၊ မာလာ ဘယ်လိုဆုံးပါးသွားရလဲဆိုတာ သူဇာလည်း အသိပဲ၊ ကိုယ် သိပ်စိတ်ပူတယ်"

"အမယ်လေး မောင်လှဝေရေ၊ သမီး သူဇာက စိတ်မာသလို ခေါင်းမာတယ်လေ၊ ဒေါ်လေးတော့ သူ့ကို ဘာပြောရမှန်းကို မသိတော့ဘူး"



ဒေါ်လေးနန်းမူ၏စကားကြောင့် နန်းသူဇာ ပြုံးလိုက်မိသည်။

ထိုစဉ်မှာပင် ဧည့်ခန်းအတွင်းသို့ လူတစ်ဦးရောက်ရှိလာသည်။

"ဪ ... မောင်မိုးကောင်း လာပေါ့၊ ဟင် ... မင်းလက်က ပတ်တီးနဲ့ ဘယ်လိုဖြစ်တာလဲ"

"မနက်က လျှော်မှော်ကိုင်းခုတ်ရင်း ကိုင်းအကျိုးနဲ့ခြစ်မိလို့ပါ"

ကိုမိုးကောင်းက စပို့ရှပ်အင်္ကျီဝတ်ထားပြီး ညာဘက်လက်ကောက်ဝတ်တွင် ပတ်တီးစည်းထားသည်ကို မြှောက်ပြလိုက်သည်။

"ဒဏ်ရာကို ဂရုစိုက်ဦး ကိုမိုးကောင်း၊ တော်ကြာ သံဆိပ်တွေ ဘာတွေ တက်နေဦးမယ်"

ကိုလှဝေက မျက်လုံးကို မှေးစင်းပြီး ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး ကိုလှဝေ၊ လိမ္မော်ကိုင်းက သံဆိပ်မတက်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးကောင်းက ခပ်တည်တည်နှင့်ပင် ပြန်လည်ချေပလိုက်သည်။

ကိုလှဝေလည်း ထိုင်ရာမှ ထလိုက်ပြီး ...

"ကဲ ... ဦးလေး၊ ကျွန်တော် ချိန်းထားတာလေးရှိလို့ ပြန်လိုက်ဦးမယ်၊ နောက်နေ့မှ လာခဲ့မယ်"

"အေး ... အေး ... အားမှ လာပါကွယ်"

ကိုလှဝေ အခန်းထဲမှ ထွက်သွားအပြီးတွင် စားပွဲပေါ်တွင် ဒိုင်ယာရီစာအုပ်တစ်အုပ်ကို တွေ့လိုက်ရသဖြင့် ဦးလေးဘသော်က ...

"သမီးရေ ... မောင်လှဝေ စာအုပ်မေ့ကျန်ခဲ့တယ်ထင်တယ်၊ သွားပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ဦးလေး"

နန်းသူဇာလည်း စာအုပ်ကိုကိုင်ရင်း ကိုလှဝေ၏ ကားအနီးသို့ လျှောက်လာခဲ့သည်။ ဂျာကင်အင်္ကျီကို ချွတ်ထားလိုက်ပြီး ကားစက်နှိုးနေသော ကိုလှဝေကို နန်းသူဇာ လှမ်းကြည့်ပြီး မျက်မှောင်တစ်ချက်ကြုတ်ကာ ခြေလှမ်းများတုံ့ခနဲရပ်သွားသည်။ ပြီးမှ ကားအနီးသို့ တိုးကပ်ကာ ...





"ကိုလှဝေရဲ့စာအုပ်ထင်တယ်၊ စားပွဲပေါ်မှာတွေ့လို့"

"ဪ ... အင်း ... ဟုတ်တယ်"

စာအုပ်ကိုလှမ်းယူပြီး ကားကိုမောင်းထွက်သွားသော ကိုလှဝေ တစ်ယောက် နန်းသူဇာကိုပင် နှုတ်မဆက်မိတော့။

နန်းသူဇာလည်း အိမ်ဘက်သို့ လျှောက်လာရင်း ခေါင်းထဲ၌ အတွေးများစွာနှင့် ရှုပ်ထွေးလျက်။

နန်းသူဇာ အိမ်ထဲပြန်ဝင်လာတော့ ဦးလေးဘသော်နှင့် ကိုမိုးကောင်းတို့ အလုပ်ကိစ္စ စကားပြောနေကြဆဲဖြစ်သည်။

နောက်ဖေးမီးဖိုချောင်ဘက်သို့ ဆက်လျှောက်ဝင်ခဲ့ရာ ဒေါ်လေးနန်းမူနှင့် မညွန့်တို့ကို တွေ့လိုက်ရသည်။

"သမီး ... ခဏ"

ဒေါ်လေးနန်းမူက နန်းသူဇာကို လှမ်းခေါ်ရင်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

ပြီးမှ ...

"သမီး ... မောင်မိုးကောင်းလက်က ဒဏ်ရာကိုတွေ့သလား"

"ဟုတ်ကဲ့ ... တွေ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဒီဇာတ်ရာက ညကအဖြစ်နဲ့များ ဆိုင်နေမလားလို့"

နန်းသူဇာက တွေတွေလေး ငေးနေရင်းမှ ...

"မပြောတတ်ဘူး ဒေါ်လေး၊ တိုက်ဆိုင်တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

"မဟုတ်မှလွဲရော၊ ဒေါ်လေးတော့ မသင်္ကာဘူးကွယ် သမီး၊ သတိတော့ထားရလိမ့်မယ်"

မညွန့်က တွေးတွေးဆဆနှင့် ဝင်ပြောသည်။

"မောင်မိုးကောင်းက လိမ္မော်ခြိမှာပဲ အနေများတယ်၊ အကြောင်းရှိမှ ဒီအိမ်ကို လာတတ်တာ၊ ပြီးတော့ သူက အနေမှန်မှန်နဲ့ နေတဲ့သူဆိုတော့ ဒေါ်လေးပြောသလို ဟုတ်နိုင်ပါ့မလား"

"ညည်း ဘာပြောပြော မသင်္ကာစရာကောင်းတာကတော့ ကောင်းတာပဲအေ"

"ကဲပါလေ၊ သမီးတို့ ဒီကိစ္စကို ချက်ချင်းမဆုံးဖြတ်ဘဲ စောင့်ကြည့်ကြတာပေါ့၊ တစ်နေ့တော့ အဖြစ်မှန်ပေါ်မှာပါ"



နန်းသူဇာက တွေးတွေးဆဆပြောရင်း ညှော်ခန်းဘက်သို့ လှည့်ထွက်ခဲ့သည်။

ညှော်ခန်းရောက်တော့ ကိုမိုးကောင်း ပြန်သွားပြီဖြစ်သည်။

✤ ✿ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

လိမ္မော်ခြံသို့ နန်းသူဇာတို့ရောက်တော့ နံနက်ခုနစ်နာရီခန့်သာ ရှိသေးသည်။

သည်တစ်ခေါက်တွင် ဦးလေးဘသော်၊ နန်းသူဇာ၊ မညွန့်၊ ကိုပုတို့ လေးဦးဖြစ်သည်။ နံနက်စာ စားသောက်ကြပြီး လိမ္မော်ခြံထဲသို့ နန်းသူဇာနှင့် မညွန့်တို့ လျှောက်ကြည့်ကြသည်။ လိမ္မော်ခြံအတွင်း သင်းပျံ့သောလိမ္မော်ရနံ့နှင့် လတ်ဆတ်သောလေနအေးကြောင့် နောက်ကျိလေးလံနေသောစိတ်တို့မှာ ပေါ့ပါးလန်းဆန်းလာသည်။

လိမ္မော်ခြံ၏ဘေးဘက်တွင် စမ်းချောင်းလေးတစ်ခုရှိသည်။ စမ်းချောင်းနံဘေး၌ အဝတ်များလျှော်ဖွပ်နေသော အသက်ငါးဆယ်အရွယ်ခန့် အမျိုးသမီးကြီးတစ်ဦးကို တွေ့ရသည်။ ကိုမိုး



ကောင်းတို့၏ အလုပ်သမများကို ဦးစီးရသူဖြစ်သည်။ သူ့အမည်မှာ ဒေါ်အိ။

"အဒေါ် အဝတ်တွေ လျှော်နေတာလား"

နန်းသူဇာက ဒေါ်အိအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ၎င်း၏အနီးကျောက်တုံးတွင် ဝင်ထိုင်လိုက်သည်။

"ဩော် ... မမလေးတို့ပါလား၊ လာလည်ကြတယ်ထင်ပါ့"

ဒေါ်အိက လျှော်လက်စအဝတ်များကို ချထားလိုက်ပြီး နန်းသူဇာတို့ကို ပြုံးရွှင်စွာဖြင့် ပြန်လည်နှုတ်ဆက်လိုက်သည်။

"မောင်မိုးကောင်းတို့နဲ့ တွေ့ပြီးပြီလား"

"ဟုတ်ကဲ့ ... တွေ့ပြီးပါပြီ"

နန်းသူဇာက ပြောရင်း ဒေါ်အိကို ကြည့်လိုက်သည်။ ရိုးသားပွင့်လင်း၍ သဘောကောင်းမည့်ရုပ်မျိုးဖြစ်ကြောင်း တွေးမိသည်။

ထို့ကြောင့် မိမိသိလိုသည့် အကြောင်းတစ်ခုကိုမေးရန် ဆုံးဖြတ်လိုက်၏။

"ကိုမိုးကောင်းလက်မှာ ဒဏ်ရာရလို့ဆို၊ ဘာဖြစ်တာလဲ အဒေါ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိက နန်းသူဇာ၏အမေးစကားကြောင့် တစ်ချက်ပြုံးလိုက်သည်။

“ဟိုနေ့ညနေက လီမွှော်ကိုင်းတွေခုတ်ရင်း လက်ကို လီမွှော်ကိုင်းအချွန်နဲ့ ခြစ်မိတယ်၊ မများပါဘူး၊ သွေးစို့ရုံလေးပါ၊ ဒါပေမဲ့ တော်တော်ထူးဆန်းတာ တစ်ခုတော့ရှိတယ်”

ဒေါ်အိ စကားကြောင့် နန်းသူဇာ မညွန့်ဘက်ကို လှည့်ကြည့်လိုက်သည်။ နှစ်ဦးလုံး အဓိပ္ပာယ်ပါသောအကြည့်မျိုးနှင့် ကြည့်ဖြစ်ကြခြင်းဖြစ်သည်။

“ဘယ်လို ထူးဆန်းတာလဲ ဒေါ်အိရဲ့”

“ထူးဆန်းတာပေါ့၊ မောင်မိုးကောင်းက တော်ရုံဒဏ်ရာလောက်ကို ဂရုစိုက်တဲ့လူ မဟုတ်ဘူး၊ အဲဒီနေ့က အကိုင်းနဲ့ ခြစ်မိတာက ဘာမှမဖြစ်လောက်ပါဘူး၊ မနက်ကျတော့ ဖုန်းလာလို့ ဖုန်းဆက်စကားပြောပြီးမှ သို့လက်ကိုပတ်တီးစည်းမလို့လုပ်တယ်၊ အဒေါ်က ဒီလောက်ဒဏ်ရာလေးကို ဘာဖြစ်လို့ ပတ်တီးစည်းမှာလဲဆိုတော့ အကြောင်းရှိလို့တဲ့၊ အကြောင်းကြောင်းနဲ့”



“ပတ်တီးက သူ့ဘာသာသူ စည်းတာလား”

“ဟုတ်ပေါင်၊ အဒေါ်ပဲ စည်းပေးလိုက်တာ၊ သွေးစို့ရုံဒဏ်ရာကို ပတ်တီးကြီးစည်းလို့”

ဒေါ်အိ၏စကားများကြောင့် နန်းသူဇာ စိတ်ထဲတွင် ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ ဘာရယ်မှန်းတော့မသိ။

နန်းသူဇာနှင့် မညွန့်လည်း ဒေါ်အိနှင့် စကားပြောခဲ့ပြီး စမ်းချောင်းနံဘေးမှ ထွက်လာခဲ့ကြသည်။

“သူဇာ ... မောင်မိုးကောင်းလက်က ဒဏ်ရာကို သင်္ကာမကင်း ဖြစ်နေတာလား”

မညွန့်၏အမေးစကားကို နန်းသူဇာ သဘောပေါက်ပါသည်။ တစ်နေ့ညက မိမိလက်ချက်ဖြင့် ဒဏ်ရာရသွားသော မည်းမည်းအကောင်ကြီးနှင့် ပတ်သက်၍ ကိုမိုးကောင်းလက်မှ ဒဏ်ရာ ဆက်စပ်မှုရှိမရှိ ဆိုခြင်းပင်။

“သင်္ကာမကင်း ဖြစ်တယ်လို့တော့ ကျွန်မ မပြောချင်ပါဘူး၊ ဒါပေမဲ့ စိတ်ထဲမှာတော့ တစ်မျိုးပဲ၊ ခုလို သိလိုက်ရတော့ စိတ်ထဲပေါ့သွားတာ အမှန်ပဲ”

www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးကောင်း မဖြစ်ပါစေနဲ့လို့ကော ဆုမတောင်းဘူးလား"

"အင် ... အာ ... အစ်မညွန့်ကလည်း ဘာဆိုင်လို့လဲ"

မညွန့်စကားကြောင့် နန်းသူဇာ ရင်ခုန်သွားမိသည်ကတော့အမှန်။

နေ့လယ်စာစားပြီးချိန်မှာတော့ နန်းသူဇာနှင့် မညွန့်တို့ အပျင်းပြေစေရန် စမ်းချောင်းအတွင်းသို့ ကိုမိုးကောင်းက ခေါ်ဆောင်သွားခဲ့သည်။

စမ်းချောင်းမှာ ဒူးဆစ်ခန့်သာရှိသည့် ရေအေးကြည်ကြည်သန့်သန့်မို့ ရေထဲဆင်းပြီး လမ်းလျှောက်ကြသည်။ ရေအောက်မှ ငါးလေးများကို ဆန်ခါခုံးဖြင့်သဲ့၍ဖမ်းသည်။ မိသည့်ငါးများကို ရေထည့်ထားသော ရေပုံးထဲ ထည့်ထားသည်။ ပြီးလျှင် ထပ်ဖမ်းပြန်သည်။

မိုးကောင်းက နန်းသူဇာ၏ ငါးဖမ်းရာတွင် အဆင်ပြေစေရန် အားမှကူညီပေးရသည်။ ဆန်ခါခုံးနှင့် ရေတွင်နှစ်၍ ငါးကိုဖမ်းယူရခြင်းမို့ မိုးကောင်း၏လက်မှပတ်တီးမှာ ရေစိုကုန်တော့သည်။





"ဟို ... ကိုမိုးကောင်းလက်ကပတ်တီး ရေတွေစိုကုန်ပြီ"

"ဪ ... ရပါတယ်၊ ကျွပ်ဒဏ်ရာက ဒီလောက်အထိ မဟုတ်ပါဘူး"

မိုးကောင်းက ပြောပြောဆိုဆို လက်မှပတ်တီးကိုဖြေ၍ ချောင်းဘေးသို့ ပစ်တင်လိုက်သည်။ နန်းသူဇာက မိုးကောင်းလက်မှဒဏ်ရာကို ကြည့်ဖြစ်အောင်ကြည့်မိလိုက်သည်။

ဒေါ်အိ ပြောသကဲ့သို့ လက်မှဒဏ်ရာမှာ ပြောပလောက်သည့် အခြေအနေမျိုး မဟုတ်ပါ။ သာမန်သစ်ကိုင်းနှင့် ခြစ်မိသည့်အဖြစ်ရာလောက်သာ ဖြစ်သည်မို့ နန်းသူဇာ ရင်ထဲကျေနပ်မှုတို့ဖြင့် အေးမြသွားရပါ၏။

ထိုနေ့က စမ်းချောင်းအတွင်းတွင် ငါးလေးများကို ဟိုဟိုဒီဒီပြေးလွှားကာ ဖမ်းနေသော နန်းသူဇာမှာ ပီဘိကလေးငယ်တစ်ဦးပုံစံ ဖြစ်နေသည်။ ဖမ်းမိသောငါးလေးများကို ရေထဲသို့ပြန်လွှတ်လိုက် ပြန်ဖမ်းလိုက်နှင့် စိတ်လွတ်ကိုယ်လွတ်ပျော်နေသော နန်းသူဇာကိုကြည့်ပြီး မိုးကောင်း ပြုံးလိုက်သည်။

"ဪ ... ဒီမိန်းကလေးရဲ့စိတ်ဖိစီးမှုတွေ လျော့တန်ကောင်းပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းရောက်တော့မှ နန်းသူဇာတို့ နံ့သာမြိုင်စံအိမ်ကြီးသို့ ပြန်ခဲ့ကြတော့သည်။

ထိုနေ့ညက နန်းသူဇာ စောစောအိပ်ရာဝင်ခဲ့ကာ စိတ်လက်ပေါ့ပါးစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်တော့သည်။

အိပ်ရေးဝအောင် အိပ်စက်ပြီး နိုးထခဲ့သော နန်းသူဇာမှာ ကြည်လင်လန်းဆန်းလျက်ရှိသည်။ မညွန့်နှင့်အတူ ဈေးဝယ်ထွက်ခဲ့ကြပြီး လိုအပ်သည့်ပစ္စည်းများ ဝယ်ယူပြီးနောက် ဈေးနှင့်မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်သို့ ဝင်ရောက်ခဲ့ကြသည်။

လက်ဖက်ရည်နှင့် မုန့်များ မှာယူစားသောက်နေကြစဉ် ...

"အန်ကယ့်ကို ထိုင်ခွင့်ပြုပါဦး"

ခွင့်တောင်းသံကြောင့် လက်ဖက်ရည်ခွက်ကိုကိုင်ရင်း နန်းသူဇာ မော့ကြည့်လိုက်သည်။

"အင် ..."

ဟိုတလောက စားသောက်ဆိုင်တွင် တွေ့ခဲ့ဖူးသော လူကြီး၊ လက်ဖက်ခြောက်ကုန်သည် ဦးအုံးမောင်။

"သြော် ... ဟုတ်ကဲ့၊ ထိုင်ပါရှင့်"





"ကျေးဇူးပါပဲကွယ်၊ ဒီက တူမကြီးတို့က နံ့သာမြိုင်စံအိမ်ကြီးက မဟုတ်လား"

"ဟုတ်ပါတယ်"

"ဦးက ဦးအုံးမောင်လို့ ခေါ်ပါတယ်၊ လက်ဖက်ခြောက်ကုန်သည်တစ်ယောက်ပေါ့၊ အခုလိုနေရာမှာ လာပြီးစကားပြောလို့ အနှောင့်အယှက်တော့ မဖြစ်လောက်ပါဘူးနော်"

"မဖြစ်ပါဘူးရှင်၊ ဒါနဲ့ ခုလိုလာပြီး စကားပြောတာ ဘယ်လိုအကြောင်းများ ရှိလို့လဲ၊ အန်ကယ်နဲ့ ကျွန်မက တစ်ခါမှ မသိဖူးတဲ့သူတွေ ဖြစ်နေလို့"

"ဟုတ်တာပေါ့၊ အန်ကယ်က ဆန္ဒစောပြီး ခုလိုဝင်တွေ့လိုက်တော့ တူမကြီးစိတ်ထဲ တစ်မျိုးဖြစ်သွားမှာပေါ့၊ နန်းမာလာကတော့ အန်ကယ့်ကို ကောင်းကောင်းသိပါတယ်၊ ဒါနဲ့ ဒီကတူမကြီးက နန်းမာလာနဲ့ ဘာတော်လဲ"

"မမမာလာရဲ့ညီမအရင်းပါ"

"အင်း ... ထင်တော့ထင်သား၊ ရုပ်ချင်းလည်း အတော်ဆင်တာပဲ၊ ဒီလိုတူမကြီးရဲ့ နံ့သာမြိုင်စံအိမ်ကြီးကို ရောင်းမယ်လို့ သတင်းတစ်ခု ကြားထားတယ်လေ၊ အဲဒါ ဟုတ်လား မဟုတ် သိချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ကြားတဲ့သတင်းက မမှန်ဘူး ထင်ပါတယ်၊ နံ့သာမြိုင်စံအိမ်ကို ရောင်းဖို့တော့ ကျွန်မ မကြားမိပါဘူး"

"သြော် ... ဒါဆိုရင် အန်ကယ်ကြားတဲ့သတင်းက မမှန်ဘူးထင်ပါရဲ့၊ စိတ်မရှိနဲ့နော် တူမကြီး၊ တစ်ခုတော့ကြိုပြီး ပြောချင်ပါတယ်၊ တကယ်လို့များ ဒီစံအိမ်ကြီးကိုရောင်းဖို့ စိတ်ကူးပေါ်လာတယ်ဆိုရင် အန်ကယ့်ကို အရင်ဆုံး အကြောင်းကြားပါ၊ အန်ကယ်စိတ်ဝင်စားလို့ပါ၊ ဒီမှာ အန်ကယ့်လိပ်စာကတ်၊ ဖုန်းနံပါတ်လည်း ပါပါတယ်"

"ဟုတ်ကဲ့ ... ကျွန်မ မှတ်ထားလိုက်ပါ့မယ်"

"ကဲ ... ဒါဆို အန်ကယ့်ကို ခွင့်ပြုပါဦး"

ဦးအုံ့မောင် ဆိုသူက နှုတ်ဆက်ပြီး ဆိုင်အတွင်းမှ ထွက်ကာ ခပ်လှမ်းလှမ်းရှိ ၎င်း၏ကားအနက်ကြီးပေါ်သို့ တက်သွားတော့သည်။

"သူဇာရေ ... နံ့သာမြိုင်စံအိမ်ကြီးရဲ့ ငွေကြေးအခက်အခဲနဲ့ တခြားပြဿနာတွေကို ဒီလူကြီး သိထားပုံရတယ်၊ ဒါကြောင့် ပေါပေါချောင်ချောင်နဲ့ ရမလားဆိုပြီး ချဉ်းကပ်တာ နေမှာပေါ့"





"ဟုတ်တယ် အစ်မညွှန့်၊ ကျွန်မလည်း အဲဒီလိုပဲသဘော ပေါက်ထားတယ်"

သောက်လက်စလက်ဖက်ရည်ကို အပြီးသတ်လိုက်ပြီးနောက် ငွေရှင်းပြီး ဆိုင်တွင်းမှအထွက်တွင် ခပ်လှမ်းလှမ်းသစ်ပင်အောက်မှ မိမိတို့ကို စူးစိုက်ကြည့်နေသော လူတစ်ယောက်ကို မြင်လိုက်သည်။

"အစ်မညွှန့် ဟိုမှာ စိုင်းမောင်မောင် ဆိုတဲ့လူ"

"အေး ... ဟုတ်တယ်၊ အစ်မတို့ ဘာလုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ၊ ကိုယ့်လမ်း ကိုယ်သွားရုံပေါ့"

နန်းသူဇာက မညွှန့်လက်ကိုဆွဲပြီး အပြန်လမ်းအတိုင်း ဂရုမစိုက်ဘဲ လျှောက်ခဲ့ကြသည်။ ခပ်လှမ်းလှမ်းရောက်မှ နောက်သို့လှည့်ကြည့်လိုက်သည်။ စိုင်းမောင်မောင် ဆိုသူကို မမြင်တွေ့တော့။

"ဟော့ ... မိန်းမချောလေး"

လမ်းကွေ့ချိုးမှ လှမ်းခေါ်သံကြောင့် နန်းသူဇာ လှည့်ကြည့်လိုက်သည်။ ဟိုဇာစ်လောက အကြော်ဆိုင်တွင်တွေ့ခဲ့သော တောင်ယာအလုပ်သမနှစ်ဦး။

"သြော် ... အစ်မတို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"လာပါဦးဟယ်၊ အကြော်စားရင်း စကားလေးဘာလေး ပြောရအောင်"

နန်းသူဇာက မညွန့်ကို တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ ... အစ်မညွန့်၊ ခဏလောက်ထိုင်ပြီး စကားပြောကြရအောင်၊ သူတို့က ကျွန်မကို ခင်နေကြတာလေ"

လမ်းအနီး သစ်ပင်ကြီးအောက်မှ အကြော်ဆိုင်လေးတွင် ထိုင်ဖြစ်ကြသည်။

"ဟိုနေ့က ညီမတို့အိမ်မှာ သရဲကြီးတစ်ကောင် တွေ့တယ်ဆို၊ ပြီးတော့ ညီမက ဓားနဲ့ခုတ်လိုက်တယ်ဆို၊ အဲဒါ ဟုတ်လား"

"အင်း ... ကျွန်မလည်း ကြောက်အားလန့်အားနဲ့ ခုတ်လိုက်တာပါ"

"ဟယ် ... သတ္တိရှိလိုက်တာ၊ အစ်မတို့က ညီမကို မြို့သူမို့ ခပ်ပျော့ပျော့ ခပ်နွဲ့နွဲ့ အောက်မေ့တာ တယ်သတ္တိကောင်းတာပဲ"

"သတ္တိကောင်းလို့တော့ မဟုတ်ဘူး၊ ကြောက်ကြောက်နဲ့ ရမ်းလုမိလိုက်တာ"





"ရှမ်းသာမြို့ထဲမှာတော့ ညီမရဲ့သတင်းက လူတိုင်းပါးစပ်ဖျားမှာ ရောက်နေကြတာကွယ့်"

"ဒါနဲ့ ညီမက သရဲကြီးကို သေသေချာချာ တွေ့လိုက်ရလား၊ ဘယ်လိုကြီးလဲ"

"မျက်နှာကလည်း ကြောက်စရာကြီး၊ ပြီးတော့ အမွေးမည်းမည်းကြီးနဲ့"

"အမယ်လေး ... အစ်မတို့သာဆိုရင် မြင်ရုံနဲ့လန့်ပြီးသေမှာပဲ"

အကြော်စားလိုက် စကားကို အားပါးတရပြောလိုက်နှင့် ရီးသားသော တောင်သူအမျိုးသမီးကြီးတို့ကို သူဇာရော၊ မညွန့်ပါ အတော်ခင်မင်သွားကြသည်။

"ကဲ ... ဒီက အစ်မကြီးတို့နဲ့ စကားပြောရတာ အတော်ကောင်းပါတယ်၊ ကျွန်မတို့လည်း ဈေးဝယ်ထွက်လာတာ၊ အတော်တောင် ကြာသွားပြီ"

မညွန့်၏ စကားကြောင့် တောင်သူအမျိုးသမီးနှစ်ဦးက ...

"ဟုတ်ပါ့တော်၊ စကားကောင်းနေတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီက အစ်မကြီးတို့ကို ကျွန်မ တစ်ခုလောက်တော့ အကူအညီ ကြိုတောင်းထားရဦးမယ်"

"ပြောလေ၊ ရှင်က ဘာအကူအညီ တောင်းမှာလဲ"

"ဒီလိုပါ၊ ကျွန်မညီမလေး သူဇာက ဒီမြို့နဲ့ နည်းနည်းစိမ်းနေသေးတယ်လေ၊ ပြီးတော့ သူသွားတဲ့လာတဲ့နေရာမှာ အန္တရာယ်တွေ ဘာတွေ တွေ့မှာ ကျွန်မတို့က စိုးရိမ်နေကြတာ အဲဒါကြောင့် ဒီက အစ်မကြီးတို့က တွေ့တဲ့နေရာမှာ စောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံချင်တာပါ"

"အလိုတော် ... ဒါများပြောနေစရာ လိုသေးလို့လား၊ ဒီ မိန်းမချော ညီမလေးအတွက်ဆို ဘယ်လိုလူမျိုးက အန္တရာယ်ပေးပေး ကျုပ်တို့နဲ့တွေ့သွားမှာပေါ့၊ ကျုပ်တို့က တစ္ဆေသရဲသာ ကြောက်တာ။ လူလူချင်းဆိုရင်တော့ ကျုပ်တို့လက်နဲ့ တွေ့သွားမယ်"

တောင်သူအမျိုးသမီးကြီးတို့က အားတက်သရော ပြောလိုက်သော စကားတို့ကြောင့် သူဇာနှင့်မညွန့်တို့ ကျေနပ်ဝမ်းသာသွားကြရပါ၏။

✤ ✿ ✤



## အခန်း(၁၂)

မညွန့်တစ်ယောက် ဗိုက်အောင့်နေသဖြင့် အိပ်ရာမှ မထနိုင်။ ညက လက်ဖက်သုပ်များစားပြီး အောင့်ခြင်းဖြစ်သည်။ ထို့ကြောင့် ဒေါ်လေးနန်းမူနှင့် သူဇာတို့ နောက်ဖေးမီးဖိုချောင်တွင် အလုပ်များနေကြရသည်။

"ဒေါ်နန်းမူရေ ... မောင်မိုးကောင်း လာတယ်"

အိမ်ရှေ့ခြံဝင်းမှ ဦးဖိုးချက် အော်ခေါ်မှုကြောင့် သူဇာ အိမ်ရှေ့သို့ထွက်၍ တံခါးဖွင့်ပေးလိုက်သည်။

"သြော် ... ကိုမိုးကောင်း"

"ဒေါ်လေးရော"

"ရှိတယ်၊ နောက်ဖေးမှာ လာလိမ့်မယ်၊ အိမ်ထဲဝင်လေ"

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းက အိမ်ရှေ့ဧည့်ခန်းတွင် ဝင်ထိုင်လိုက်သည်။ နန်းသူဇာက ရေနွေးကြမ်းအိုးချပေးနေစဉ် ဒေါ်လေးနန်းမူ အခန်းထဲမှ ထွက်လာသည်။

"မောင်မိုးကောင်းရေ ဘာကိစ္စများရှိလို့လဲ"

"ကျွန်တော်က မာတ်မြေသြဇာဝယ်ဖို့ မှာတာပါ၊ ဦးလေးက သူ့စာရင်းစာအုပ်နှစ်အုပ် ကျန်နေလို့ ဝင်ယူခဲ့ဖို့ မှာလိုက်လို့၊ သူ့စားပွဲပေါ်က အနီရောင်စာရင်းစာအုပ်နှစ်အုပ်တဲ့"

"သြော် ... အေး ... အေး"

ဒေါ်နန်းမူက ချက်ချင်းပင် အခန်းတွင်းသို့ဝင်၍ စာရင်းစာအုပ်ယူသည်။

"အမယ်လေး ... အော်လိုက်တာ"

မညွန့်၏အော်ဟစ်ညည်းတွားသံကြောင့် မိုးကောင်းက ...

"ဘယ်သူ ဘာဖြစ်လို့လဲ"

"သြော် ... အစ်မညွန့် ဗိုက်အောင့်နေလို့၊ ညက အစားမှားပြီး တစ်ညလုံး အောင့်နေတာ"





"ဆေးခန်းမသွားဘူးလား"

ဆေးခန်းသွားဖို့က အိမ်မှာ ကျွန်မတို့ချည်းပဲ ဖြစ်နေလို့၊ ဦးလေးနဲ့ ကိုပုကလည်း ခြံထဲကို သွားကြပြီဆိုတော့ ...

"ကျုပ်လိုက်ပို့ပေးမယ်၊ သူ့ကိုခေါ်လိုက်"

မိုးကောင်းက ပြောရင်း ထိုင်ရာမှ ထလိုက်သည်။ ဒေါ်လေးနန်းမူက စာရင်းစာအုပ်များ ယူလာပြီး မိုးကောင်းလက်ထဲသို့ထည့်သည်။

"မညွန့်ကတော့ ညကလက်ဖက်တွေ တအားစားပြီး အောင့်သတဲ့ကွယ်"

ခဏနေတော့ သူဇာက မညွန့်ကိုတွဲ၍ ထွက်လာကြသည်။

"ကဲ ... လာ၊ ကားတော့မရှိဘူး၊ မြင်းလှည်းနဲ့သွားကြတာပေါ့"

မိုးကောင်းက မြင်းလှည်းတစ်စီးငှားပြီး သူဇာနှင့် မညွန့်ကိုတင်ကာ မြို့ထဲဆေးခန်းသို့ ထွက်ခဲ့ကြသည်။

ဆေးခန်းသို့ရောက်၍ ဆေးကုသအပြီးတွင် ဆရာဝန်ကြီးက နန်းသူဇာအားကြည့်၍ ...

www.burmeseclassic.com



"တူမကြီးက နံ့သာမြိုင်ကဆိုတော့ နန်းမာလာနဲ့ ဘာတော်လဲ"

"မမမာလာရဲ့ညီမပါ"

"ဪ ... ဒါကြောင့်မို့ တူပါတယ်လို့ ထင်နေတာ၊ ဒါနဲ့ မောင်လှဝေရော အိမ်ဘက်ရောက်သေးလား"

"ဒီရက်ပိုင်းတော့ မရောက်ပါဘူး ဆရာ"

"သူ့ဒဏ်ရာ သက်သာရဲ့လား သိချင်လို့၊ အေးလေ ... ဒီကိုထပ်မရောက်လာရင်တော့ သက်သာလို့ နေမှာပါ"

"ကိုလှဝေက ဘာဖြစ်လို့လဲ ဆရာ"

မိုးကောင်းက ဝင်၍မေးလိုက်သဖြင့် ဆရာဝန်ကြီးက မျက်မှန်ကိုတစ်ချက်ပင့်တင်ရင်း ...

"လွန်ခဲ့တဲ့ခြောက်ရက်လောက်က ညကြီးမင်းကြီး ဆရာ့ဆီကို ရောက်လာတယ်လေ၊ ကားပြင်ရင်း လက်ကိုပန်ကာထိမိလို့တဲ့၊ သွေးတွေလည်း တော်တော်ထွက်နေတာ၊ ဒဏ်ရာက ငါးချက်လောက် ချုပ်လိုက်ရတယ်"

"သူကလည်း ညကြီးသန်းခေါင် ကားပြင်ရတယ်လို့"





"မသိပါဘူးကွယ်၊ ဆရာ့ဆီရောက်လာတော့ ဒဏ်ရာကလည်း သွေးအတော်ထွက်နေတယ်၊ ဒီလောက်အေးတဲ့အချိန်ကြီးမှာတောင် တစ်ကိုယ်လုံး ချွေးတွေနဲ့"

နန်းသူဇာက မျက်မှောင်ကိုကြုတ်၍ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိ၏။

"ကဲ ... အမိ၊ ကျုပ်တို့ သွားကြရအောင်"

မိုးကောင်း၏စကားသံကြားမှ သတိရသွားသည်။

"ဪ ... ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဆေးခန်းမှ ထွက်လာပြီး မြင်းလှည်းငှားရန်စောင့်နေစဉ် ...

"ကိုမိုးကောင်း"

"အင် ... ဘာများလဲ"

နန်းသူဇာသည် ပြောရန်စကားကို ချိတုံချတုံဖြင့် စဉ်းစားလိုက်သည်။ ပြီးမှ ...

"ဟိုနေ့ညက ပြဿနာဖြစ်ပြီး နောက်နေ့ နေ့လယ်မှာ ကိုလှဝေ အိမ်ကိုရောက်လာတယ်၊ ကိုမိုးကောင်းနဲ့တောင် တွေ့သွားသေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်လေ"

"အဲဒီနေ့က သူ့ ဂျာကင်အင်္ကျီ ဝတ်ထားတယ်"

"တွေ့တယ်လေ၊ ဘာဖြစ်လို့လဲ"

"သူပြန်တော့ စာအုပ်ကျန်ခဲ့လို့ ကျွန်မ လိုက်ပေးတယ်၊ အဲဒီအချိန်မှာ သူက ကားထဲရောက်နေပြီ၊ ပြီးတော့ သူ ဂျာကင်ချွတ်ပြီး ခေါင်းမှာချထားတယ်။ သူ့ရဲ့ညာဘက်လက်မှာ ပတ်တီးစည်းထားတာ တွေ့လိုက်တယ်"

"အဲဒီတော့ အမိက ဘယ်လိုထင်လို့လဲ"

"အဲသည်ညက ပြဿနာနဲ့ ကိုလှဝေ သက်ဆိုင်နေမလားလို့"

နန်းသုစာက ပြောရင်း မိုးကောင်းကို မော့ကြည့်လိုက်သည်။ မိုးကောင်းက နန်းသုစာကို တစ်ချက်စိုက်ကြည့်ပြီး ခပ်ဆေးဆေးသို့ငေးကာ စကားကို ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"ခုချိန်မှာ ဘာမှတပ်အပ်သေချာ မပြောနိုင်သေးဘူးပေါ့၊ တိုက်ဆိုင်မှုလည်း ဖြစ်နိုင်တာပဲလေ၊ ဒါပေမဲ့ သတိဆိုဘာ ပိုတယ်တော့ မရှိပါဘူး၊ အမြဲတမ်း သတိတော့ ရှိပါစေပေါ့"





မိုးကောင်းလည်း ပြောရင်းမှ မြင်းလှည်းတစ်စီးကို လှမ်းတားလိုက်သည်။

မိုးကောင်းက နန်းသုစာတို့ကို အိမ်သို့ပြန်ပို့ပေးပြီး စာတ်မြေသြဇာဝယ်ရန် မြို့ထဲသို့ ပြန်ထွက်သွားတော့သည်။

နေ့လယ်လောက်တွင် မညွန့်၏ဗိုက်အောင့်ဝေဒနာမှာ အတော်သက်သာသွားသဖြင့် မီးဖိုချောင်သို့ ပြန်ဝင်နေပြီဖြစ်သည်။ နန်းသုစာ နောက်ဖေးဘက်သို့ ရောက်သွားတော့ မီးဖိုခန်းထဲတွင် မညွန့်နှင့် နန်းသုစာ နှစ်ယောက်တည်း။

"သုစာ"

"ရှင် ... အစ်မညွန့်"

"မနေ့က ညီမ ပြောသလိုဆိုရင် ဟိုညက မည်းမည်းအကောင်ကြီးက ကိုလှဝေများလား"

"အင်း ... ကျွန်မလည်း မပြောတတ်တော့ဘူး၊ တကယ်လို့ ကိုလှဝေသာ ဟုတ်တယ်ဆိုရင် ကျွန်မတို့အတွက် အန္တရာယ်က အနီးလေးမှာပဲပေါ့"

"သုစာရယ်၊ အစ်မတော့ အဲဒီအကြောင်းတွေးလိုက်တိုင်း ကြက်သီးထမိတယ်၊ သုစာရော မကြောက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ အစ်မညွန့်ရယ်၊ သူဇာလည်း ကြောက်တာပေါ့"

"ဒါနဲ့ အစ်မညွန့် သိချင်တာလေးတစ်ခုတော့ သူဇာ့ကို မေးကြည့်ချင်တယ်"

"ဘာများလဲ အစ်မညွန့်ရဲ့"

"ကိုလှဝေရဲ့လက်မှာ ပတ်တီးစည်းထားတာကို သူဇာက အရင်မြင်ခဲ့တယ်နော်၊ အဲဒီအကြောင်း ဦးလေးတို့ ဒေါ်လေးတို့ကိုမပြောဘဲနဲ့ မောင်မိုးကောင်းကိုမှ ဘာဖြစ်လို့ သူဇာက ပြောတာလဲ"

"သူဇာလည်း မပြောတတ်ဘူး၊ ဆေးခန်းမှာ ဆရာဝန်ကြီး ပြောလိုက်တော့ ဆက်စပ်မိပြီး ကိုမိုးကောင်းကို ပြောပြမိလိုက်တာ ထင်တာပဲ"

"အစ်မညွန့် ထင်တာ ပြောမယ်နော်"

"ပြောလေ အစ်မရဲ့"

"သူဇာ့စိတ်ထဲမှာ မောင်မိုးကောင်းကို အားကိုးစိတ်နဲ့ပြောပြလိုက်တာလားလို့ အစ်မ ထင်နေတာ"





"အယ် ... အစ်မညွန့်ကလည်း၊ ဘာဆိုင်လို့ အဲဒီလူကြီးကို အားကိုးရမှာလဲ"

"ဟုတ်တယ် သူဇာရဲ့၊ ဒီအိမ်ကြီးမှာ ဦးလေးနဲ့ ဦးဖိုးချက်က အသက်ကြီးပြီ၊ ကိုပုကလည်း အားကိုးလောက်တာ မဟုတ်ဘူး၊ ကျန်တာက မိန်းမသားချည့်ပဲ၊ ဒီတော့ မောင်မိုးကောင်းကို သူဇာ အားကိုးချင်စိတ် ဖြစ်လာမှာအမှန်ပဲပေါ့"

"သူဇာ့အနေနဲ့ ကိုမိုးကောင်းကို အစ်ကိုတစ်ယောက်လို သဘောထားပြီး တိုင်ပင်လိုက်မိတာပါ၊ အစ်မညွန့်ပြောသလို အားကိုးတာမျိုးတော့ မဟုတ်ပါဘူး"

"အစ်မညွန့်ကလည်း ဒီသဘောပြောတာပါ၊ သူဇာက ဘယ်လိုသဘောပေါက်လို့လဲ၊ ဘာလဲ ... တစ်ဘဝလုံးအတွက် အားကိုးရမယ့်သူလို့ အစ်မက ပြောလို့လား"

"အာ ... တော်ပြီ၊ အစ်မညွန့်ကလည်း"

နန်းသူဇာက စကားတစ်ဝက်တစ်ပြက်နှင့် အခန်းတွင်းမှ ပြေးထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ် မိမိ၏အခန်းတွင်းရောက်ပြီး ခုတင်ပေါ်တွင်လှဲကာ စောစောက စကားများကို ပြန်လည်တွေးတောမိသည်။

မိမိကိုယ်တိုင်က ကိုမိုးကောင်းကို အားကိုးတကြီးနှင့် ပြောပြတိုင်ပင်လိုက်မိလေသလားဟု မေးခွန်းထုတ်ကြည့်သည်။ ချက်ချင်း အဖြေကထွက်မလာ။

လီမှော်ခြံတောစပ်တွင် တောဝက်နှင့် ရင်ဆိုင်တွေ့ရစဉ်က ကိုမိုးကောင်း၏အပြုအမူတို့က ယခုပြန်တွေးလျှင် ယခုပြန်၍ ရင်ခုန်မြန်ရသည်။ ကြက်သီးဖြန်းဖြန်း ထရသည်။ တစ်ဖန် ကိုမိုးကောင်း၏ ကြွားဝါမှုမရှိသောဟန်စကားကို တည်ကြည်လေးနက်စွာ ပြောဆိုတတ်ဟန်တို့ကလည်း လေးစားလောက်စရာဖြစ်သည်။ မိမိလက်ချက်ဖြင့် ဒဏ်ရာရသွားသော မည်းမည်းသဏ္ဌာဝါကြီးနှင့် ပတ်သက်ပြီး ကိုမိုးကောင်း လက်တွင် ပတ်တီးဒဏ်ရာနှင့် တွေ့ရသောအခါ ရင်ထဲတွင် မွန်းကျပ်၍ မဟုတ်မမှန်ပါစေနှင့်ဟူသော အတွေးတို့က နှန်းသူ့စာရင်ထဲ အပြည့်နေရာယူခဲ့သည်။ ဒဏ်ရာမှာ ဓားဒဏ်ရာမဟုတ်ကြောင်း သိခဲ့ရပြန်တော့ ရင်ထဲ ပေါ့ပါးသွားခဲ့ရပုံကို သတိရမိသည်။



ယခုမနက်က ဆေးခန်းတွင် ဆရာဝန်ကြီး၏ပြောပြချက်အရ ကိုလှဝေလက်တွင် ဒဏ်ရာရခဲ့ပုံကို သိရပြန်ရာ ကိုမိုးကောင်းကို ချက်ချင်းပြောပြသည့် အနေအထားမှာ အစ်မညွန့်ပြောသကဲ့သို့ မိမိက အားကိုးစိတ်နှင့်များ ပြောလိုက်မိလေသလားဆိုသည့်ကို စဉ်းစားမိသည်။

မဟုတ်ပါဟု နှုတ်မှငြင်းဆိုရန် ကြိုးစားနေမိသော်လည်း အတွင်းစိတ်ကမူ ဟုတ်သလိုလို ခံစားနေမိသည်။

“အို ... ဒီလူကြီးကို ဘာလို့ အားကိုးရမှာလဲ၊ ဘာဆိုင်လို့လဲ”

မိမိ၏အတွေးကို အတင်းငြင်းဆန်ရန် ကြိုးစားသော်လည်း ရင်ထဲမှာတော့ တလှပ်လှပ်နှင့် ခံစားရပါ၏။

နှံ့သာမြိုင်စံအိမ်ကြီးသို့ ကိုလှဝေ ရောက်လာတော့ နေပင်အတော်စောင်းနေချေပြီ။ ကိုလှဝေက ဘောင်းဘီရှည်နှင့် ဂျာကင်ကို ဝတ်ဆင်ထားသည်။

“မောင်လှဝေ ... မင်းလည်း ဒီရက်ပိုင်း ပျောက်ချက်သား ကောင်းနေပါလား၊ ဒီကိုမရောက်တာတောင် လေငါးရက်လောက်ရှိပြီ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေါ်လေးရေ၊ စိတ်ကတော့ ရောက်ပါတယ်၊ လူကမအားလို့၊ ဒီနေ့တော့ အချိန်ယူပြီး ထွက်လာတာ၊ ဒါနဲ့ ဟိုနေ့ညကဖြစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဘာထူးသေးလဲ"

"ဟင့်အင်း ... ဒီရက်ပိုင်းမှာတော့ ဘာမှထူးခြားတာမရှိဘူး မောင်လှဝေရဲ့"

ကိုလှဝေက ခေါင်းတညိတ်ညိတ်နှင့် လုပ်နေလိုက်သည်။

"တော်သေးတာပေါ့ ဒေါ်လေးရယ်၊ ကျွန်တော်က အဲဒီကိစ္စကိုပဲ စိတ်ပူနေတာ"

"ပြောသာ ပြောရတာ မောင်လှဝေရေ၊ ဒေါ်လေးတို့လည်း ဘယ်နေ့ ဘာများဖြစ်ဦးမလဲဆိုတဲ့ အတွေးနဲ့ နေ့စဉ်လိုလို စိတ်ထဲထင့်နေရတာ၊ ကောင်းကောင်းကို စားလို့အိပ်လို့ မရပါဘူးကွယ်"

"ဒါနဲ့ သူဇာရော၊ မမြင်ပါလား"

"ရှိတယ်ကွယ့်၊ အိမ်ကြီးဘေးက ခြံထဲမှာ ပန်းပင်လေးတွေ မြေဆွနေတယ်"





"ဒါဆို ကျွန်တော် သွားတွေ့လိုက်ဦးမယ်"

"ဒေါ်လေး ခေါ်လိုက်မယ်လေ"

"နေပါစေ ဒေါ်လေး၊ ကျွန်တော့်ဘာသာ သွားတွေ့လိုက်ပါမယ်"

ကိုလှဝေက ပြောပြောဆိုဆိုနှင့် အိမ်ဘေးဘက်သို့ ထွက်လာခဲ့သည်။

အိမ်ဘေးဘက်ရှိ မြေနေရာတွင် ရောင်စုံပန်းများ ပွင့်လန်းလျက်ရှိသည်။ ခပ်လှမ်းလှမ်း တစ်နေရာတွင် ပန်းအိုးများနှင့် အလုပ်ရှုပ်နေသော နန်းသူဇာကို တွေ့လိုက်ရသည်။

"သူဇာ"

"ရှင်"

ခေါ်သံကြောင့် နန်းသူဇာ ဆတ်ခနဲ မော့ကြည့်လိုက်သည်။ မားမားကြီး ရပ်ကြည့်နေသော ကိုလှဝေကို တွေ့လိုက်ရသဖြင့် ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားကာ လက်ထဲတွင်ကိုင်ထားသော မြေဆွသည့်ခက်ရင်းက မြေကြီးပေါ်သို့ ပြုတ်ကျသွားတော့သည်။

"ကို ... လှ ... ဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ သူဇာရယ်၊ ကိုယ့်ကိုမြင်ရတာ သရဲတစ္ဆေကို တွေ့လိုက်ရတာ ကျနေတာပဲ၊ အလန့်တကြားနဲ့ မျက်နှာမှာလည်း သွေးမရှိတော့သလိုပဲ"

"ဩော် ... မ ... မဟုတ်ပါဘူး ကိုလှဝေ၊ ကျွန်မအတွေး လွန်နေတုန်း ဗြုန်းခနဲ တွေ့လိုက်ရတော့ လန့်သွားတာပါ"

"ဘာတွေတွေးနေလို့လဲ သူဇာ"

"ဘာရယ် မဟုတ်ပါဘူး၊ ဟိုတွေး ဒီတွေးနဲ့ပါ၊ အိမ်ထဲဝင်လေ၊ ဒီမှာမတ်တတ်ကြီး၊ ဒေါ်လေးတို့လည်း ရှိပါတယ်"

"ဒေါ်လေးနဲ့တွေ့ပြီးပြီ၊ သူဇာ ဒီမှာရှိတယ်ဆိုလို့ လိုက်လာတာ"

"ဩော် ... ဘာကိစ္စများရှိလို့လဲ ကိုလှဝေ"

"သူဇာ့ကို ပြောစရာလေးတွေ ရှိနေလို့ လာခဲ့တာ"

"ဟုတ်ကဲ့ ... ပြောပါ"

ကိုလှဝေက စကားကို ချက်ချင်းမပြောသေးဘဲ အနီးမှ ပန်းပင်လေးကို တယုတယကိုင်၍ ကြည့်နေလိုက်သည်။ ပြီးမှ ...





"ဒီပန်းလေးတွေ ခုလို လှပလန်းဆန်းဖို့ဆိုတာ မြေဩဇာကောင်းဖို့ ရေမှန်မှန်ရဖို့ လိုအပ်သလို သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ ရေဒဏ် လေဒဏ်နဲ့ တခြားအန္တရာယ်တွေအားလုံး ကင်းရှင်းမှ လှပမွှေးကြိုင်တဲ့ လန်းဆန်းတဲ့ပန်းလေးတစ်ပွင့် ဖြစ်လာမှာပေါ့နော် ... သူဇာ"

"ဟုတ်"

နှင်းသူဇာက ကိုလှဝေ၏ အဆက်အစပ်မရှိ ပြောလာသော စကားတို့ကို တွက်ဆနေမိသည်။

"အဲဒီလို လှသော မွှေးသော ပန်းကလေး လန်းဆန်းရှင်သန်နေဖို့ ဘေးကထိန်းသိမ်းစောင့်ရှောက်တဲ့သူ လိုအပ်တယ် သူဇာရဲ့"

"ကိုလှဝေ ဘာကို ဆိုလိုနေတာလဲ"

ကိုလှဝေက နှင်းသူဇာ၏ အမေးစကားကို လက်ကာပြလိုက်သည်။

"ပြောမယ်လေ၊ ဒီပန်းလေးတွေလိုပဲ သူဇာလို အသင်ငယ်ရွယ်ပြီး ချောမောလှပတဲ့ မိန်းမပျိုလေးတစ်ဦးအတွက် ခုလိုအန္တရာယ်မျိုးတွေ တွေ့နေရတာ ကိုယ် အရမ်းစိတ်မှ

www.burmeseclassic.com

www.burmeseclassic.com



မိတယ်၊ ဒါကြောင့် သူဇာရဲ့အခက်အခဲတွေနဲ့ အန္တရာယ်တွေအတွက် ကိုယ် တာဝန်ယူ စောင့်ရှောက်ချင်တယ်"

"ရှင်"

"မှတ်ထားတယ် သူဇာ၊ မင်းကို လက်ထပ်ပြီး အနီးကပ်စောင့်ရှောက်ပေးချင်တာယ်၊ ဒါက်လည်း ဖြစ်နေတဲ့အဖြစ်အပျက်တွေက သူဇာမှာ အားကိုးရမယ့်လူတစ်ဦး လိုအပ်နေပြီဆိုတာ ဖော်ပြနေတယ်လေ၊ သူဇာ အားကိုးရာမဲ့ ဖြစ်နေမှာကို ကိုယ်မလိုလားဘူး၊ ဒါကြောင့် ကိုယ့်ရင်ထဲက ဖြစ်လာတဲ့ သံယောဇဉ်နဲ့ယှဉ်တဲ့ စေတနာစကားကို သူဇာအလေးအနက်ထားပြီး လက်ခံစေချင်တယ်"

"နေပါဦး ကိုလှဝေ၊ အခုပြောနေတဲ့စကားတွေက ကိုလှဝေဘက်က တစ်ဖက်သတ်ပြောပြီး တစ်ဖက်သတ်စီရင်ချက်ချနေတာ ဖြစ်မနေဘူးလား"

"အခုအချိန်က စာအုပ်ကြီးအတိုင်း မင်းကို ချစ်ရေးဆိုနေဖို့ အခြေအနေမရှိဘူး သူဇာ၊ ပြီးတော့ မင်းဟာ မာလာရဲ့ညီမလည်း ဖြစ်နေတော့ ကိုယ့်မှာ စောင့်ရှောက်ရမယ့်တာဝန်ရှိနေတယ်လေ"





"ဘာဆိုင်လို့လဲ ကိုလှဝေ၊ အစ်မရဲ့ချစ်သူဖြစ်ရုံနဲ့ ညီမလုပ်တဲ့သူကို တာဝန်ယူ လက်ထပ်ချင်တယ် ဆိုတာကတော့ မရိုးလွန်းဘူးလား"

"ဒါတွေ ကိုယ်ဂရုမစိုက်ဘူး၊ မင်းအနေနဲ့ သိထားဖို့က မင်းတို့အားလုံးရဲ့ ရပ်တည်မှုက ကိုယ့်ရဲ့အကူအညီအောက်မှာ ရှိနေတယ်ဆိုတာပဲ၊ မင်းတို့ရဲ့ အခက်အခဲတွေအားလုံးအတွက် ကိုယ်သာမကူညီခဲ့ရင် မင်းတို့ ဘယ်အခြေအနေရောက်သွားမလဲဆိုတာ စဉ်းစားကြည့်"

"ရှင်က လူကိုအကြွေးနဲ့သိမ်းမယ်လို့ ဆိုလိုက်တာပေါ့"

"ကိုယ် အဲဒီလောက် မရိုင်းပါဘူး၊ မင်းကိုချစ်လို့ လက်ထပ်မယ်လို့ပြောတာ ကိုယ့်ရဲ့ရင်ထဲကလာတဲ့ စေတနာမေတ္တာစကားကို မင်း အထင်မလွဲပါနဲ့"

"ကျွန်မက စဉ်းစားတွေးခေါ်တတ်တဲ့အရွယ် ရောက်နေပါပြီ၊ အခုဖြစ်နေတဲ့ အခက်အခဲနဲ့ ပြဿနာတွေအားလုံးကိုလည်း ရအောင်ဖြေရှင်းမှာပါ"

"မင်းလို ငယ်ရွယ်တဲ့ မိန်းကလေးတစ်ဦးအနေနဲ့ ဘယ်လိုဖြေရှင်းမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကျွန်မအပိုင်းပါ၊ မကြာခင် အားလုံးရှင်းသွားမှာပါ"

"မင်း ကိုယ့်စေတနာကို နားမလည်သေးပါလား သူဇာရယ်"

"ကိုယ့်ကြမ္မာကိုယ် ဖန်တီးရမှာပေါ့ ကိုလှဝေ၊ ကဲ ... ကျွန်မလည်း ခြေလက်ဆေးချင်နေပြီ၊ ကျွန်မကို ခွင့်ပြုပါဦး"

နန်းသူဇာလည်း ကိုလှဝေအနီးမှ ထွက်လာခဲ့တော့သည်။ ကိုလှဝေထံမှ တက်ခေါက်သံတစ်ချက် ကြားလိုက်ရ၏။

"တောက်"

✤ ✿ ✤





## အခန်း(၁၃)

ယနေ့မနက် ဦးဘသော် လိမ္မော်ခြံသို့မသွားမီ မိုးကောင်း အိတ်တစ်လုံးနှင့် ရောက်လာသည်။

"လာဟေ့ ... မောင်မိုးကောင်း"

"လိမ္မော်သီးဖိုးတွေ ရောက်လာလို့ လာအပ်တာ ဦးလေး"

"ငါတို့ခြံထဲလာမှရှင်းလည်း ရရဲ့သားနဲ့၊ ကဲ ... ရောက်မှတော့ အေးအေးဆေးဆေး နားဦး၊ မနက်စာ ဒီမှာပဲစား"

နန်းသူဇာနှင့် မညွန့်တို့က နံနက်စာအတွက် ဈေးသွားရန် အိမ်မှထွက်ခဲ့ကြသည်။ ဈေးဝယ်ပြီးနောက် ပြန်ထွက်လာခဲ့ကြရာ ဈေးနှင့်မလှမ်းမကမ်းအရောက်တွင် လူစိမ်းနှစ်ဦးနှင့်တွေ့လိုက်ရသည်။ တစ်ဦးမှာ နှုတ်ခမ်းမွေးနှင့် လူမိုက်ရုပ်ဖြစ်ပြီး နောက်တစ်ဦးမှာ ခေါင်းတုံးနှင့် ခပ်ဝဝဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမက နို့သာမြိုင်စံအိမ်ကြီးက မဟုတ်လား"

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ"

"ကျုပ်တို့ဆရာကြီးဦးအံ့မောင်က ခေါ်ခိုင်းလိုက်လို့ပါ။ ဟိုဘက်နား စားသောက်ဆိုင်မှာ ဆရာကြီးစောင့်နေပါတယ်"

"ရှင်တို့ဆရာကြီးနဲ့ ကျွန်မ တွေ့စရာအကြောင်း ဘာမှမရှိပါဘူး၊ ကျွန်မတို့ အိမ်ပြန်ပြီး ချက်ပြုတ်ရဦးမယ်ရှင့်၊ ခွင့်ပြုပါဦး"

နန်းသူဇာက မည္သွန့်လက်ကိုဆွဲပြီး ထွက်ခွာမည်ပြုစဉ် နှုတ်ခမ်းမွေးနှင့်လူက ရှေ့မှနေ၍ လက်ဖြင့်တားလိုက်သည်။

"ကျုပ်တို့ဆရာကြီးက ဖိတ်ခေါ်တာကို မငြင်းချင်ပါနဲ့၊ သွားတွေ့လိုက်ပါ"

"ကျွန်မ သွားတွေ့စရာအကြောင်း ဘာမှမရှိဘူး၊ ကဲ ... လမ်းဖယ်ပေးပါ"

"ကျုပ်တို့ဆရာကြီးရဲ့စကားကို လွန်ဆန်ရင်ကလေးမတို့အတွက် အကျိုးယုတ်သွားနိုင်ပါတယ်၊ သွားတွေ့လိုက်ပါ"



"ကျွန်မ ပြောပြီးပြီ ... ဖယ်"

နန်းသူဇာက စိတ်တိုလာပြီး စကားကို ခပ်ပြတ်ပြတ်ပြောလိုက်သည်။ ထို့နောက် နှုတ်ခမ်းမွေးနှင့်လူရှေ့မှ ဖြတ်ထွက်သည်။ ဤတွင် ခေါင်းတုံးနှင့်လူဝကြီးက နန်းသူဇာ၏လက်မောင်းကို လှမ်းဆွဲထားပြီး ...

"သွားဆိုရင် သွားလိုက်လေ"

"လွှတ်စမ်း ... ရှင်တို့ ရမ်းကားလှချည်လား"

နန်းသူဇာက ပြောပြောဆိုဆို လက်ကိုဆောင့်ရုန်းလိုက်သည်။

"ရှင်တို့ ဘယ်လိုလူတွေလဲ၊ ကျွန်မ အော်လိုက်ရမလား"

မည္သွန့်က ကတုန်ကယင်ဖြင့် ဝင်ပြောသည်။

"တိတ်စမ်း"

ခေါင်းတုံးနှင့်လူဝကြီးက မည္သွန့်ကို ခပ်ထန်ထန်အော်ငေါက်ပစ်လိုက်သည်။

"ဟဲ့ ... ဟဲ့ ... ဒါ ဘာဖြစ်နေတာလဲ၊ ဘာလုပ်နေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်သံတို့နှင့်အတူ နန်းသူဇာတို့အနီးသို့ရောက်လာသူများက တောင်သူအမျိုးသမီးလေးဦး လက်ထဲတွင်လည်း ထမ်းပိုးများ ဝါးရင်းတုတ်များကို ကိုင်ဆောင်လျက် ...

"ညီမလေး ဘာဖြစ်တာလဲ၊ ဒီလူတွေက ဘာလုပ်လို့လဲ"

ပြောပြောဆိုဆို တောင်သူအမျိုးသမီးကြီးတစ်ဦးက နန်းသူဇာရှေ့တွင် ကာရပ်လိုက်သည်။

"နင်တို့အလုပ် ဘာမှမပါဘူး၊ ဖယ်စမ်း"

နှုတ်ခမ်းမွေးနှင့်လူက တောင်သူအမျိုးသမီးကြီးကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။

"ဒီမိန်းကလေးက ငါတို့ရဲ့မိတ်ဆွေ၊ ဒီမိန်းကလေးကို အနှောင့်အယှက်ပေးရင် ငါတို့က ဒီအတိုင်းကြည့်နေမှာ မဟုတ်ဘူး"

"အောင်မာ ... နင်တို့က ..."

"ခေါင် ... အား"

ခေါင်းတုံးနှင့်လူဝကြီး စကားဆုံးအောင် မပြောလိုက်ရပါ။ တောင်သူအမျိုးသမီးကြီးတစ်ဦး၏ ထမ်းပိုးက ခေါင်းပြောင်ပြောင်ပေါ်သို့ ကျရောက်သွားခဲ့သည်။





"ငါ့ကို ဘာမှတ်သလဲ၊ ကျားဖြူရွာမှာ လက်သံအပြောင်ဆုံး မိညှက်တဲ့ဟော့"

"ခွပ် ... အု"

နှုတ်ခမ်းမွေးလည်း မလွတ်ပါ။ တောင်သူအမျိုးသမီးကြီးလေးဦး၏ တက်ညီလက်ညီ လက်သံပြောင်မှုက နှုတ်ခမ်းမွေးနှင့် ခေါင်းတုံးတို့နှစ်ဦး ထွက်ပြေးရသည်အထိ ဖြစ်တော့၏။

"မှတ်ထား ... ငါတို့ညီမကို နှောင့်ယှက်ရင် အခုလိုခံစားသွားရမယ်"

တောင်သူအမျိုးသမီးကြီး မိညှက် ဆိုသူက ထမ်းပိုးကို တင်းတင်းဆုပ်ကိုင်ရင်း ကြုံးဝါးလိုက်သည်။ ဦးအုံ့မောင်၏ တပည့်ဆိုသူ နှစ်ဦးကတော့ နောက်သို့တစ်ချက်မျှပင် လှည့်မကြည့်နိုင်တော့။

"ကျေးဇူးအရမ်းတင်ပါတယ် အစ်မတို့ရယ်"

"မလိုပါဘူး ညီမရယ်၊ အစ်မတို့က ကာကွယ်စောင့်ရှောက်ပေးမယ်လို့ ပြောထားတာပဲ၊ ဒါလောက်က အသေးအဖွဲပါ"

"ဘာပဲဖြစ်ဖြစ်လေ၊ ခုလိုဝင်ပြီး ကူညီစောင့်ရှောက်ပေးတာကိုတော့ ကျေးဇူးတင်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဘယ်လိုဖြစ်တာလဲ၊ သူတို့က တမင်နှောင့်ယှက်တာလား"

"သူဌေးဦးအံ့မောင်ရဲ့တပည့်တွေပါ၊ ဦးအံ့မောင်က ညီမတို့နဲ့သာမြိုင်အိမ်ကြီးကို ဝယ်ချင်တယ်လို့ ပြောဖူးတယ်၊ ခုလည်း သူတို့သူဌေးကလွှတ်ပြီး ခေါ်ခိုင်းတာ၊ ညီမတို့က မလိုက်လို့ ဖွတ်အတင်းခေါ်ဖို့ လုပ်နေတုန်း အစ်မတို့ရောက်လာတာလေ"

"လက်ဖက်ခြောက်သူဌေးဦးအံ့မောင်လား"

"ဟုတ်ကဲ့"

"ဒီလူကြီးက အရမ်းလောဘကြီးတဲ့ လူကြီးပဲ၊ သူလိုချင်တာဆိုရင် အနုနည်းနဲ့ရရင်ရ မရရင် အကြမ်းနည်းသုံးတတ်တယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဒီလူကြီးက ငွေကြေးတတ်နိုင်တော့ လူမိုက်တပည့်တွေ မွေးထားတာလေ၊ ဒါပေမဲ့ မစိုးရိမ်ပါနဲ့ညီမ၊ သင်းတို့ လုပ်ချင်တိုင်းလုပ်လို့ မရပါဘူး၊ အစ်မတို့ရှိတယ် သိလား"





တောသူတောင်သားတို့၏ ရိုးသားမှု သစ္စာရှိမှု လူတစ်ဖက်သားကို ကိုယ်ကျိုးမကြည့်ဘဲ ကူညီစောင့်ရှောက်မှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသော နန်းသူဇာမှာ ကြက်သီးမွေးညင်းထမျှ ကျေးဇူးတင် ဝမ်းမြောက်ရပါ၏။

တောင်သူအမျိုးသမီးကြီးများက နန်းသူဇာတို့ကို အိမ်အထိ လိုက်ပို့ပေးကြသည်။

"အစ်မတို့ အိမ်ထဲဝင်ကြပါဦး၊ စားစရာတစ်ခုခုနဲ့ ညှော်ခံချင်လို့ပါ"

"မဝင်တော့ဘူး ညီမရယ်၊ အစ်မတို့လည်းပြန်မှ၊ မနက်စာကျက်ရမှာဆိုတော့ နောက်မှပဲ လာလည်မယ်လေ"

တောင်သူအမျိုးသမီးကြီးများလည်း နှုတ်ဆက်ပြီး ပြန်သွားကြတော့သည်။

"သမီး ... ဘယ်သူတွေတုန်း"

"ဟိုဘက်ရွာက အစ်မကြီးတွေပါ၊ လမ်းကြုံလိုက်ပို့တာပါ"

နန်းသူဇာက စကားမြန်မြန်ဖြတ်၍ အိမ်ထဲသို့ဝင်လိုက်သည်။ ညှော်ခန်းထဲရှိ ဆက်တီခုံများတွင် ဦးလေးအောင်သော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းတို့ စာရင်းများ ပြုလုပ်နေကြသည်။ ဆက်တီစားပွဲပေါ်တွင်လည်း ငွေထုပ်များစုပုံလျက်။

"အမယ်လေး ဦးလေးရေ၊ ဒီနေ့တော့ ကျွန်မတို့ ကံကောင်းလို့ ပြဿနာတက်တော့မလို့"

မညွန့်က စောစောက ဖြစ်ပျက်ခဲ့သော ပြဿနာကို မျိုသိပ်နိုင်စွမ်း မရှိတော့သဖြင့် အမောတကော ပြောချလိုက်သည်။

"ဟဲ့ ... မညွန့်၊ ဘာပြဿနာဖြစ်ခဲ့လို့လဲ၊ ပြောစမ်းပါဦး"

ဦးလေးဘသော်က အလန့်တကြား မော့ကြည့်ရင်း မေးလိုက်သည်။

"ဦးအံ့မောင် ဆိုတဲ့လူကြီးရဲ့ တပည့်နှစ်ယောက်ပေါ့၊ သူတို့ဆရာကြီးက တွေ့ချင်လို့ လိုက်ခဲ့ပါဆိုပြီး အတင်းဆွဲလားရမ်းလားနဲ့ လုပ်တယ်လေ၊ အဲဒါ ဟိုဘက်ရွာက တောင်သူမိန်းမကြီးတွေက ဝင်ပြီးကူညီလို့ပေါ့"

"ဦးအံ့မောင်က ဘာကြောင့် ခေါ်ရတာတဲ့လဲ"

ဦးလေးဘသော်၏ အမေးကို နန်းသူဇာကဝင်၍ ဖြေလိုက်ရသည်။





"ဟိုတလောက သမီးတို့ ဈေးဘက်သွားတော့ ဦးအံ့မောင်ဆိုတဲ့လူကြီးနဲ့တွေ့တယ်၊ ဒီနဲ့သာမြိုင်စံအိမ်ကြီးကိုရောင်းမှာလားလို့မေးတယ်၊ သမီးက မရောင်းပါဘူးလို့ ပြောလိုက်တော့ သူ သတင်းကြားတာ မှားလို့ထင်တယ်ဆိုပြီး ပြန်သွားတယ်၊ ဒီနေ့မှ သူ့တပည့်နှစ်ယောက်က ပေါ်လာပြီး သူတို့ဆရာကြီးဆီ အတင်းခေါ်တာလေ"

ဦးလေးဘသော်က မျက်မှောင်ကြုတ်ရင်း ခပ်တွေတွေ စဉ်းစားနေသည်။ မညွန့်က ဈေးဆွဲခြင်းကိုယူပြီး နောက်ဘက်အခန်းသို့ ဝင်သွားတော့၏။

"နောက်ဆို ဈေးကို လိုက်မသွားပါနဲ့တော့ သမီးရယ်၊ အန္တရာယ်များလှပါတယ်"

ဒေါ်လေးနန်းမူက နန်းသူဇာ၏ဘေးတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

"ဟုတ်တယ် သမီးရယ်၊ သမီး တစ်စုံတစ်ခု ဖြစ်သွားမှာ ဦးလေးတို့ စိုးရိမ်တယ်"

"ဦးလေးတို့ စိုးရိမ်တာကို သမီး နားလည်ပါတယ်၊ ဒါပေမဲ့ အိမ်ထဲမှာနေတော့ရော ဘာထူးလဲ၊ ဟိုတလောက ဖြစ်တဲ့ အဖြစ်မျိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာက ပြီးခဲ့သည့်အပတ်က ဖြစ်ခဲ့သည့် မည်းမည်းသတ္တဝါကြီး၏ အကြောင်းကို ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"အေး … ဒါလည်း ဟုတ်တာပဲ၊ ဒီလိုဆိုရင် ငါ့သမီးလေး အတွက် အန္တရာယ်တွေက ပတ်လည်ဝိုင်းနေပါလားကွယ်"

ဦးလေးဘသော်က စိတ်မချမ်းမသာဖြင့် ညည်းတွား ပြောကြားလိုက်သည်။

နန်းသူဇာလည်း ပြောလက်စနှင့် မထူးတော့ပြီမို့ လိမ္မော်ခြံတောစပ်တွင် တောဝက်အန္တရာယ်မှ ကယ်ခဲ့သော ကိုမိုးကောင်းအကြောင်း၊ မိမိဈေးဘက်သို့ အသွားအပြန်ခရီးတွင် လူတစ်ဦး လိုက်လံချောင်းမြောင်းသည့်အကြောင်း ဦးအုံးမောင်က နံ့သာမြိုင်စံအိမ်ကြီးကို ဝယ်ယူလိုသည့်အကြောင်း၊ မည်းမည်းသတ္တဝါကြီးကို ဓားဖြင့်ခုတ်လိုက်ပြီးနောက်ပိုင်း ကိုလှဝေလက်တွင် ဒဏ်ရာရှိနေသည်ကို တွေ့ခဲ့ရသည့်အကြောင်း၊ ကိုလှဝေက မိမိအား စီးပွားရေးအခက်အခဲကို အကြောင်းပြပြီး လက်ထပ်ခွင့်တောင်းသည့်အကြောင်း အစရှိသည့်အကြောင်းအရာများကို ရှည်လျားစွာ ပြောပြလိုက်တော့သည်။



ဦးလေးဘသော်မှာ တူမဖြစ်သူ နန်းသူဇာ၏စကားများကို နားထောင်ပြီးနောက် ခေါ်ကုန်လက်ပန်းကျပြီး မလှုပ်မယှက် ငြိမ်သက်နေတော့သည်။

ဒေါ်လေးနန်းမှုကလည်း နန်းသူဇာကိုကြည့်ပြီး ပူပန်သောက ဖြစ်နေရသည်။

"ဪ … သမီးလေးသူဇာလည်း ဒီအိမ်ကြီးကိုရောက်မှ ပြဿနာမျိုးစုံ အန္တရာယ်မျိုးစုံနဲ့ တွေ့နေရပါလား၊ ကဲ … ကိုဘသော်၊ ကျွန်မတို့သမီးလေး သူဇာအတွက် တစ်ခုခုတော့ လုပ်ပေးမှဖြစ်မယ်ထင်တယ်၊ ဒီအတိုင်းဆိုရင် သမီးလေးသူဇာအတွက် အန္တရာယ်များလှတယ်"

"ဟုတ်တယ် သမီး၊ ဦးလေးလည်း ခုပြဿနာတွေထဲမှာ သမီးတစ်ခုခုဖြစ်သွားမှာကို အစိုးရိမ်ဆုံးပဲ၊ ဒီတော့ ဦးလေးစဉ်းစားထားတာကတော့ သမီး ရန်ကုန်ကိုပြန်ပြီး သမီးဒေါ်ဒေါ်ကြီးတို့နဲ့ နေလိုက်ပါဦး၊ ဒီကအခက်အခဲတွေ ပြဿနာတွေ အားလုံးကို ရှင်းပြီးမှ ဒီကိုပြန်လာခဲ့ပေါ့၊ အဲဒါ သမီးအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်ထင်တယ်"

"သမီး မပြန်ပါဘူး ဦးလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"ဟုတ်တယ် ဦးလေး၊ သမီး မပြန်ဘူး၊ ဖေဖေနဲ့မမမာလာတို့မရှိတဲ့နောက် နံ့သာမြိုင်စံအိမ်ကြီးနဲ့ လီမွှော်ခြံကိုထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် သမီးမှာ တာဝန်ရှိတယ်လို့ ယူဆထားပါတယ်၊ ပြီးတော့ ခုလိုဖြစ်နေတဲ့ အခက်အခဲပြဿနာတွေကို ရင်မဆိုင်ရဲလို့ ရှောင်ထွက်သွားရမှာကိုတော့ သမီး မလိုလားဘူး"

"သမီးရဲ့ဦးလေး ပြောတာကို နားထောင်လိုက်ပါလားကွယ်၊ သမီးအတွက် ပြောတာပါ"

"လူကြီးတွေစကားကို နားမထောင်တဲ့သဘောတော့ မဟုတ်ပါဘူး ဒေါ်လေး၊ သမီး ရန်ကုန်ကို ပြန်သွားရုံနဲ့ ဒီပြဿနာက အေးသွားမှာမှမဟုတ်တာ၊ ပြီးတော့ သမီးကို အန္တရာယ်ပြုချင်တာဆိုရင်လည်း ဒီမှာနေမှမဟုတ်ဘူး၊ ဘယ်နေရာကိုရောက်ရောက် သမီးကို အန္တရာယ်ပေးမှာပဲ"

"သမီးက တယ်ခေါင်းမာတာပဲ"

ဦးလေးဘသော်က ခေါင်းကိုကုတ်ရင်း ညည်းတွားလိုက်သည်။ ပြီးမှ မိုးကောင်းဘက်ကိုလှည့်ပြီး ...





"ကဲ ... မောင်မိုးကောင်းရေ၊ ဦးလေးလည်း တော်တော်ခေါင်းခြောက်နေပြီ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ အကြံလေး ဘာလေး ပေးပါဦး"

တစ်ချိန်လုံး ဘာမျှဝင်မပြောဘဲ ထိုင်နေသော မိုးကောင်းက အေးဆေးတည်ငြိမ်စွာဖြင့် ဦးဘသော်၊ ဒေါ်နန်းမူနှင့် နန်းသူဇာတို့ကို ဝေ့ဝိုက်ကြည့်လိုက်သည်။

ပြီးမှ ...

"ဒီပြဿနာတွေရဲ့အကြောင်းခြင်းရာတွေနဲ့ ပတ်သက်ပြီး ဦးလေးတို့ သိသလောက်ပဲ ကျွန်တော် သိထားရတာပါ။ ကျွန်တော်က ဒီမိသားစုရဲ့လုပ်ငန်းကို ဂရုပ်ကိုင်ပေးနေရတဲ့ အလုပ်သမားတစ်ဦးပါ၊ ဒီမိသားစုရဲ့အခက်အခဲ ပြဿနာဟာ ကျွန်တော့်ရဲ့အခက်အခဲပြဿနာလို့ပဲ ကျွန်တော်ခံယူထားပါတယ်၊ ဒါကြောင့် ကျွန်တော်ပေးတဲ့အကြံက ဒီမိသားစုအကျိုးအတွက်လို့ပဲ နားလည်ပေးပါ"

"သဘောပေါက်ပါတယ် မောင်မိုးကောင်း၊ ပြောချင်သာပြောပါ၊ ဘာမှအားနာစရာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဒါဆိုရင် ကိုလှဝေကို ဦးလေးတို့ ပေးစရာရှိတာ ဘယ်လောက်လဲ၊ ခု ဒီမှာရှိတဲ့ သီးနှံရောင်းရငွေနဲ့ဆို မလောက်သေးဘူးလား"

"အင်း ... ပြောရရင်တော့ မလောက်သေးဘူးလို့ပဲ ပြောရမှာပဲ၊ ခုရတဲ့ငွေနဲ့ မလောက်သေးဘူး၊ နောက်တစ်ရာသီစာလောက် ဆိုရင်တော့ ကျေပါပြီ၊ အဲ ... တစ်ခုရှိတာက ဦးလေးတို့က တစ်ရာသီစာ တစ်ခါဆပ်ပေးမယ့် သူက မယူသေးဘူး၊ အားလုံးပြည့်မှပေးလို့ ပြောထားလို့ သူ့ကို တစ်ပြားမှ မဆပ်ရသေးဘူး၊ အားလုံး ဦးလေးသိမ်းထားရတယ်"

"ဒါဆိုရင် ဒီအကြွေးတွေကို ပြန်မဆပ်နိုင်မချင်း သူက ဦးလေးတို့ကို လွှမ်းမိုးထားနိုင်တဲ့ သဘောပေါ့"

"ဟုတ်ပါတယ် မောင်မိုးကောင်း"

"ကိုလှဝေရဲ့ လွှမ်းမိုးတာကို မခံချင်ရင် သူ့အကြွေးတွေကို ချက်ချင်းဆပ်ဖို့ လိုတာပေါ့၊ ဒီလိုဆိုရင် ဒီနံ့သာမြိုင်စံအိမ်ကြီးကိုရောင်းပြီး ဆပ်လိုက်မယ်၊ ပြီးရင် ပိုတဲ့ငွေကြေးနဲ့ ထိုက်သင့်တဲ့အိမ်တစ်လုံး ဝယ်နေနိုင်တာပဲ၊ အဲဒီလိုလုပ်ရင် မဖြစ်ဘူးလား"





"မဖြစ်ဘူး၊ လုံးဝမလုပ်နိုင်ဘူး"

နန်းသူဇာက ချက်ချင်းကန့်ကွက်လိုက်သည်။

"ဒီနံ့သာမြိုင်စံအိမ်ကြီးက ဖေဖေနဲ့ မမမာလာတို့ နေထိုင်ခဲ့ကြတဲ့ အိမ်ကြီးပါ၊ ကျွန်မလက်ထက်ကျမှ ရောင်းပြီး အကြွေးဆပ်ရမယ်ဆိုရင် ကျွန်မ ညံ့လွန်းရာ ရောက်သွားမှာပေါ့"

"ဟုတ်တယ် မောင်မိုးကောင်း၊ ဦးလေးလည်း အဲဒီလိုတော့ မလုပ်ချင်ဘူး၊ အစ်ကိုဘသော်ရဲ့လက်ထက်က သူကိုယ်တိုင် နှစ်သက်မြတ်နိုးပြီး ဝယ်ခဲ့တဲ့ ဒီအိမ်ကြီးကို ဦးအနေနဲ့ အခြေမဖျက်ချင်ဘူးကွယ်"

"ကောင်းပြီလေ၊ ဒါဆိုရင် နောက်တစ်နည်းကို စဉ်းစားကြည့်ရအောင်၊ ကိုလှဝေက နန်းသူဇာကို လက်ထပ်ခွင့် တောင်းထားတယ် မဟုတ်လား၊ အဲဒါကို နန်းသူဇာက လက်ခံမယ်ဆိုရင် ဒီအခက်အခဲက ပြီးဆုံးသွားမှာပေါ့"

"အို ... ဘာကိစ္စနဲ့ လက်ခံရမှာလဲ၊ ကိုယ့်အစ်မနဲ့ချစ်သူဖြစ်ခဲ့ပြီး လက်ထပ်ဖို့အထိ ရည်ရွယ်ထားခဲ့တဲ့ သူနဲ့ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



က ယူရမှာလား၊ ပြီးတော့ ငွေကြေးအတွက်နဲ့ ကျွန်မကိုယ်ကျွန်မက ရောင်းစားရမှာလား၊ သူ့လက်ကဒဏ်ရာဟာ ကျွန်မလက်ချက် မဖြစ်နိုင်ဘူးလား၊ ဒီလိုလူမျိုးကို ကျွန်မအနေနဲ့ စိတ်ကူးနဲ့တောင် ထည့်စဉ်းစားစရာ အကြောင်းမရှိဘူး”

နန်းသူဇာက ပျာပျာသလဲထပြီး စကားကိုရေပက်မဝင်ပြောရင်း ငြင်းဆိုသည်။ မိုးကောင်းက နန်းသူဇာ၏အမူအရာနှင့် စကားများကြောင့် သွားတက်များပေါ်သည်အထိ ပြုံးလိုက်သည်။ မြင်တွေ့ရခဲ့သော မိုးကောင်း၏အပြုံးကို အမှတ်မထင်တွေ့မြင်ခဲ့ရခြင်းပင်။

“ကဲ … ဒါဆိုရင် နောက်တစ်မျိုး စဉ်းစားကြည့်ရအောင်၊ ဒီအိမ်ကြီးထဲမှာ ဖြစ်ပျက်ခဲ့တဲ့ မည်းမည်းအကောင်ကြီးနဲ့ ပတ်သက်တာတွေ၊ ညဘက်ကြားရတဲ့အသံတွေ၊ အမိကို နောက်ယောင်ခံ လိုက်ကြည့်နေတဲ့လူ၊ အဲဒီအကြောင်းတွေ အစုံကို ရဲစခန်းမှာ အမှုဖွင့်ပြီး အကြောင်းကြားထားလိုက်ရင်ကော”





“ကျွန်မတို့အနေနဲ့ တိကျတဲ့ ခိုင်မာတဲ့ အကြောင်းအရာတွေက သိပ်မရှိသေးဘူးလေ၊ တချို့အပိုင်းတွေက ကိုယ့်ဘက်ကအမြင်ပဲရှိသေးတာ မသေချာသေးပဲနဲ့ ရဲစခန်းမှာ အမှုမဖွင့်ချင်သေးဘူး”

“ဟုတ်တယ် မောင်မိုးကောင်း၊ သမီးလေး နန်းသူဇာပြောသလို ကိုယ့်ဘက်က မသေချာသေးတော့ အမှုတွေဘာတွေ မဖွင့်ချင်သေးဘူး၊ ပြီးတော့ ရဲတွေ ဘာတွေနဲ့ အိမ်ထဲအဝင်အထွက်များလာရင် အဒေါ်တို့ကို ပတ်ဝန်းကျင်ကလည်း တစ်မျိုးထင်ကြလိမ့်မယ်ကွယ်”

နန်းသူဇာရော ဒေါ်လေးနန်းမူတို့ကပါ သည်ကိစ္စကို သဘောမတူချင်ကြ။

စကားဝိုင်းမှာ ခေတ္တတိတ်ဆိတ်သွားသည်။ အားလုံးက အငွေးကိုယ်စီနှင့် …။

အတန်ကြာမှ မိုးကောင်းထံမှ စကားသံ ထွက်ပေါ်လာသည်။

“ကဲ … အခု ကျွန်တော်ပေးတဲ့ အကြံဉာဏ်တွေကို လက်မခံနိုင်ဘူးဆိုရင် နောက်ဆုံး တစ်နည်းပဲရှိတော့တယ်”



www.burmeseclassic.com

www.burmeseclassic.com



“ပြောပါ မောင်မိုးကောင်း”

“အခု အိမ်ထဲမှာဖြစ်နေတဲ့ အဖြစ်အပျက်တွေဟာ ဘာကြောင့်ဖြစ်နေတာလဲ ဆိုတာကို ထိထိရောက်ရောက်စုံစမ်းပြီး ဖော်ထုတ်ရမယ်၊ နောက်ပြီး အပြင်ဘက်က ဖြစ်နေတဲ့ ကိစ္စတွေဟာ ဘာအတွက်လဲ ဆိုတာကို တိတိကျကျသိအောင် လုပ်ရမယ်၊ အခုအဖြစ်အပျက်တွေဟာ သွေးရိုးသားရိုးမဟုတ်နိုင်ဘူး၊ တစ်စုံတစ်ယောက်ရဲ့အကြံအစည် ဖြစ်နိုင်တယ်၊ ဒါကြောင့် အဲဒီအကြံဟာ ဘာလဲဆိုတာကို ကျွန်တော်တို့ရအောင် ဖော်ထုတ်ရမယ်”

“ဒီတော့ မောင်မိုးကောင်းက ဘယ်လိုလုပ်မယ် စိတ်ကူးလဲ”

“တစ်ဖက်လူရဲ့အကြံအစည်နဲ့လုပ်တဲ့ လုပ်ဆောင်ချက်ကို ကျွန်တော်တို့က ငြိမ်ပြီးစောင့်နေမယ့်အစား တစ်ဖက်လူ မြန်မြန်ဆန်ဆန် လှုပ်ရှားလာအောင် ကျွန်တော်တို့က ဆွပေးရမယ်၊ တွင်းထဲကမြွေ အပြင်ကိုထွက်လာအောင် လုပ်သလိုပေါ့”

“အဲဒီတော့ ဦးလေးတို့က ဘာလုပ်ရမလဲ”





“ကျွန်တော် စီစဉ်ပါ့မယ်၊ ကျွန်တော် ပြောသလိုသာ ဦးလေးတို့လုပ်ရင် ရပါပြီ”

“ကောင်းပြီလေ၊ ဦးလေးလည်း ဒီပြဿနာကြီး မြန်မြန်ရှင်းသွားစေချင်တယ်၊ ခေါင်းခြောက်လွန်းလို့”

ထို့နောက်တွင် နေ့လယ်စာ စားကြပြီး လိမ္မော်ခြံသို့ ကိုမိုးကောင်း ပြန်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

နောက်တစ်နေ့နေ့လယ်ပိုင်းတွင် ဦးလေးဘသော် လီမွှော်ခြံမှ ပြန်ရောက်လာသည်။ မိုးကောင်းနှင့် ကိုရွှေမျောက်တို့နှစ်ဦးလည်း ပါလာသည်။

"ကဲ ... မောင်မိုးကောင်းနဲ့ ရွှေမျောက်တို့ ဒီအိမ်မှာခဏ လာနေကြလိမ့်မယ်၊ နန်းမူနဲ့ မညွန့်က ဒီအောက်ထပ်က ထောင့်ခန်းကို ရှင်းပေးလိုက်၊ သူ့တို့ အဲဒီမှာ အိပ်လိမ့်မယ်"

ဒေါ်နန်းမူနှင့် မညွန့်တို့က အခန်းရှင်းနေကြစဉ် မိုးကောင်းက အိမ်ကြီးအတွင်း လှည့်ပတ်လေ့လာသည်။ ဒီအိမ်ကြီးသို့ မိုးကောင်း အလုပ်ကိစ္စဖြင့်သာ ရောက်ခဲ့သူဖြစ်သဖြင့် အသေးစိတ် အနေအထားကို မသိပါချေ။ ထို့ကြောင့်လည်း ယခုမှ လေ့လာဖြစ်ခြင်းဖြစ်သည်။





အောက်ထပ်တွင် ဧည့်ခန်းတစ်ခုနှင့် အိပ်ခန်းသုံးခန်း တွေ့ရသည်။ တစ်ခန်းမှာ ဦးဘသော်နှင့် ဒေါ်နန်းမူ အိပ်သည်။ နောက်တစ်ခန်းတွင် ဒရိုင်ဘာကိုပု အိပ်သည်။ နောက်ထပ်တစ်ခန်းတွင်မူ မည်သူမျှမအိပ်။ မိုးကောင်းတို့အတွက် ရှင်းလင်းနေသော အခန်းဖြစ်သည်။ မညွန့်က မီးဖိုချောင်ဘေးရှိ အခန်းငယ်လေးတွင် အိပ်သည်။

အောက်ထပ်တွင် ထူးခြားသည့် အချက်အလက်များ မတွေ့ရ။ မိုးကောင်း အပေါ်ထပ်သို့ တက်ကြည့်ပြန်သည်။ ဘုရားခန်းကျယ်ကြီးကို တွေ့ရသည်။ ဘုရားစင်ပေါ်တွင် ညာဏ်တော်သုံးပေခန့်ရှိသည့် ဆင်းတုတော်တစ်ဆူရှိသည်။ဆင်းတုတော်ကို ရွှေအပြည့်ချထားသဖြင့် သပ္ပာယ်လှပါသည်။ ဆင်းတုတော်ရှေ့တွင် ပန်းအိုးငါးအိုးရှိပြီး လန်းဆန်းလှပမွှေးကြိုင်သော ပန်းရောင်စုံ ဆက်ကပ်ထားသည်ကိုလည်း တွေ့ရသည်။ ကြမ်းပျဉ်ပေါ်တွင် ငါးပေပတ်လည်မျှရှိသော မွေးပွကော်ဇောနှစ်ချပ်ကိုခင်းထားသည်။

ဘုရားခန်းဘေးဘက်တွင် အိပ်ခန်းသုံးခန်း တွေ့ရသည်။ ဘုရားခန်းနှင့်ကပ်ရပ်အခန်းမှာ မည်သူမျှမနေ။ ဒုတိယ

www.burmeseclassic.com



အခန်းမှာမူ ယခင်က နန်းမာလာ နေခဲ့သည့်အခန်းဖြစ်ပြီး ထောင့်ဆုံးအခန်းမှာ နန်းသူဇာနေသော အခန်းဖြစ်ကြောင်း သိရသည်။

နန်းမာလာ၏အခန်းတွင်းသို့ ဝင်ရောက်ကြည့်ရှုရာတွင် နန်းမာလာ ရှိစဉ်ကအတိုင်း ခြေရာလက်ရာမပျက် ထားရှိသဖြင့် လှည့်ပတ်အကဲခတ်ကြည့်သည်။ ဘာမျှမထူး၊ အပေါ်ဘက်တွင် မျက်နှာကြက်ကျောက်ပြားများ တပ်ဆင်ထားသည်။ နှစ်ပေပတ်လည်အကွက်များဖြစ်သည်။ ၎င်းတို့အနက် တစ်ကွက်မှာ ကျောက်ပြားမရှိ။

ထို့ကြောင့် မိုးကောင်းက ကိုရွှေမျောက်ကို ခေါ်ပြီး အပေါ်သို့ တက်ကြည့်စေသည်။

ကိုရွှေမျောက်မှာ နာမည်နှင့်လိုက်အောင် ပေါ့ပါးသွက်လက်စွာဖြင့် မျက်နှာကြက်ကျောက်ပြားအပေါက်မှ အပေါ်သို့ တက်ကြည့်သည်။

"သွပ်တစ်ချပ်က သံချက်တွေပြုတ်ပြီး ဟ,လို့ရတယ် ဆရာမိုးကောင်း"

"တော်တော်ဟ,လို့ ရလား"





"အင်း ... လူတစ်ယောက် ကောင်းကောင်းဝင်လို့ရတယ်"

"ဟုတ်ပြီ၊ ဒါဆို ရပြီ၊ ဆင်းခဲ့တော့"

မိုးကောင်းက ဖြောပြောဆိုဆို အခန်းပြတင်းပေါက်ကို ဖွင့်ကြည့်သည်။ ပြတင်းနံရံနှင့် မနီးမဝေးတွင် ဝက်သစ်ချပင်ကြီးရှိသည်။ ၎င်း၏အကိုင်းအခက်တို့က အိမ်ခေါင်မိုးဘက်သို့ ထိုးထွက်နေသည်ကိုလည်း တွေ့ရသည်။

"ဒီလောက်ဆိုရင် ရပြီ၊ အောက်ကို ဆင်းကြစို့"

မိုးကောင်းက ကိုရွှေမျောက်ကိုခေါ်ပြီး အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြသည်။

ခဏအကြာတွင် မိုးကောင်း တစ်ယောက်တည်း မြို့ထဲဘက်သို့ ထွက်ခဲ့သည်။ သူ ဦးတည်၍သွားသည့်နေရာက ရဲစခန်း။

စခန်းအတွင်းဝင်သည်နှင့် စခန်းမှူး ရဲအုပ်ဦးသန်းဇော်ကို အခန့်သင့်ပင် တွေ့ရသည်။ မိုးကောင်းနှင့် ရင်းနှီးသည့် မိတ်ဆွေလည်းဖြစ်၏။

"လာ ... ကိုမိုးကောင်း၊ ထိုင်ဗျာ"

ရဲအုပ်ဦးသန်းဇော်မှာ အသက်ငါးဆယ်ခန့်ရှိပြီး အသားဖြူဖြူ ခပ်ဝဝဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ခြံထဲမှာ အလုပ်များနေတာနဲ့ ဒီဘက်ကို မရောက်ဘူး အစ်ကိုကြီးရေ၊ နေကောင်းတယ်နော်"

မိုးကောင်းနှင့် ဦးသန်းဇော်မှာ အသက်အရွယ်အားဖြင့် ကွာခြားသော်လည်း ဦးလေးဟု မခေါ်၊ အစ်ကိုကြီးဟုသာ ခေါ်သည်။ နှုတ်ကျိုးနေပြီမို့ ပြောင်းလဲပြီးခေါ်မရ။ ဦးသန်းဇော်ကလည်း ဤသို့ခေါ်သည်ကို သဘောကျနေသူဖြစ်သည်။

"နေကောင်းပါတယ်ဗျာ၊ စားကောင်း အိပ်ကောင်း ကျန်းမာပြီးဝဖြိုးနေတာကြည့်။ ဪ ... ဒါနဲ့ နံ့သာမြိုင်စံအိမ်ကြီးမှာ ဟိုတလောကဖြစ်ရပ်နဲ့ ပတ်သက်ပြီး မန္တလေးမှုခင်းတပ်ဖွဲ့က ဆေးစစ်ချက်တွေ ပို့လိုက်တယ်ဗျ"

"ဪ ... ဟိုတစ်ခါက ဖြစ်ရပ်မှာ သွေးနဲ့အမွေးတွေကို စစ်ဆေးဖို့ ယူသွားတယ် ဆိုတာလား"

"ဟုတ်တယ်၊ ဒီကပို့လိုက်တဲ့သွေးနဲ့ အမွေးတွေကို ဟိုမှာ ဓာတ်ခွဲစမ်းသပ်ပြီး အဖြေထုတ်ပေးလိုက်တာလေ"

"အဖြေက ဘာတဲ့လဲ"

"သွေးကလူ့သွေးအစစ်ပဲ 'အို' သွေး၊ အမွေးကတော့ သတ္တဝါတွေရဲ့အမွေး မဟုတ်ဘူး၊ ပလတ်စတစ်အမျှင်စတွေ၊ ဆိုလိုတာကတော့ လူတစ်ယောက်က ပလတ်စတစ်အမွေး



အမျှင်တွေနဲ့ အရာတစ်ခုကို ဝတ်ထားတယ်လို့ ယူဆရတာပေါ့"

မိုးကောင်းက ဦးသန်းဇော်၏စကားများကို သေချာစွာ နားထောင်ပြီး ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးပဲ အစ်ကိုကြီး၊ ကျွန်တော်လည်း လက်လှမ်းမီသလောက် ထပ်လေ့လာပြီး အစ်ကိုကြီးတို့ဆီကို အကြောင်းကြားပါမယ်"

"အေး ... အဆက်အသွယ်တော့ မပြတ်စေနဲ့ကွာ၊ ထူးခြားမှုရှိလာရင်တော့ ချက်ချင်းအကြောင်းကြား"

"ဟုတ်ကဲ့ ... စိတ်ချပါ၊ အစ်ကိုကြီး ... ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး ... အေး"

မိုးကောင်းလည်း ရဲစခန်းမှ ထွက်လာခဲ့ပြီး မြို့ထဲရှိ အိမ်ခြံမြေအရောင်းအဝယ် ပွဲစားကြီး ဦးအေးထံ ခေတ္တဝင်ခဲ့သေးသည်။ ထို့နောက်မှ နံ့သာမြိုင်စံအိမ်ကြီးသို့ ပြန်ခဲ့တော့သည်။

ထိုနေ့ညက နံ့သာမြိုင်စံအိမ်ကြီးတွင် ခြောက်သွေ့မနေဘဲ စိုပြည်နေပါသည်။ ညစ်ခန်းစကားဝိုင်းတွင် လူစုံရှိနေကြသည်။ ဦးဘဆော်၊ ဒေါ်နန်းမူ၊ နန်းသူဇာ၊ မိုးကောင်း၊ ကိုရွှေ

www.burmeseclassic.com

www.burmeseclassic.com



မျှော့ကြ်၊ မညွန့်၊ ကိုပု အားလုံးရှိကြသည်။ အကြောင်းအရာစုံ ပြောကြ ရယ်မောကြနှင့် ညဥ့်အတော်နက်မှ အိပ်ဖြစ်ကြသည်။

မအိပ်ဖြစ်ကြသေးသူ နှစ်ဦးရှိသေးသည်။ မိုးကောင်းနှင့် ကိုရွှေမျှောက်တို့ ဖြစ်သည်။

အိမ်တွင်းစကားဝိုင်းမှ လူစုခွဲကြပြီးနောက် ခြံထဲသို့ ဆင်းလာကာ ခြံစောင့်ကြီး ဦးဖိုးချက်နှင့် ဆက်၍စကားပြောဖြစ်ကြသည်။

"ဟိုနေ့ညက ချည်းမည်းကောင်ကြီးကို အဘကော အရင်တွေ့တာလား"

"အေးပေါ့၊ အဲဒီညက သန်းခေါင်လောက်ရှိပြီ၊ ဟောဟို ဘက် သစ်ပင်အုပ်တွေဘက်က လှုပ်လှုပ်ရှားရှား အသံကြားရလို့ လက်နှိပ်မီးနဲ့ ထိုးကြည့်လိုက်တော့ မည်းမည်းအကောင်ကြီးကွ၊ ငါကလည်း ဟေ့ ဘယ်သူလဲလို့ မေးပြီးပြေးလိုက်သွားတော့ ဒီကောင်ကြီး အိမ်အောက်ဘက်ကနေ ပတ်ပြေးသွားတာကွ"

"နောက်တော့ရော"

"အိမ်နောက်ရောက်တော့ ဒီမည်းမည်းကောင်ကြီးကို မတွေ့ရတော့ဘူးကွ၊ အိမ်ထဲကလူတွေလည်း ငါ့အသံကြောင့်





ထွက်လာကြတာ၊ ခြံထဲမှာ လျှောက်ရှာကြသေးတယ်၊ ဘာမှမတွေ့ဘူး၊ အဲ ... အတော်ကြာတော့ အိမ်ပေါ်ထပ်က အသံတွေကြားတာနဲ့ ငါတို့လည်း အိမ်ထဲဝင်ပြီး အပေါ်ထပ် တက်သွားကြည့်တော့မှ မမလေးကို ဓားကြီးကိုင်လျက်နဲ့ ရပ်နေတာ တွေ့ရတာ"

"အဘက အဲဒီကောင်ကြီးကိုတွေ့တော့ မကြောက်ဘူးလား"

"ငါက ခြံစောင့်လေ၊ ဒီအိမ်ကြီးကို စောင့်ရှောက်ရတာ၊ ကြောက်နေလို့ ဘယ်ဖြစ်မလဲကွ၊ လူဖြစ်ဖြစ် သရဲတစ္ဆေပဲ ဖြစ်ဖြစ် ငါကတော့ ချမှာပဲ"

"အဘရဲ့သတ္တိကိုတော့ ကျွန်တော် လေးစားသွားပြီ၊ စိတ်မပူပါနဲ့၊ ကျွန်တော်တို့လည်း အဘကို ကူညီမှာပါ"

"မင်းတို့ရှိတော့ ငါလည်း ပိုပြီးအားရှိသွားတာပေါ့ကွာ"

"အဘကို တစ်ခုတော့ ကျွန်တော် ကြိုပြောထားရဦးမယ်"

"အေး ... ပြောလေကွာ"

"တကယ်လို့ ဒီတစ်ခါ ထူးခြားတာမြင်ရင် ချက်ချင်းအသံမပြုသေးဘဲ ကျွန်တော်တို့ကို အရင်နှိုးပါ၊ ကျွန်တော်တို့က ဒီထောင့်ခန်းမှာ အိပ်တယ်၊ ပြတင်းတံခါးကို ကျွန်တော်တို့ ချက်ချမထားဘူး၊ ဖွင့်ပြီးနှိုးလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ... စိတ်ချ၊ ငါက တစ်ညလုံးအိပ်တဲ့ကောင် မဟုတ်ဘူး"

မိုးကောင်း၊ ကိုရွှေမျောက်နှင့် ဦးဖိုးချက်တို့ ရေနွေးကြမ်းသောက်ရင်း စကားပြောကြသည်မှာ နံနက်သုံးနာရီကျော်သည်အထိပင်။

ပတ်ဝန်းကျင်တစ်ခုလုံးကတော့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ မနက်အာရုံတက်ချိန်ရောက်လာပြီမို့ အအေးဓာတ်က ပိုမိုပြင်းထန်လာ၏။

"ကဲ ... အဘ၊ ကျွန်တော်တို့ အိပ်တော့မယ်၊ ကျွန်တော်ပြောထားတာတွေ မမေ့နဲ့နော်"

"မမေ့ဘူး လူလေးရေ၊ ကဲ ... ကဲ ... သွားနားတော့၊ အဘလည်း ခြံထဲလျှောက်ကြည့်ဦးမယ်ကွာ"

မိုးကောင်းတို့လည်း အိပ်ရာဝင်ခဲ့ကြသည်။ နံနက်မိုးလင်းပိုင်း ရောက်လေလေ အအေးဓာတ်က ပိုလာလေလေပင်။

✤ ✿ ✤



## အခန်း(၁၅)

"မောင်မိုးကောင်း ... မင်း ခြံထဲကို လိုက်ခဲ့ဦးမလား"

"ဒီနေ့ ကျွန်တော် မလိုက်သေးဘူး ဦးလေး၊ ဒီမှာ လုပ်စရာတွေ နည်းနည်းရှိနေသေးလို့"

"ဒါဆို ဦးလေး ခြံထဲကို သွားလိုက်ဦးမယ်၊ ခြံထဲကို ဘာမှာဦးမလဲ"

"ကိုမြကြီးတို့ ဒေါ်အီတို့ကိုသာ ခြံကိုဂရုစိုက်ဖို့ ပြောလိုက်ပါ"

"အေး ... အေး ... ဒါဆို သွားပြီဟေ့"

ဦးလေးဘသော်တို့ ထွက်သွားပြီး ခဏတွင် မညွန့်က ရေချိုးသွားရန် အခန်းထဲမှ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မညွှန့် ဈေးကိုသွားတော့မလို့လား"

"အေးလေ"

"သူဇာရော မလိုက်ဘူးလား"

"ဟိုနေ့က ဈေးနားမှာ ဆွဲလားရမ်းလား ဖြစ်ခဲ့လို့ ဒေါ်လေးက ဈေးမလိုက်ခိုင်းတော့ဘူးလေ"

"ဒါဆို ခဏနေဦး၊ သူဇာ့ကိုပါ ခေါ်သွား"

"ဟေ"

"မဖြစ်ဘူးထင်တယ် မောင်မိုးကောင်း၊ ဟိုနေ့ကအဖြစ်မျိုး ထပ်ဖြစ်မှာစိုးလို့၊ ဒေါ်လေး ဈေးကိုမလွှတ်တာ"

အနောက်ဘက်မှ ရောက်လာသော ဒေါ်လေးနန်းမူက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"ဒေါ်လေးစိုးရိမ်တာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ စိတ်ကူးတစ်ခုရှိလို့ပါ၊ ဒါကြောင့် အစ်မညွှန့်နဲ့အတူ ဈေးကိုလိုက်သွားခိုင်းလိုက်ပါ"

ဒေါ်လေးနန်းမူက မိုးကောင်းကို နားမလည်သော အကြည့်နှင့်ကြည့်သည်၊

"ဖြစ်ပါ့မလား မောင်မိုးကောင်းရယ်၊ ဖော်ကြွ"



"စိတ်မပူပါနဲ့ ဒေါ်လေးရယ်"

ထိုစဉ်မှာပင် နောက်ဘက်အခန်းမှ နန်းသူဇာ ထွက်လာသည်ကို လှမ်းတွေ့လိုက်သော မိုးကောင်းက ...

"ကဲ ... အမိ၊ အစ်မညွှန့်နဲ့ ဈေးကိုလိုက်သွား၊ ဟိုနေ့က သွားသလိုမျိုး သွားရိုးသွားစဉ်အတိုင်းသာသွား၊ တခြားဘာမှ မစိုးရိမ်နဲ့"

"ကိုမိုးကောင်းမှာ ဘယ်လိုအစီအစဉ် ရှိလို့လဲ၊ ကျွန်မ သိခွင့်ရှိမလား"

"လောလောဆယ်တော့ ကျုပ်အနေနဲ့ ဘာမှမပြောနိုင်သေးဘူး၊ ကဲပါလေ ... နေမြင့်နေတော့မယ်၊ သွားကြတော့"

နန်းသူဇာနှင့် မညွှန့်တို့လည်း မိုးကောင်း၏တိုက်တွန်းချက်အရ ဈေးဘက်သို့ ထွက်ခဲ့ကြတော့သည်။

ဈေးထဲတွင် ဈေးဝယ်နေရသော်လည်း နန်းသူဇာ စိတ်က ဘေးပတ်ဝန်းကျင်သို့ ရောက်လျက်ရှိသည်။ ပတ်ဝန်းကျင်မှာတော့ ဈေးဝယ်သူနှင့် ရောင်းသူတို့က ပုံမှန်ပင်။

"သူဇာ ... သွားမယ်လေ၊ ဘာတွေငေးနေတာလဲ"

www.burmeseclassic.com



မညွန့်က သတိပေးမှ နှမ်းသူဇာ သတိဝင်လာသည်။ မိမိဣန္ဒြေပျက်နေသည်ကို သတိထားမိသဖြင့် စိတ်ကိုထိန်းချုပ်ပြီး ဟန်မပျက် ဈေးဝယ်ခြင်းကို အာရုံစိုက်ထားလိုက်တော့သည်။

"ကဲ ... သူဇာရေ၊ အစ်မတို့ ဝယ်စရာတော့ကုန်ပြီ၊ ပြန်ကြမလား"

"ပြန်ကြတာပေါ့ အစ်မညွန့်"

နှစ်ဦးသား ဈေးအတွင်းမှ ပြန်ထွက်လာကြပြီး ဈေးနှင့် မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်လာကြသည်။

"အစ်မညွန့် လက်ဖက်ရည် သောက်ကြရအောင်"

"ဟင် ... သူဇာ၊ အစ်မတို့ လက်ဖက်ရည်ဝင်သောက်လို့ ဖြစ်ပါ့မလား၊ တော်ကြာ ဟိုနေ့ကလိုမျိုးဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ အိမ်ကိုပဲ ပြန်ကြမယ်လေ"

"ဟိုးအရင်နေ့တွေတုန်းကလည်း ဒီဆိုင်မှာ ဝင်သောက်ကြသေးတာပဲ၊ ကိုမိုးကောင်းကလည်း လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ဖို့ မှာထားတယ် မဟုတ်လား"

"ဒါဆိုရင်လည်း ပြီးရော သူဇာရေ"





မညွန့်လည်း ဘာမျှစောဒကမတက်တော့ဘဲ နှမ်းသူဇာနှင့်အတူ လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ခဲ့ကြတော့သည်။ လက်ဖက်ရည်နှင့် မုန့်များကို မှာယူစားသောက်ရင်း စကားပြောဖြစ်ကြသည်။

"သူဇာလည်း နံ့သာမြိုင်စံအိမ်ကြီးကို ရောက်ကတည်းက လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေရတဲ့အချိန်က အတော်နည်းတယ်နော်၊ အစ်မတော့ သူဇာ့ကိုကြည့်ပြီး သနားလည်းသနားတယ်၊ စိတ်မကောင်းလည်း ဖြစ်မိတယ်"

"ဘဝပေးအခြေအနေက ဒီလိုဖြစ်လာတာကို ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါပေမဲ့ အခုဖြစ်နေတဲ့ပြဿနာတွေက အချိန်တန်ရင် အားလုံးရှင်းသွားမှာပါ"

"အဲဒါကြီးတွေ မရှင်းခင် စိတ်ရှုပ်ရတာ မသက်သာဘူး သူဇာရဲ့၊ အစ်မဆိုတာ ရင်တမမနဲ့"

"သူဇာလည်း မိန်းမသားပဲ အစ်မရဲ့၊ စိုးရိမ်စိတ် ကြောက်စိတ် ရှိတာပေါ့၊ တစ်ခုရှိတာက အကြောက်မလွန်အောင် သတိနဲ့တော့ ထိန်းနေရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သူဇာတို့က ခေတ်ပညာလည်းတတ်၊ စိတ်ဓာတ်ကလည်း မာတော့ ဟုတ်တာပေါ့၊ အစ်မတို့ကတော့ ကြောက်ပြီဟေ့ ဆိုရင် ဘယ်ကြွက်တွင်းထဲ ဝင်နေရမလဲလို့ပဲ တွေးမိတော့တာ"

"အစ်မညွန့်ကတော့ ပြောရောမယ်"

"အဟုတ်ပြောတာ သူဇာရဲ့၊ အဲ ... အခုတော့ သိပ်မကြောက်တော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"မောင်မိုးကောင်းတို့အိမ်ကို ရောက်လာလို့လေ၊ အားကိုးလောက်တဲ့ယောကျ်ားမျိုး အိမ်မှာရှိတယ်ဆိုရင် အလိုလိုနေရင်း အားရှိလာတယ်၊ ပြီးတော့ စိတ်ထဲမှာလည်း လုံခြုံသွားသလို ခံစားရတယ်၊ သူဇာရော အဲဒီလို မဖြစ်ဘူးလား"

"ဖြစ်တာပေါ့ အစ်မရယ်၊ အယ် ... အစ်မစကားကြီးကလည်း"

နန်းသူဇာက အမှတ်မထင် ပြောထွက်သွားသော စကားကြောင့် ရှက်ကိုးရှက်ကန်းနှင့် မညွန့်၏လက်မောင်းကို လှမ်းပုတ်လိုက်သည်။





"ကဲပါ သူဇာရယ်၊ ဟုတ်ရင် ဟုတ်တယ်ပေါ့၊ ဘာရှက်စရာရှိလို့လဲ"

"တော်ပြီ၊ အစ်မစကားက အနှောင့်အသွား မလွတ်တော့ဘူး၊ ကဲ ... ကဲ ... လက်ဖက်ရည်ဖိုး ရှင်းမယ်ဟေ့"

နန်းသူဇာက ပြောပြောဆိုဆို လက်ဖက်ရည်ဖိုးကို ခေါ်၍ရှင်းလိုက်ပြီး ထိုင်ခုံမှ ထရပ်လိုက်သည်။

"သွားမယ်ဆို ချက်ချင်းပဲ၊ သူဇာတို့ကတော့ ..."

မညွန့်က ဈေးခြင်းကိုယူပြီး နန်းသူဇာနှင့်အတူ ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ ဘေးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်တော့ ဘာမျှမထူးခြား၊ ပုံမှန်သွားလာနေကြသော ဈေးသွားဈေးလာများကိုသာ တွေ့ရ၏။

အိမ်သို့ပြန်ရောက်တော့ ခြံဝင်းထဲတွင် ဦးဖိုးချက်နှင့် ကိုရွှေမျောက်တို့ကို တွေ့ရသည်။ ကိုရွှေမျောက်က ရေပိုက်ဖြင့် သစ်ပင်များကို ရေလောင်းနေသည်။

"ကိုရွှေမျောက်က လုပ်အားပေးနေတာကိုး၊ ဒါနဲ့ ရှင့်ဆရာကော"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမိုးကောင်း အပြင်ထွက်သွားတယ်၊ ထမင်းစားမစောင့်နဲ့လို့လည်း မှာသွားတယ်"

"ဘယ်သွားမယ်လို့ ပြောသေးလဲ"

"မပြောဘူး မမလေး၊ မနက်က မမလေးတို့ဈေးဘက်ထွက်သွားပြီး မကြာဘူး သူလည်း ထွက်သွားတာပဲ"

နေ့လယ်ထမင်းစားချိန် ရောက်သည့်အထိ မိုးကောင်း ပြန်ရောက်မလာသေးပါ။

ထမင်းစားဝိုင်းတွင် ဒေါ်လေးနန်းမူ၊ နန်းသူဇာ၊ မညွန့်နှင့် ကိုရွှေမျောက်တို့သာ စားကြသည်။ ကိုပုက ဦးလေးဘသော်နှင့်အတူ ခြံထဲသို့ လိုက်သွားသဖြင့် လူကတော့မစုံ။

ကိုရွှေမျောက် ထမင်းစားသည်ကို နန်းသူဇာ အမှတ်မထင်ကြည့်မိသည်။ ခြံထဲမှ အလုပ်သမားတစ်ဦးဟု ဆိုသော်လည်း စားသောက်ရာတွင် စည်းကမ်းရှိသည်ကို တွေ့ရ၍ စိတ်ထဲမှချီးမွမ်းမိသည်။

"ကိုရွှေမျောက် စားနော်၊ အားမနာနဲ့ ဝအောင်စား"

"ဟုတ်ကဲ့ မမလေး၊ စားတဲ့နေရာမှာတော့ ကျွန်တော်က အားမနာပါဘူး"





"ယုံပါတယ် ကိုရွှေမျောက်ရယ်၊ ရှင်စားတာ လေးမန်းကန်ရှိပြီဆိုတော့"

"ဟား ဟား ဟား"

မညွန့်၏စကားကြောင့် ပွဲကျသွားသည်။

"ဘာတွေများ သဘောကျနေတာလဲ"

အသံနှင့်အတူ အခန်းဝတွင် ကိုလှဝေ တစ်ယောက် ပေါ်လာသည်။

"ဟော ... မောင်လှဝေ၊ ကဲ ... လာ၊ တစ်ခါတည်းဝင်စားလိုက်ရအောင်"

"ကျွန်တော် စားပြီးခဲ့ပြီ ဒေါ်လေး၊ ဟော် ... ထမင်းဝိုင်းမှာ ညှော်ကောင်းဆောင်ကောင်း ရောက်နေတာကိုး"

ကိုလှဝေက ကိုရွှေမျောက်ကို လှမ်းကြည့်ပြီးပြောလိုက်ခြင်းဖြစ်သည်။

"ကဲ ... မောင်လှဝေရေ၊ ဧည့်ခန်းထဲမှာသာ ထိုင်ကွယ်၊ ဒေါ်လေး လာခဲ့မယ်"

နန်းသူဇာက ကိုလှဝေ အတွက် ကော်ဖီခွက်ချပေးရင်း ဧည့်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဟိုနေ့က ဦးအံ့မောင်ရဲ့တပည့်တွေက ဆွဲလားရမ်းလား လုပ်တယ်ဆို"

"သူတို့သူဌေးက တွေ့ချင်တယ်ဆိုလို့ သူ့တပည့်တွေက ခေါ်လို့ ငြင်းရင်းနှင့် ဖြစ်သွားရတာပါ"

"အဲဒါတွေကြောင့်မို့ သူဇာ့ကို ကိုယ်ပြောနေတာပေါ့၊ မဖြစ်ဘူး၊ ဦးလေးတို့ကိုပြောပြီး မင်းနဲ့လက်ထပ်ဖို့ စီစဉ်ရမှာပဲ"

"ရှင်"

"ဟုတ်တယ် သူဇာ၊ မင်း ဘာမှမငြင်းနဲ့၊ ဒီကိစ္စတွေအားလုံး ကိုယ် စီစဉ်လိုက်မယ်"

"နေပါဦး၊ ခုလို လက်ထပ်ဖို့အတွက် ကျွန်မက သဘောတူထားပြီးပြီလား၊ ခုလို ဇွတ်တရွတ်လုပ်လို့ ကျွန်မက လက်ခံလိမ့်မယ် ထင်နေတာလား"

"ကိုယ့်စေတနာကို မင်း အလေးအနက်ထားသင့်တယ်"

"ကျွန်မက စေတနာကို တန်ဖိုးထားတတ်ပါတယ်၊ ဒါပေမဲ့ အကျိုးလိုလို့ ညောင်ရေလောင်းတာမျိုးကိုတော့ လုံးဝလက်





မခံတတ်ပါဘူး၊ ကျွန်မ ကိုလှဝေကို ဘယ်လိုနည်းနဲ့မှလက်မထပ်ပါဘူး၊ အဲဒါဟာ ကျွန်မဘတ်က မပြောင်းလဲတဲ့ အဖြေပါ"

"မင်းမှာ ငြင်းဆိုခွင့် မရှိဘူး သူဇာ၊ မင်းမှာ ဒီထက်ပိုဆိုးတဲ့ အန္တရာယ်တွေ မကြုံရအောင် ကိုယ်နဲ့လက်ထပ်လိုက်ပါ"

"ရှင် ... ဘယ်လို၊ ဒီထက်ပိုဆိုးတဲ့အန္တရာယ်၊ ဟုတ်လား"

"မင်းမှာ အခုလက်ရှိဖြစ်နေတဲ့ အခြေအနေတွေ၊ အခက်အခဲပြဿနာတွေ၊ အန္တရာယ်တွေကို မင်း ရင်ဆိုင်နေရတာ ကိုယ် မလိုလားဘူးလေ၊ မင်းကို ဒုက္ခမရောက်စေချင်ဘူး"

"ရှင် ကျွန်မကို ခြိမ်းခြောက်နေတာလား"

"ဖြစ်လာနိုင်တဲ့ အခြေအနေတွေကိုသိလို့ ကိုယ်ပြောနေတာ ကိုယ့်စကားကို နားထောင်တာ သူဇာ့အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်"

"ကိုလှဝေ ရောက်နေတာကိုး"

မေတ္တာနှစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှ ပြန်ရောက်လာသော မိုးကောင်းက အခန်းတွင်းသို့ဝင်ရင်း ပြောလိုက်သည်။

"ဩော် ... ကိုမိုးကောင်း၊ ခင်ဗျားက ဒီကိုဘာကိစ္စနဲ့လာရတာလဲ"

"အလုပ်ကိစ္စလေး နည်းနည်းရှိလို့ပါ"

"ခင်ဗျားရဲ့အလုပ်က လိမ္မော်ခြံထဲမှာပဲလေ၊ ဒီကိုလာနေစရာ အကြောင်းရှိလို့လား"

"ဒါကတော့ ကျွန်တော်တို့ကိစ္စပါ၊ ဒါနဲ့ ခင်ဗျားလက်က ဒဏ်ရာ ဘယ်လိုနေသေးလဲ"

"ဘာ"

အမှတ်မထင် ပြောလိုက်သော မိုးကောင်း၏စကားကြောင့် ကိုလှဝေ ဆတ်ခနဲ ဖြစ်သွားရသည်။

"ခင်ဗျားလက်ကဒဏ်ရာ သက်သာလားလို့ မေးတာပါ၊ ခင်ဗျားကလည်း သရဲတစ္ဆေတွေ့တာ ကျနေတာပဲ"

"သက် ... သက်သာပါတယ်၊ ဒါနဲ့ ကျုပ်လက်ကဒဏ်ရာရှိတယ်ဆိုတာကို ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ"





မိုးကောင်းက နန်းသူဇာဘက် မေးငေါ့ပြလိုက်ပြီး ...

"သူပြောတာလေ၊ ဟိုတလောက ခင်ဗျားလက်မှာ ပတ်တီးနဲ့တွေ့တယ်ဆိုလို့၊ ဘယ်လိုဖြစ်တာလဲ၊ ဒဏ်ရာကများလား"

"မများပါဘူး၊ ကားပြင်ရင်း ပန်ကာနဲ့ ထိခိုက်မိလို့ပါ"

"စိတ်မကောင်းပါဘူးဗျာ၊ ဂရုစိုက်ပေါ့"

"ကျေးဇူးပါပဲ၊ ခုလို ကျွန်တော့်အတွက် စိတ်ပူပေးလို့ ခင်ဗျားကိုလည်း ကျုပ်စိတ်ပူတာရှိတယ်"

"ဘာများပါလိမ့်"

"ခင်ဗျားက လိမ္မော်ခြံက အလုပ်သမားတစ်ယောက်ဆိုတော့ ခြံထဲမှာပဲရှိတာ အကောင်းဆုံးဖြစ်လိမ့်မယ်၊ ကိုယ်နဲ့မဆိုင်တဲ့နေရာတွေမှာ ရှိနေရင် ခင်ဗျားအတွက်ရော အခြားလူတွေအတွက်ပါ ဆုံးရှုံးနစ်နာမှုတွေ သိပ်များသွားလိမ့်မယ်"

"ခုလိုအကြံပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သိပ်စိတ်မပူပါနဲ့၊ ကျွန်တော်က ကိုယ်နိုင်တဲ့ဇာတ်ပဲ ကိုယ်ကမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သူဇာ၊ ကိုယ် ပြန်မယ်၊ ကိုယ်ပြောတဲ့စကားတွေကို မမေ့ပါနဲ့၊ ကိုယ်ကတော့ ဒီရက်ပိုင်းအတွင်း အကောင်အထည် ဖော်မှာပါ"

ကျောခိုင်းပြီး ထွက်ခွာသွားသော ကိုလှဝေကိုကြည့်ပြီး နန်းသူဇာ သက်ပြင်းတစ်ချက် ချလိုက်သည်။ မြွေပွေး၏အမြီးကို ကိုင်ထားမိပြီလား မပြောတတ်တော့။

✤ ✿ ✤





## အခန်း(၁၆)

ညကား အတော်နက်လှပြီ၊ အအေးဓာတ်က ညဥ့်နက်လေလေ ပိုလာလေလေဖြစ်သည်။ နံ့သာမြိုင်စံအိမ်ကြီးအတွင်း၌ ဦးဘသော်၊ မိုးကောင်း၊ ကိုရွှေမျောက်တို့ မအိပ်ကြသေးဘဲ ရေနွေးကြမ်းတစ်အိုးဖြင့် စကားကောင်းနေကြသည်။ ကျန်လူများမှာ အအေးဒဏ်ကြောင့် အိပ်ရာဝင်ကြပြီဖြစ်သည်။

"ဝုန်း"

တိတ်ဆိတ်သော ညဥ့်အလွှာကို ဖောက်ထွင်းထွက်ပေါ်လာသော အသံကြီးကြောင့် မိုးကောင်းက ထိုင်ရာမှ ချက်ချင်းထရပ်လိုက်သည်။

"အပေါ်ဘက်ကလား မောင်မိုးကောင်း"

"မဟုတ်ဘူး ဦးလေး၊ ဒီအောက်ထပ်ဘက်ကပဲ၊ ကိုရွှေမျောက် ခြံထဲပတ်ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်း၏အမိန့်ပေးမှုနှင့်အတူ ကိုရွှေမျောက် အိမ်အပြင်သို့ လှစ်ခနဲ ပြေးထွက်သွားတော့သည်။ မိုးကောင်းနှင့် ဦးဘသော်တို့က အိမ်အတွင်းဘက်တွင် အသံထွက်ပေါ်ရာကို မှန်းဆတွက်ချက်ရင်း ရှာဖွေကြသည်။ အိပ်နေသောသူများမှာလည်း လန့်နိုးကုန်ကြကာ အိမ်အောက်ထပ်တွင် စုရုံးရောက်ရှိနေကြပြီ။

"ဦးလေး စောစောက အသံကြီးက ဘာဖြစ်တာလဲ"

"ငါတို့လည်း အဲဒီအသံကြီးကြားလို့ ရှာကြည့်နေတာပဲ၊ အိမ်ထဲမှာတော့ ထူးခြားတာ ဘာမှမတွေ့ရဘူး"

အိမ်အပြင်ဘက်သို့ ထွက်ရှာနေသော ကိုရွှေမျောက်လည်း ပြန်ရောက်လာပြီဖြစ်သည်။

"အပြင်မှာလည်း ဘာမှထူးခြားတာ မတွေ့ဘူး၊ ဒေါးက ခြံတွေကလည်း အဲဒီအသံကြီးကို ကြားတယ်တဲ့"

တစ်အိမ်လုံးအနှံ့ စစ်ဆေးကြည့်သော်လည်း ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရသဖြင့် မိုးကောင်းလည်း ခေါင်းခြောက်သွားရသည်။





"ကဲ ... ကဲ ... ဘာမှ ထူးခြားတာ မတွေ့ဘူးဆိုတော့ အိပ်ကြတာပေါ့၊ ညဉ့်လည်းနက်လှပြီ၊ မောင်မိုးကောင်းတို့လည်း အိပ်တော့"

ဦးဘသော်က အိပ်ခိုင်းလိုက်သဖြင့် အသီးသီးအိပ်ရာဝင်ခဲ့ကြသော်လည်း ချက်ချင်းအိပ်မပျော်ကြ။ ပယောဂဆန်လှသောအသံကြီးအကြောင်းကိုသာ တွေးမိနေကြလေ၏။

ညကအိပ်ရေးပျက်ကြသဖြင့် နံနက်နေမြင့်မှ နိုးလာကြသည်။

နန်းသူဇာနှင့် မညွန့်တို့ ဈေးသွားရန် အိမ်မှအထွက် ခြံထဲတွင် မိုးကောင်းနှင့်တွေ့သည်။

"အမိတို့ ဈေးသွားမှာလား"

"ဟုတ်ကဲ့"

"ကျုပ်လည်း လိုက်ခဲ့ဦးမယ်"

မိုးကောင်းက နန်းသူဇာ၊ မညွန့်တို့နှင့်အတူ ဈေးဘက်သို့ ထွက်ခဲ့ကြသည်။

"ညကအသံကြီးက ဘာဖြစ်မယ်လို့ထင်လဲ၊ အရင်တုန်းက ကြားရတာက ခုတ်ခုတ်နဲ့၊ ညကကြားရတာက အသံမို



www.burmeseclassic.com

www.burmeseclassic.com



ကျယ်တယ်၊ ဝုန်းခနဲဆိုတဲ့အသံက တစ်ခုခု ပြုတ်ကျတဲ့ အသံမျိုး"

နန်းသူဇာ၏အမေးစကားကို မိုးကောင်း ချက်ချင်း ပြန်မဖြေနိုင်ပါ။ သူကိုယ်တိုင်လည်း တွက်ဆ၍မရ ဖြစ်နေသည်။

"ကျုပ်လည်း ဘာဆိုတာ အတတ်မပြောနိုင်ဘူး၊ ဒါပေမဲ့ နံ့သာမြိုင်အိမ်ကြီးမှာ မြေအောက်ခန်းတွေ ဘာတွေ ရှိလား"

"ကျွန်မတော့ မသိဘူး၊ အစ်မညွန့်ရော သိလား"

"ဟင့်အင်း ... မြေအောက်ခန်းရှိတယ်လို့ တစ်ခါမှ ပြောသံ မကြားဖူးဘူး"

"အင်း ... စဉ်းစားရတော့ အတော်ကျပ်တာပဲ"

"မကောင်းဆိုးရွားတွေရဲ့ အသံများလား မောင်မိုးကောင်း ခုဟာက အသံကြားပြီး ဘာမှမတွေ့ရဘူးဆိုတော့"

"မဖြစ်နိုင်ပါဘူး၊ တစ်ခုခုကြောင့်မြည်တဲ့အသံပဲ ဖြစ်မှာပါ"

စကားတပြောပြောနှင့် လျှောက်လာခဲ့ကြသည်မှာ ဈေးသို့ရောက်ခဲ့ချေပြီ။ ဈေးအတွင်း၌ နံ့သာမြိုင်စံအိမ်ကြီးအကြောင်း ပြောဆိုနေကြသည်ကို ကြားရသည်။ သတင်းက မြန်မြန်ဆန်ဆန်ပင် ပျံ့နှံ့လျက်ရှိ၏။





သားငါးသီးနှံများရောင်းသောဈေးမှ ထွက်လာကြပြီး လမ်းတစ်ဖက်ရှိ ဆိုင်တန်းများဘက် ဆက်လျှောက်ဖြစ်ကြသည်။ ဒီဘက်ခြမ်းတွင် စက်ဘီးဆိုင်ကယ်ပစ္စည်းဆိုင်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာဆိုင်များ၊ ဘက်ထရီဆိုင်များ၊ ကုန်စုံဆိုင်များဖြင့် ပြည့်နှက်လျက်ရှိသည်။

"ဒီက အစ်မတို့က နံ့သာမြိုင်အိမ်ကလား မသိဘူး"

ဘက်ထရီဆိုင်ရှေ့မှ ဖြတ်လျှောက်စဉ် ဆိုင်တွင်းမှ အမျိုးသမီးတစ်ဦး ထွက်လာပြီး မညွန့်ကို မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ"

"ကားမောင်းတဲ့ ကိုပုကို ပြောလိုက်ပါဦး၊ ဒီမှာ ဘက်ထရီ အသစ်တွေ ရောက်ပြီလို့၊ ဟိုတလောက သူတို့ကားက ဘက်ထရီမကောင်းတော့လို့ ဘက်ထရီအသစ်လိုချင်တယ် ပြောထားလို့"

"ဪ ... ဟုတ်ကဲ့၊ ပြောလိုက်ပါ့မယ်"

ဆိုင်ရှင်အမျိုးသမီးက မှာစရာရှိသည်များကို မှာကြားပြီး ဆိုင်ထဲသို့ ပြန်မဝင်သေးဘဲ နန်းသူဇာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီက ညီမက ဟို ... နံ့သာမြိုင်စံအိမ်က ဟိုတလော ကဆုံးသွားတဲ့ ဘယ်သူ ... အဲ ... နန်းမာလာနဲ့ ဘာတော်လဲ၊ ရုပ်ချင်းတော်တော်တူလို့"

"ကျွန်မက မမမာလာရဲ့ညီမပါ"

"ရုပ်ချင်းက တော်တော်တူလို့ မေးကြည့်တာ၊ စိတ်မရှိနဲ့နော်၊ ကိုလှဝေ တစ်ယောက်ရော အိမ်ဘက်လာသေးရဲ့လား"

"ဟုတ်ကဲ့၊ လာပါတယ်"

"အင်း ... သူလည်း သီးနှံကုန်သည် လုပ်နေရာက ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ မနေ့က ညနေက အက်စစ် တွေ လာဝယ်သွားတယ်၊ ဘက်ထရီဆိုင်များဖွင့်မလို့လား တော့ ပြောတတ်တော့ဘူး"

"အက်စစ်က ဘယ်လောက်တောင် ဝယ်သွားလို့လဲ"

မိုးကောင်းက ဝင်မေးသည်။

"များတယ်၊ ဂါလန်ငါးဆယ် ဝယ်သွားတာ၊ ကျွန်မတို့တောင် သူ့ကိုရောင်းလိုက်တာ ကုန်သလောက်နီးပါး ဖြစ်သွားလို့ ဒီမနက်ပဲ မန္တလေးကို လှမ်းမှာရသေးတယ်"





"သြော် ... သြော် ... သူလည်း ဘာတွေလုပ်မလို့လဲ မသိပါဘူး"

မညွန့်က ပြောရင်းနှင့် မိုးကောင်းတို့ကို လှမ်းကြည့်မိသည်။ မည်သူမျှ နားမလည်ပါ။

"ကဲ ... ကဲ ... ကျွန်မတို့လည်း သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကိုပုကို ပြောလိုက်ဖို့ မမေ့နဲ့ဦးနော်"

"ဟုတ်ကဲ့ စိတ်ချပါ"

သုံးဦးသား ဘက်ထရီဆိုင်ရှေ့မှ ထွက်လာကြသည်။

"ကျွန်တော်တို့ ဈေးဝယ်လို့ပြီးပြီဆိုရင် အိမ်ပြန်ကြရအောင် အစ်မညွန့်"

"ပြန်မယ်လေ မောင်မိုးကောင်း"

ဈေးနှင့်မလှမ်းမကမ်း အရောက်တွင် ...

"မောင်မိုးကောင်း ... အစ်မတို့က ဈေးကပြန်တိုင်း ဒီ လက်ဖက်ရည်ဆိုင်မှာ သောက်နေကျကွယ့်"

"ဟုတ်လား ... ဒါဆိုရင် ဝင်လေ"



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်နှင့် မုန့်များမှာယူစားသောက်ကြရင်း မိုးကောင်းက တစ်စုံတစ်ခုကို သတိရသွားသဖြင့် နန်းသူဇာကို မေးလိုက်သည်။

"ဒါနဲ့ အမိကို နောက်ကလိုက်ချောင်းနေတဲ့လူကို တွေ့မိသေးလား"

"ဒီရက်ပိုင်းမှာတော့ မတွေ့မိဘူး"

"ဒီလူ ဘယ်သူလဲဆိုတာ သိဖို့တော့ လိုလိမ့်မယ်"

"သူ့နာမည် စိုင်းမောင်မောင်တဲ့၊ ဒေါ်လေးရဲ့အရင်အိမ်ထောင်နဲ့ရတဲ့သားလို့ သိရတယ်"

"အဲဒီနေ့က ဘာဖြစ်လို့ စိုင်းမောင်မောင် ဆိုတာ ထည့်မပြောတာလဲ"

"ဒေါ်လေး စိတ်မကောင်း ဖြစ်သွားမှာစိုးလို့ မပြောတာပါ"

"သူ့အကြောင်းကိုရော ဘာတွေသိထားလဲ"

"တော်တော်ဆိုးတယ်လို့ ပြောသံကြားတယ်၊ ငယ်ငယ်က လူငယ်လေ့ကျင့်ရေးစခန်းကိုတောင် ပို့ခဲ့ရတယ်လို့ ပြောတယ်၊ ဦးလေးနဲ့ အိမ်ထောင်ကျပြီးနောက်ပိုင်း အဲဒီ စိုင်းမောင်မောင်က အိမ်ကိုလာပေမယ့် ဒေါ်လေးက လက်မခံဘူးတဲ့"





"အော်"

မိုးကောင်းက ဘာမျှမပြောတော့ဘဲ လက်ဖက်ရည်ကိုသာ သောက်နေလိုက်သည်။

"မောင်မိုးကောင်းရေ ဒီအိမ်ကြီးမှာ ဖြစ်နေတဲ့ပြဿနာက ဘယ်တော့များမှ ပြီးပါ့မလဲ၊ အစ်မတို့တော့ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားရနဲ့ စိတ်တော်တော်ညစ်နေရတယ်ကွယ်"

"ဒီပြဿနာဟာ ရည်ရွယ်ချက်တစ်ခုခု ရှိနေတယ်လို့ ကျွန်တော် ယူဆတယ်၊ အဲဒီရည်ရွယ်ချက်ဟာ ဘာလဲဆိုတာကိုသိအောင် ကျွန်တော်တို့ ကြိုးစားနေတာပါ၊ အဲဒါကို သိရင် ပြဿနာက ဖြေရှင်းလို့ရပါပြီ"

"မောင်မိုးကောင်းတို့ကိုပဲ အားကိုးရမှာပဲ၊ မြန်မြန်လေး ဖော်ထုတ်နိုင်အောင်သာ လုပ်ကြပါကွယ်"

မိုးကောင်းက ခေါင်းကို လေးလံစွာ ညိတ်လိုက်ပါသည်။

"မောင်မိုးကောင်း ဈေးဘက်လာတယ် ထင်ပါ့"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မှ နှုတ်ဆက်စကားသံကြောင့် မိုးကောင်း လှည့်ကြည့်မိသည်။ နန်းသူဇာနှင့် မညွန့်တို့လည်း ပြိုင်တူလှမ်း ကြည့်မိသည်။ အသက်ခြောက်ဆယ်အရွယ်ရှိ တိုက်ပုံဝတ်ထား သော လူကြီးတစ်ဦးကို တွေ့မြင်ကြရသည်။

"ဪ ... ဦးအေး၊ လာ ထိုင်လေ"

လူကြီးက လွတ်နေသောထိုင်ခုံတွင် ဝင်ထိုင်လိုက် သည်။ မိုးကောင်းနှင့် ရင်းနှီးသောမိတ်ဆွေတစ်ဦးဟု နန်းသူဇာ သဘောပေါက်လိုက်သည်။

"လက်ဖက်ရည်သောက်လေ ဦးအေး"

"မသောက်တော့ဘူး မောင်မိုးကောင်း၊ မောင်ရင့်ကိုမြင်လို့ ဝင်လာတာ"

"အခြေအနေက ဘယ်လိုတဲ့လဲ ဦးအေး"

"အခြေအနေကတော့ မကောင်းဘူးလို့ပဲ ပြောရမှာပဲကွယ့်၊ မောင်ရင်တို့ရဲ့ နံ့သာမြိုင်စံအိမ်ကြီးနဲ့ ပတ်သက်ပြီး ဦးရဲ့ ဝယ်လက်တွေကို မေးကြည့်တယ်၊ အားလုံးက ဝယ်ဖို့ အတွက် ဆန္ဒမရှိကြဘူးကွယ့်၊ ဒီနံ့သာမြိုင်စံအိမ်ကြီးရဲ့ သတင်းကလည်း မကောင်းလှဘူးဆိုတော့ သူတို့က ဝယ်





ဖို့နေနေသာသာ အိမ်ကြီးအနားတောင် မလာချင်တဲ့သူနဲ့ မလာရဲတဲ့သူနဲ့ အတော်ဆိုးပါတယ်ကွာ၊ ဟုတ်တော့ဟုတ် တယ်ကွ၊ ဒီအိမ်ကြီးမှာ သရဲခြောက်တာတို့ လူသေတာတို့ မျိုးစုံဖြစ်နေတာဆိုတော့ ဒီအကြောင်းကလည်း တစ်မြို့လုံး သိနေကြပြီး ဝယ်ဖို့နေနေသာသာ နံ့သာမြိုင်စံအိမ်ဆိုလိုက် တာနဲ့ ကြောက်လန့်ပြီး လက်ခါပြကြတော့တာပဲကွယ်"

"ဈေးနှုန်းကြောင့်များလား ဦးအေး"

"နံ့သာမြိုင်လို့ ပြောလိုက်ရုံနဲ့ အားလုံးက ဟင့်အင်းမဝယ် ချင်ဘူးဆိုပြီး လက်ခါပြသွားတဲ့လူတွေချည်းပဲ၊ ဈေးတောင် ပြောဖို့အချိန်မရလိုက်ပါဘူးကွာ"

"ဘယ်တတ်နိုင်မလဲဗျာ၊ ကိုယ်ကရောင်းချင်ပေမယ့် ဝယ် လက်မရှိတော့လည်း ကံပဲလို့ ဆိုရတော့မှာပေါ့"

"ဦးလည်း အစွမ်းကုန်ကြိုးစားကြည့်တာပဲကွယ်၊ ဘယ်လိုမှ မရနိုင်တော့ ဦးလည်း လက်လျှော့လိုက်ရတော့တာပေါ့၊ မောင်ရင့်ကိုတော့ အားနာတယ်"

"ရပါတယ် ဦးရယ်၊ ဦးလည်း အတတ်နိုင်ဆုံး လုပ်ခဲ့တာ ပဲ၊ ကျွန်တော်ကတောင် အားနာရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွယ်၊ ဒါဟာ ဦးတို့ပွဲစားတွေရဲ့ **အလုပ်ပဲ၊** ကဲ ... ကဲ ... ဒါဆို ဦးကို သွားခွင့်ပြုပါဦး၊ **ချိန်းထားတာ** လေးတစ်ခုရှိလို့"

"ဟုတ်ကဲ့ ဦး"

ဦးအေး ဆိုသူ လူကြီးလည်း နှုတ်ဆ**က်ပြီး ဆိုင်** အတွင်းမှ ထွက်သွားသည်ကို မိုးကောင်းက မျက်စိတ**စ်ဆုံးကြည့်** နေလိုက်သည်။

"ကဲ ... ပြန်ကြမယ်"

နန်းသူဇာက လက်ဖက်ရည်ဖိုးငွေကို **စားပွဲပေါ်တွင်** တင်လိုက်ပြီး ခပ်ပြတ်ပြတ်ပြောကာ ဆတ်ခနဲ ထလို**က်ပြီး ဆိုင်** ထဲမှ ထွက်ခဲ့တော့သည်။

အိမ်အပြန်လမ်းတစ်လျှောက်လုံးတွင် **နန်းသူဇာ** နှုတ်ဆိတ်နေပါသည်။

နေ့လယ်ပိုင်းတွင် မိုးကောင်း အဝတ်**အစားလဲပြီး** အပြင်သို့ထွက်ရန်ပြင်သည်။

"ကိုမိုးကောင်း ဘယ်လဲ"





အပြင်သို့လှမ်းထွက်လိုက်သော မိုးကောင်းကို နန်း**သူဇာက ခြံထဲမှ** လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"**အပြင်ကို** ခဏသွားလိုက်ဦးမယ်"

"**ကိုမိုးကောင်းနဲ့** ခဏလောက် စကားပြောချင်လို့"

မိုးကောင်းက နန်းသူဇာ ရပ်နေသော သစ်ပင်ကြီး **အောက်သို့** လျှောက်လာကာ နန်းသူဇာကို တစ်ချက်ကြည့်လိုက် **သည်။ နန်းသူဇာ**၏ မျက်နှာပြင်တွင် တင်းမာနေသောအသွင်ကို **မြင်လိုက်ရ၏။**

"**မနက်**က လက်ဖက်ရည်ဆိုင်မှာတွေ့တဲ့ လူကြီးကို ကိုမိုး**ကောင်း** ဘာတွေပြောထားလဲ"

"**ဒီအိမ်**ကြီးကို ဝယ်မယ့်သူ ရှာခိုင်းထားတာလေ၊ ဝယ်မယ့် **သူ** မရှိဘူးလို့ပြောတာ၊ မင်းလည်း ကြားသားပဲ"

"**ကြား**ပါတယ်၊ အားလုံးကို ကြားပါတယ်၊ ဒါနဲ့ ဒီအိမ် **ကြီးကို** ရောင်းဖို့အတွက် ရှင်က ခုလိုစီစဉ်နေတာ ဘယ်သူ့ **သဘော**တူညီချက်နဲ့ လုပ်တာလဲ ဦးလေးလား ဒေါ်လေး **လား**"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့သဘောတူညီချက်မှ မဟုတ်ပါဘူး၊ ကျုပ် ..."

"နေဦး၊ ဒီအိမ်ကြီးကို ဘယ်သူပိုင်ဆိုင်တယ်ဆိုရာ ရှင်လည်း သိထားတာပါပဲ၊ ကျွန်မနဲ့ ဘာမှတိုင်ပင်တာ ဆွေးနွေးတာ မရှိဘဲ ရှင်က ရှင့်စိတ်ကြိုက် ရှင့်သဘောနဲ့ လုပ်တာလား၊ ဒီမယ် ကိုမိုးကောင်း၊ ကျွန်မ လိမ္မော်ခြံကို စရောက်တဲ့နေ့တုန်းက တောဝက်ရဲ့အန္တရာယ်ကနေ ရှင် ကျွန်မကိုကယ်ခဲ့တယ်၊ ကျွန်မ အရမ်းကျေးဇူးတင်ခဲ့ရတယ်၊ ကျွန်မရဲ့ အသက်သခင်တစ်ဦးလို့ စိတ်ထဲက မှတ်ယူထားခဲ့တယ်၊ ဒီနောက်ပိုင်းလည်း ရှင်ပြောပုံဆိုပုံနဲ့ စိတ်ဓာတ်ကို ကျွန်မ လေးစားခဲ့တယ်၊ ဒါကြောင့်လည်း ကျွန်မရဲ့အခက်အခဲ ပြဿနာတွေအတွက် ရှင့်ကို အားကိုးခဲ့တယ် ...

"ဒါပေမဲ့ ရှင်ကတော့ ကျွန်မတို့ရဲ့ယုံကြည်မှု အားကိုးမှုတွေကို အခွင့်ကောင်းယူပြီး ရှင့်သဘောတစ်ခုတည်းနဲ့ ဒီအိမ်ကြီးကို ရောင်းစားဖို့ ကြံစည်လာတယ်၊ ကျွန်မ ဘဝက ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက် ဆိုး ဖြစ်နေပြီ၊ ကျွန်မ သိပ်ဝမ်းနည်းတယ် ကိုမိုးကောင်း၊ ကျွန်မ အားကိုးခဲ့တဲ့သူက ခုလို ကောက်ကျစ်ယုတ်မာတဲ့



လူမျိုး ဖြစ်နေတာ တွေ့ရတော့၊ အင်းလေ ... ကျွန်မ လူကဲခတ်မှားခဲ့တယ်လို့ပဲ ပြောရတော့မှာပေါ့ ...

"ဟိုတလောက မည်းမည်းအကောင်ကြီး ကျွန်မ လက်ချက်နဲ့ ထိသွားပြီး နောက်တစ်နေ့မှာ ရှင်နဲ့တွေ့တော့ ရှင့်လက်မှာ ပတ်တီးနဲ့မို့ ကျွန်မရင်ထဲ စိုးရိမ်စိတ်တွေ အများကြီး ဖြစ်ခဲ့ရတယ် မဟုတ်ပါစေနဲ့လို့လည်း ကျွန်မ အထပ်ထပ်အခါခါ ဆုတောင်းခဲ့ရတယ်၊ နောက်ပိုင်းမှာ ရှင့်လက်က ဒဏ်ရာက ကျွန်မကြောင့် မဟုတ်ဘူးဆိုမှ ကျွန်မ ရင်အေးသွားခဲ့ရတယ်၊ ဒါပေမဲ့ ရှင်က ကျွန်မအပေါ် မှာထားတဲ့ သဘောထားကတော့ ..."

နန်းသူဇာက စကားကို အဆက်မပြတ်ပြောရင်း အသံများ တိမ်ဝင်လာပြီး မျက်ရည်များ ဝဲလာသည်။ မိုးကောင်းက နန်းသူဇာကို တစ်ခွန်းမျှ ပြန်မပြောဘဲ ငူးငူးစိုက်စိုက် ကြည့်နေပါ၏။

"ဒါကြောင့်မို့ ရှင်ပြန်ပါတော့၊ ခြံထဲကို ပြန်သွားပါတော့၊ ကျွန်မ ရှင့်အကူအညီကို မယူတော့ဘူး၊ ရှင့်ကိုလည်း ကျွန်မ မယုံကြည်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာက စကားကို တုန်ယင်စွာပြောရင်းမှ ခေါင်းကိုငုံ့ပစ်လိုက်သည်။ မျက်ဝန်းထဲမှ စီးကျလာသောမျက်ရည်ပုတို့က မျက်နှာပြင်ပေါ်တွင် အနှံ့အပြား နေရာယူနေကြပြီမဟုတ်ပါလား။

နန်းသူဇာ၏ရင်တွင်းမှ ပေါက်ကွဲထွက်ပေါ်လာသော ဝေဒနာနှင့် သံယောဇဉ်တို့ကို မိုးကောင်း သတိပြုမိသည်။ ဝမ်းနည်းစိတ်နှင့် ဒေါသတကြီး ပေါက်ကွဲပြောဆိုနေသော မိန်းကလေးကိုကြည့်ပြီး ကရုဏာသက်ရသည်။

"အရူးမလေး"

မိုးကောင်း၏နှုတ်မှ ထွက်လာသော စကားက ထိုမျှသာပင်။

"ဘာ ... ဘာအရူးမလဲ"

"မင်းလေးဟာ ကျုပ်ထင်တာထက်ပိုပြီး ကလေးဆန်တယ်"

"ဒါဟာ ကလေးဆန်တာတဲ့လား၊ ဟုတ်ကဲ့ ... ကျွန်မမသိလို့ ရှင်းပြစမ်းပါဦး လူကြီးမင်းရဲ့"

ကြက်ခေါင်းဆိတ်မခံ နှုတ်လှန်ပြန်ထိုးနေသော နန်းသူဇာ၏မျက်နှာကို မိုးကောင်း သေသေချာချာ ကြည့်လိုက်





သည်။ ငယ်ရွယ်နုပျိုပြီး ချောမောလှပသော မျက်နှာလေးမှာ အပြစ်ကင်းသော ကလေးငယ်တစ်ဦးပမာပင်။ သြော် ... ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ဦး ရင်ဆိုင်နေရသည်က ခက်ခဲရှုပ်ထွေးသော ပြဿနာကြီးတစ်ခုမို့ မိုးကောင်းရင်ထဲ၌ စူးစူးနစ်နစ် ကရုဏာသက်မိရပါ၏။

"ကဲ ... အမိ၊ ကျုပ်ရှင်းပြတဲ့ စကားကို သေသေချာချာ နားထောင်"

"အဲဒီ အမိဆိုတဲ့စကားက တော်တော်အာတွေ့နေလား၊ နာမည်ကို မသိလို့လား"

မျက်စောင်းတစ်ချက်ထိုးပြီး အငေါ်တူးစကား ဆိုလိုက်သော နန်းသူဇာကို မိုးကောင်းကကြည့်ပြီး သွားတက်များပေါ်သည်အထိ ရယ်လိုက်မိသည်။

"ကဲပါ ... သေသေချာချာ နားထောင်၊ ကျုပ်က ဒီအိမ်ကြီးကိုရောင်းဖို့ ပွဲစားနဲ့တိုင်ပင်ထားတယ် ဆိုတာနဲ့ ရောင်းလို့ရမှာတဲ့လား၊ ပိုင်ရှင်တွေမသိဘဲ တိတ်တိတ်ရောင်းလို့ရမယ့်ပစ္စည်းမျိုးလား"

"ဒါဆို ဘာဖြစ်လို့ ပွဲစားနဲ့ရောင်းဖို့ တိုင်ပင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လို့၊ သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေတဲ့ ဒီနံ့သာမြိုင်စံအိမ်ကြီးကို ဘယ်သူမှ ဝယ်ချင်မှာ မဟုတ်ဘူးလေ၊ ဒီအထဲက တစ်စုံတစ်ယောက်က ဒီအိမ်ကြီးကိုဝယ်ချင်နေတယ်ဆိုရင် အဲဒီလူမှာ အကြံတစ်ခုခု ရှိလို့ပေါ့၊ ဈေးပေါပေါနဲ့ လိုချင်လို့လား၊ ဒါမှမဟုတ် တခြားအကြောင်းတစ်ခုခုနဲ့လားဆိုတာ သိအောင်လုပ်လို့ ရမှာပေါ့၊ ကဲ ... အမိ၊ အဲ ... အဲ ... သူဇာ၊ ကျုပ်ပြောတာကို သဘောပေါက်ပြီလား"

"အဲဒါဆို ဘာဖြစ်လို့ အစကတည်းက မပြောတာလဲ"

"ကျုပ်လည်း စိတ်ကူးရလို့ ချက်ချင်းလုပ်လိုက်တာ၊ တိုင်ပင်ဖို့ အချိန်မရလိုက်ဘူး၊ အဲဒီအတွက် ကျုပ် တောင်းပန်ပါတယ်"

"သူဇာ့ဘက်ကလည်း ခုလိုမသိဘဲနဲ့ စွပ်စွဲမိတာ သူဇာ လွန်သွားပါတယ်၊ သူဇာ့ကို ခွင့်လွှတ်ပါ"

"ဒါဆို ကျေပြီပေါ့၊ ကဲ ... ကျုပ် အပြင်ခဏ သွားလိုက်ဦးမယ်"

"အဲဒီ ကျုပ်ဆိုတာကြီးရော ပြင်လို့မရဘူးလား"





မိုးကောင်းက တစ်ချက်ပြုံးလိုက်ပြီး ...

"ကိုယ့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

ခြံဝသို့ ကျောခိုင်းထွက်ခွာသွားသော မိုးကောင်း၏ နောက်ကျောပြင်ကို နန်းသူဇာ ကြည့်ရင်း ရင်ထဲမှ မွန်းကျပ်နေသောအရာများ ပျောက်ကွယ်သွားသလို ခံစားရသည်။ လွတ်လပ်ပေါ့ပါးစွာ ပြုံးလိုက်ရင်း ...

"ဟွန်း ... ငါ့ကိုများ အရှုံးမပေးတဲ့"

✤ ✿ ✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

ထွက်သာ ထွက်လာခဲ့ရသည်။ ဘယ်ကစ၍ ဘာ လုပ်ရမှန်း မိုးကောင်းမသိပါ။ ထို့ကြောင့် သစ်ပင်ကြီးတစ်ပင် အောက်တွင် ဖွင့်ထားသော လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်လိုက် သည်။ သည်နေရာက ပတ်ဝန်းကျင် လမ်းသွားလမ်းလာများကို ကြည့်ရှုလေ့လာနိုင်သည့် နေရာလေးပင်။

စားပွဲတွင်ထိုင်ရင်း အတွေးက နန်းသူဇာထံရောက် သွားသည်။ မိမိကို ဒေါသတကြီး ရန်တွေ့ပြောဆိုနေသော်လည်း ၎င်း၏ရင်တွင်းမှ သံယောဇဉ်ကို ရှင်းလင်းစွာ မြင်တွေ့သိခွင့်ရ ခဲ့သည်။ အရှုပ်အထွေးပြဿနာများ ပတ်လည်ဝိုင်းနေပြီး အားကိုး ရာမဲ့ ဖြစ်နေရရှာသည့် သူမကို ကရုဏာသက်မိသည်။ သည်မိန်း



ကလေးထံ ကျရောက်လာနိုင်သည့် အန္တရာယ်အားလုံးကို ကာကွယ် ပေးလိုစိတ်က မိုးကောင်း ရင်ထဲ၌ အပြည့်ဖြစ်နေသည်။

"သူ့ကို ငါ သံယောဇဉ် ဖြစ်နေမိပြီလား"

သည်မေးခွန်းအတွက်တိကျသောအဖြေကို မိုးကောင်း ကိုယ်တိုင် မဖြေဆိုရဲပါ။

မိုးကောင်း၏အတွေးများ ရုတ်ခြည်းဖြတ်တောက် သွားသည်။ လမ်းပေါ်မှ ဖြတ်လျှောက်သွားသော လူတစ်ယောက် ကို လှမ်းမြင်လိုက်၍ ဖြစ်ပါ၏။

မိုးကောင်း လှမ်းတွေ့လိုက်ရသောသူမှာ လိမ္မော်ခြံ ပိုင်ရှင်တစ်ဦးဖြစ်သည်။ လွန်ခဲ့သည့်ခြောက်လလောက်က ဓာတ် မြေသြဇာဖျော်ထားသောပုံးနှင့် အက်စစ်ထည့်ထားသောပုံး မှားပြီး အပင်များကို လောင်းမိသောကြောင့် အပင်တော်တော်များများ ပျက်စီးသွားသဖြင့် စီးပွားရေးလုပ်ငန်း အတော်များများထိခိုက် သွားခဲ့ရသူဖြစ်သည်။

ထိုလူ၏အကြောင်းကို ပြန်လည်သတိရလိုက်ပြီး နောက် မိုးဟိန်း ခေါင်းထဲ ဒိန်းခနဲ ဖြစ်သွားရသည်။

"အက်စစ် ... အက်စစ်"

www.burmeseclassic.com

www.burmeseclassic.com



မနက်က ဘက်ထရီဆိုင်ရှင် အမျိုးသမီး၏စကားများကို ပြန်သတိရလာသည်။ ကိုလှမော် အက်စစ်ဂါလန်ငါးဆယ်စန့် ဝယ်သွားသည်မှာ ဘာအတွက်ဆိုသည်ကို ခန့်မှန်းမိလာပြီဖြစ်သည်။

ဟိုနေ့က ကိုလှဝေ၏စကားသံများက နားထဲတွင် မြန်လည်ကြားယောင်လာသည်။

"ခင်ဗျားက လိမ္မော်ခြံက အလုပ်သမားတစ်ယောက်ဆိုတော့ ခြံထဲမှာရှိတာ အကောင်းဆုံး ဖြစ်လိမ့်မယ်၊ ကိုယ်နဲ့ မဆိုင်တဲ့နေရာတွေမှာ ရှိနေရင် ခင်ဗျားအတွက်ရော အခြားလူတွေအတွက်ပါ ဆုံးရှုံးနစ်နာမှုတွေ သိပ်များလိမ့်မယ်"

"ဒါဆိုရင် သူဝယ်တဲ့အက်စစ်တွေဟာ ငါတို့လိမ္မော်ခြံကို ဒုက္ခပေးဖို့ဆိုတာ သေချာသွားပြီ"

မိုးကောင်း နံ့သာမြိုင်ခြံသို့ ချက်ချင်းပြန်လာခဲ့တော့သည်။ ရောက်လျှင်ရောက်ချင်း လိမ္မော်ခြံသို့ ဖုန်းလှမ်းဆက်သည်။

"ဦးလေးလား"

"အေး ... မောင်မိုးကောင်း၊ ဘာဖြစ်လို့လဲ"

"ခြံထဲမှာ ထူးခြားမှု ဘာရှိသေးလဲ"





"ခြံထဲမှာတော့ ဘာမှထူးခြားမှု မရှိပါဘူး၊ အားလုံးငြိမ်ပါပဲ၊ ဘာများဖြစ်လို့လဲ မောင်မိုးကောင်း"

မိုးကောင်းလည်း အကြောင်းစုံကို အကျဉ်းချုပ်ပြောပြလိုက်သည်။

"အဲဒီတော့ အလုပ်သမားတွေအားလုံးကို ခြံထဲမှာပဲ စုထားလိုက်ပါ၊ ကျွန်တော် ချက်ချင်းလာခဲ့မယ်"

ဖုန်းချပြီး အလှည့်တွင် ...

"ကိုမိုးကောင်း ဘာဖြစ်လို့လဲ"

မိုးကောင်း၏အနီးသို့ ဘယ်အချိန်က ရောက်နေသည်မသိ။ နန်းသူဇာက စိတ်လှုပ်ရှားစွာ မေးလိုက်ခြင်းဖြစ်သည်။

"ကိုယ်တို့လိမ္မော်ခြံ အန္တရာယ်ရှိတယ် ထင်တယ်၊ ကိုလှဝေ အက်စစ်တွေဝယ်တာ လိမ္မော်ခြံကိုဖျက်ဆီးဖို့ဆိုတာ ကိုယ်တွေးမိပြီ၊ အခု ကိုယ် ခြံထဲကိုပြန်မယ်"

"သူဇာလည်း လိုက်မယ်"

"သူဇာ မလိုက်ပါနဲ့၊ ဒီမှာပဲနေခဲ့နော်၊ ဟိုကကိစ္စပြီးရင် ချက်ချင်း အကြောင်းကြားလိုက်မယ်လေ"

"ဟင့်အင်း ... သူဇာပါ လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလား သူဇာရယ်၊ အဲ ... ဒီလိုလုပ် သူဇာ၊ ကိုယ် ခြံထဲကို အရင်သွားမယ်၊ တစ်စုံတစ်ခု ထူးခြားတာနဲ့ ချက်ချင်းဖုန်းဆက်မယ်၊ သူဇာက ရဲစခန်းကို ချက်ချင်း အကြောင်းကြားပြီးမှလိုက်ခဲ့၊ ဟိုကိုရောက်ရင် ကိုပုရဲ့ကား ကို ချက်ချင်းပြန်လွှတ်ပေးထားမယ်"

နန်းသူဇာ တွေသွားသည်။ မိုးကောင်းပြောသော စကားက သဘာဝကျသည်။ သည်အတိုင်းလုပ်သည်။ အကောင်းဆုံးဖြစ်ပါလိမ့်မည်။ နန်းသူဇာ ခေါင်းညိတ်လိုက်တော့သည်။

"အစ်ကို ဂရုစိုက်နော်၊ ထူးခြားမှုဖြစ်တာနဲ့ ချက်ချင်းဖုန်းဆက်ပါ၊ ဖုန်းနားမှာ သူဇာ ရှိနေမယ်"

မိုးကောင်းက နန်းသူဇာကို စူးစူးစိုက်စိုက်နှင့် ကြည့်မိသည်။ ပြီးမှ ...

"စိတ်ချပါ သူဇာ၊ အရာရာ အဆင်ပြေအောင် ကိုယ် အစွမ်းကုန် ကြိုးစားမှာပါ"

မိုးကောင်းလည်း ထိုမျှသာပြောပြီး နံ့သာမြိုင်စံအိမ်ကြီးမှ အမြန်ဆုံး ထွက်ခွာခဲ့တော့သည်။



မိုးကောင်း လိမ္မော်ခြံရောက်တော့ နေစောင်းနေပြီဖြစ်သည်။ အလုပ်သမားများကို ခေါ်ယူစုဝေးစေ၍ ဖြစ်နိုင်ချေရှိသည့် အနေအထားကို ပြောပြပြီး ခြံအတွင်းစောင့်ကြည့်ရမည့် အစီအစဉ်ကို ပြောပြသည်။ အလုပ်သမားများ ခြံအတွင်းနေရာယူ စောင့်ကြပ်ရန် ထွက်ခွာသွားပြီးမှ အိမ်အတွင်း ဝင်ရောက်ခဲ့သည်။

"မောင်မိုးကောင်း ... မင်းပြောသလိုမျိုး မောင်လှဝေက လုပ်လိမ့်မယ်လို့ ထင်လား"

"ကျွန်တော် တွက်ကြည့်လို့ ရသလောက်ကတော့ ဖြစ်နိုင်ချေရာနှုန်းက ငါးဆယ်ကျော်ပါတယ်၊ ကျွန်တော်တို့အတွက် ကြိုတင်ပြင်ဆင်ထားတာ မမှားနိုင်ပါဘူး"

ဦးဘသော်နှင့် မိုးကောင်းတို့အတွက် ဒေါ်အိက လက်ဖက်သုပ်နှင့် ရေနွေးကြမ်း ပြင်ဆင်ပေးထားသည်။

"ရွှေမျောက်ကို အိမ်မှာထားခဲ့တာလား"

"ဟုတ်ကဲ့ ဦးလေး၊ အိမ်အတွက် စိတ်မချလို့ ထားခဲ့တာပါ"

"သြော် ... အေး ... အေး"

www.burmeseclassic.com

www.burmeseclassic.com



ညက ကိုးနာရီကျော်လာခဲ့ပြီ၊ အပြင်တွင် အအေးဓာတ်က ပိုတိုးလာခဲ့ပြီဖြစ်သည်။

"ဦးလေး တစ်နေ့လုံးလည်း ပင်ပန်းနေတာဆိုတော့ အိပ်လိုက်ဦး၊ ကျွန်တော် ခြံထဲလှည့်ကြည့်လိုက်ဦးမယ်"

မိုးကောင်း ခြံထဲလှည့်၍ ကင်းပုန်းဝပ်စောင့်ဆိုင်းနေကြသော ခြံလုပ်သားများကို စစ်ဆေးပြီး မှာသင့်သည်များကို မှာကြားခဲ့သည်။ ညဉ့်နက်လာသည်နှင့်အမျှ အအေးဓာတ်က ပိုမိုလာပြီး လေကလည်း ရေခဲလေမို့ အသည်းခိုက်မျှ ချမ်းအေးလှသည်။ အဝေးမှ တစ်ချက် တစ်ချက် ထွက်ပေါ်လာသော ခွေးအူအသံသဲ့သဲ့မှအပ အားလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ခြံကြီးအတွင်း လှည့်ပတ်ကြည့်ရှု စစ်ဆေးနေသော မိုးကောင်းတစ်ယောက် အိမ်ဘက်သို့ ပြန်ရောက်ချိန်တွင် သန်းခေါင်ချိန် ရောက်နေလေပြီ။

"တကယ်လို့ ငါတွေးထင်ချက်တွေ လွဲနေရင် ခြံလုပ်သားတွေ ပင်ပန်းကြတော့မယ် ... ဟူး"

မိုးကောင်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း အိမ်ပေါ်သို့ တက်လိုက်သည်။





"ရှိုး ... ရှိုး ... ရှိုး"

ထိုစဉ်မှာပင် ခြံ၏အနောက်ဘက်အခြမ်းမှ ဝီစီမှုတ်သံများနှင့်အတူ ဆော်သံဟစ်သံများ ပေါ်ထွက်လာသည်။ မိုးကောင်းလည်း တုံ့ဆိုင်းမနေတော့ဘဲ အသံများထွက်ပေါ်လာရာ ခြံအနောက်ဘက်သို့ ပြေးထွက်ခဲ့တော့သည်။

"ဟော ... ဆရာမိုးကောင်း လာပြီဟေ့"

တုတ်ဓားများ ကိုင်ဆောင်ထားသော ခြံလုပ်သားများအလယ်တွင် ဒူးထောက်ထိုင်နေကြသော လူရှစ်ဦးကိုတွေ့ရသည်။ ထိုသူတို့နှင့် မလှမ်းမကမ်းတွင် ပလတ်စတစ်ပုံးများကိုလည်း တွေ့ရသဖြင့် ...

"ကိုသန်းအောင် အဲဒီပုံးတွေကို စစ်စမ်း"

အလုပ်သမားအဖွဲ့ခေါင်းဆောင် ကိုသန်းအောင်က ပလတ်စတစ်ပုံးများကို ဖွင့်၍စစ်ဆေးသည်။

"အက်စစ်တွေ ဆရာမိုးကောင်း"

"ကဲ ... သူတို့ကို အိမ်ဘက်ခေါ်ခဲ့ကြ၊ ခြေလွန်လက်လွန် ဘာမှမလုပ်ကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းလည်း အိမ်ဘက်သို့ အမြန်ပြန်ပြီး နံ့သာမြိုင်အိမ်ကြီးဆီသို့ ဖုန်းဆက်လိုက်သည်။ ဦးဘသော်က မိုးကောင်း၏ပခုံးကို ပုတ်လိုက်ပြီး ကျေကျေနပ်နပ်ကြီး ပြုံးပြလိုက်သည်။ မိုးကောင်းမှာလည်း ယခုမှ သက်ပြင်းချနိုင်တော့သည်။

မကြာမီ ရှခင်းသာရဲစခန်းမှ စခန်းမှူး ဦးသန်းဇော်နှင့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နန်းသူဇာပါ ရောက်ရှိလာသည်။

"အစ်ကို ဘာမှမဖြစ်ဘူးနော်၊ သူဇာ စိတ်ပူလိုက်ရတာ တစ်ညလုံးပဲ"

မိုးကောင်း၏ လက်မောင်းကိုကိုင်ပြီး အသက်မရှူဘဲ ပြောနေသော နန်းသူဇာကို မိုးကောင်းက တစ်ချက်ငုံ့ကြည့်လိုက်ပြီး ...

"ခုလိုစိတ်ပူပေးတဲ့အတွက် သူဇာကို အရမ်းကျေးဇူးတင်ပါတယ်ကွာ"

"သမီး ... ဦးလေးကိုရော မမေးတော့ဘူးလား"

"အာ ... ဦးလေးကလည်း"

ရှက်ကိုးရှက်ကန်း ဖြစ်သွားသော နန်းသူဇာကို ကြည့်ရင်း ဦးဘသော် ခေါင်းတဆတ်ဆတ် ညိတ်နေလိုက်ပါ၏။





"ကဲ ... မောင်မိုးကောင်းရေ၊ မင်း ယူဆချက်အတိုင်းပဲ ဟေ့၊ ခု တရားခံတွေကို စစ်ဆေးကြည့်လိုက်တော့ အပင်တွေကို အက်စစ်နဲ့လောင်းဖို့ ညွှန်ကြားတဲ့လူက မောင်လှဝေလို့ တညီတညွတ်တည်း ထွက်ဆိုကြတယ်၊ ဒါကြောင့် စခန်းကို အကြောင်းကြားပြီး မောင်လှဝေကို ဖမ်းနိုင်းလိုက်ပြီ"

"ကျေးဇူးပါပဲ အစ်ကိုကြီး"

"ရဲနဲ့ပြည်သူက အတူတူလက်တွဲရင် ရာဇဝတ်ဘေးပြေးလို့ မလွတ်ပါဘူးကွာ၊ ကဲ ... ငါ တရားခံတွေကို စခန်းခေါ်သွားတော့မယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

စခန်းမှူးဦးသန်းဇော်နှင့် ရဲတပ်ဖွဲ့ဝင်များက တရားခံများကို ကားပေါ်တင်၍ ခြံထဲမှ ထွက်ခွာသွားကြပြီမို့ ဦးဘသော်နှင့် နန်းသူဇာတို့ကို စားပွဲတွင်ထိုင်နားခိုင်းလိုက်သည်။

"ကဲ ... ကိုသန်းအောင်တို့အဖွဲ့ အားလုံး ခုလိုညီညီညွတ်ညွတ်နဲ့ ဝိုင်းကူညီလိုက်တာ အရမ်းကျေးဇူးတင်တယ်ဗျာ၊ အားလုံးလည်း ပင်ပန်းသွားကြပြီ၊ အားလုံး နားကြတော့ နက်



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်မနက်ပိုင်း အလုပ်ဆင်းစရာ မလိုဘူး၊ နေ့တစ်ဝက်နားခွင့်ပေးတယ်၊ အိပ်ရေးဝအောင် အိပ်ကြတော့"

"ဟေး ... ဒါမှ တို့ဆရာမိုးကောင်းကွ"

ခြံလုပ်သားများက ဝမ်းသာအားရ အော်ဟစ်ကြပြီး မိမိတို့နေထိုင်ရာ တန်းလျားများသို့ ပြန်သွားကြသည်။

မိုးကောင်း အိမ်ထဲပြန်ဝင်လာတော့ ဦးဘသော်နှင့် နန်းသူဇာတို့ ကော်ဖီသောက်နေကြသည်။ ဒေါ်အိက ညှော်ခံထားခြင်းဖြစ်သည်။

စားပွဲသို့ မိုးကောင်း ဝင်ထိုင်လိုက်သည်နှင့် ဒေါ်အိက ကော်ဖီတစ်ခွက် ရှေ့သို့ချပေးသည်။

"ကဲ ... ဒေါ်အိလည်း ပင်ပန်းလှပြီ၊ နားတော့"

"ရပါတယ် မောင်မိုးကောင်းရယ်၊ အဒေါ်က ဒီလောက်အထိ မပင်ပန်းပါဘူး၊ မင်းတို့ကသာ စိတ်ရောလူပါ ပင်ပန်းကြတာ"

အားလုံး ပျော်ရွှင်နေကြပါသည်။ အထူးသဖြင့် နန်းသူဇာ၏မျက်နှာလေးမှာ တိမ်ညိုမည်းတို့မှ လွတ်ကင်းသွားသော လမင်းပမာ ရွှန်းပဝင်းလက်လျက်ရှိသည်။





"မောင်လှဝေဟာ ဦးလေးတို့အပေါ် ဒီလောက်ရက်စက်လိမ့်မယ်လို့ မထင်မိဘူးကွယ်၊ စိတ်မကောင်းစရာပဲ"

"အို ... ဦးလေးကလည်း၊ သူ့စေတနာ သူ့ကိုပြန်အကျိုးပေးလိုက်တာပဲ၊ နံ့သာမြိုင်စံအိမ်ကြီးကို ဒုက္ခပေးနေတာ သူပဲဆိုတာ ထင်ရှားသွားပြီ၊ ဒီလိုကောက်ကျစ်ယုတ်မာတဲ့လူကို ဖော်ထုတ်နိုင်တာ သမီးတော့ အရမ်းကို ကျေနပ်တယ်"

ကလေးငယ်တစ်ဦးပမာ ဝမ်းသာကြည်နူးမှုကို မဖုံးကွယ်နိုင်လောက်အောင် ရွှင်လန်းမြူးကြွနေသော နန်းသူဇာတို့ကြည့်ပြီး မိုးကောင်း ရင်ထဲတွင် အေးချမ်းသွားရပါ၏။

"အခုလို ပျော်ရွှင်နေတာကိုပဲ အမြဲတမ်း မြင်တွေ့ချင်ပါတယ် ကလေးရယ်"

မိုးကောင်း၏နှုတ်မှ ထွက်မပေါ်မလာသော ရင်တွင်းစကားဖြစ်ပါ၏။

နေ့လယ်ပိုင်းတွင် နံ့သာမြိုင်စံအိမ်သို့ စခန်းမှူး ဦးသန်းအော် ရောက်လာသည်။

"စခန်းမှူးကြီး ... ကိုလှဝေကို စစ်ဆေးပြီးပြီလား၊ သူဘာတွေပြောသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



နန်းသူဇာက ဦးသန်းဇော်ကို အမေးတကော မေးလိုက်သည်။

ဦးသန်းဇော်က နန်းသူဇာကို တစ်ချက်ပြုံးပြရင်း ...

"ပြောမှာပါဗျာ၊ ပြောပြဖို့အတွက် ဒီကိုရောက်လာတာပါ၊ ဒီလို ... ဒီလို၊ ညကဖြစ်ရပ်နဲ့ ပတ်သက်ပြီး ကိုလှဝေကို ခေါ်ယူစစ်ဆေးခဲ့တယ်၊ သူကလည်း ဖြောင့်ချက်ပေးပါတယ်၊ သူ့ဖြောင့်ချက်အရ ပြောရရင် သူ ခုလိုလုပ်ရတာ ဒီက နန်းသူဇာ ဆိုတဲ့ မိန်းကလေးကြောင့်တဲ့၊ ဒီမိန်းကလေးကို သူက တကယ်မေတ္တာရှိလို့ လက်ထပ်ခွင့်တောင်းတာပါတဲ့၊ အဲဒါ မိန်းကလေးက သူ့ကိုလက်မခံလို့ ဒေါသဖြစ်ပြီး ဒီအိမ်ရဲ့စီးပွားရေးလုပ်ငန်း ပျက်စီးသွားပြီး ဒုက္ခရောက်ရင် သူ့ကို အားကိုးပြီး လက်ထပ်လာအောင် ကြံစည်ခဲ့တာပါတဲ့"

"ဒါနဲ့ ဒီအိမ်ကြီးမှာ ခြောက်လှန့်နေတဲ့ မည်းမည်းသတ္တဝါကြီးကိစ္စကိုရော မစစ်ဆေးဘူးလား အစ်ကိုကြီး"

"ဘယ်နေပါ့မလဲ မောင်မိုးကောင်းရယ်၊ စစ်ဆေးတာပေါ့၊ အဲဒီကိစ္စကိုတော့ သူက လုံးဝငြင်းတယ်၊ မင်းကိုတောင် ပြောခဲ့သေးတယ် မဟုတ်လား။ မည်းမည်းသတ္တဝါကြီးလက်





ကို ဓားထိလို့ ကျခဲ့တဲ့သွေးကို စစ်ဆေးတော့ 'အို' သွေးဖြစ်တာလေ"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် မှတ်မိပါတယ်"

"အေး ... ကိုလှဝေရဲ့သွေးကို စစ်ကြည့်လိုက်တော့ သူ့သွေးက 'ဘီ'သွေး ဖြစ်နေတယ်"

"ဗျာ"

"ရှင်"

နန်းသူဇာရော မိုးကောင်းပါ အံ့အားသင့်သွားကြရပါသည်။

"သွေးနမူနာသက်သေ ကွဲလွဲနေတာကြောင့် မည်းမည်းသတ္တဝါကြီးကိစ္စနဲ့တော့ သူ့ကို အရေးမယူနိုင်ဘူး ဖြစ်နေတယ်၊ ဒါကြောင့် ကိုလှဝေကို တစ်ပါးသူရဲ့အကျိုးစီးပွားကို ဖျက်ဆီးဖို့ ကြံစည်မှုနဲ့ပဲ လောလောဆယ်တရားစွဲအရေးယူနိုင်မယ်ကွယ်"

စခန်းမှူးဦးသန်းဇော်၏ စကားအဆုံးတွင် အားလုံးရင်မောသွားကြရသည်။ မိမိတို့ မျှော်လင့်ထားသော တရားခံကို သေချာပေါက် ဖော်ထုတ်နိုင်ပြီဟု သတ်မှတ်ထားကြသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … အဲဒီကိစ္စကို လာအကြောင်းကြားထားတာ၊ သိပ်လည်း စိတ်ခတ်ကျမသွားကြပါနဲ့၊ အချိန်တန်ရင် အမှုမှန်ပေါ်ပေါက်လာမှာပါ၊ စိတ်ရှည်ဖို့ပဲ လိုပါတယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ဦးဘသော်က ထိုင်ရာမှ လေးပင်စွာထလိုက်ပြီး …

"အေးဗျာ၊ ကျုပ်တို့က ကိစ္စအားလုံးပြီးပြီလို့ တွက်ထားတာ၊ ခုတော့ … အင်းလေ ဘယ်တတ်နိုင်မလဲ၊ ဒီက စခန်းမှူးကြီး ခုလို အကူအညီပေးတာကို ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ကို အစအဆုံး ကူညီပါဦးဗျာ"

"စိတ်ချပါ ဦးဘသော်၊ ဒါဟာ ကျွန်တော်တို့အလုပ်ပဲ၊ အမြဲတမ်း မျက်စိဖွင့်နားစွင့်ပြီး စောင့်ကြည့်နေမှာပါ၊ ပြီးတော့ ဒီအိမ်မှာ မောင်မိုးကောင်းလည်း ရှိနေတာပဲ၊ သူဟာ အားကိုးလောက်တဲ့သူ တစ်ယောက်ပါ"

စခန်းမှူးဦးသန်းဆော် ပြန်သွားတော့ ဦးဘသော်၊ နန်းသူဇာ၊ မိုးကောင်းတို့ ထိုင်ခုံတွင် အသီးသီး အရုပ်ကြိုးပြတ် ထိုင်ချလိုက်ကြပါတော့သည်။

✣ ✿ ✣



## အခန်း(၁၈)

မညွန့် ဈေးသွားရန် အိမ်မှထွက်ခဲ့သည့်အချိန်တွင် နန်းသူဇာ အိပ်ရာမှ မနိုးသေးပါ။ စိတ်ပန်းလူပန်း ဖြစ်ခဲ့ရသည်မို့ အိပ်ရေးဝဝအိပ်စေရန် မညွန့်က မနှိုးခဲ့တော့။ တစ်ဦးတည်းသာ ဈေးဝယ်ရန် ထွက်ခဲ့ခြင်းဖြစ်သည်။

နန်းသူဇာ အိပ်ရာမှနိုးပြီး အောက်ထပ်ဆင်းလာတော့ မိုးကောင်း အဝတ်အစားလဲပြီး အပြင်ထွက်ရန်ပြင်နေသည်ကို တွေ့ရသည်။

"အစ်ကို ဘယ်သွားမလို့လဲ"

"အပြင်ထွက်ပြီး လမ်းလျှောက်မလို့"

"ဒါဆို သူဇာလည်းလိုက်မယ်၊ ခဏစောင့်"

www.burmeseclassic.com

www.burmeseclassic.com



သူဇာက ပြောပြောဆိုဆို အပေါ်ထပ်သို့ ပြန်လည်ပြေးတက်သွားပြီး အဝတ်အစား လဲလိုက်သည်။ ပြီးမှ ...

"ကဲ ... အစ်ကို၊ သွားရအောင်"

နှစ်ဦးသား အိမ်အပြင်သို့ ထွက်ခဲ့ကြသည်။ ဘယ်ကိုသွားမယ်ဟု ရည်ရွယ်ချက်တော့ မရှိပါ။ ခြေဦးတည့်ရာသို့သာ လျှောက်နေကြခြင်းဖြစ်သည်။ လျှောက်လာခဲ့သောလမ်းမှာ သွားနေကျ ဈေးဘက်သွားသည့်လမ်း မဟုတ်သဖြင့် လမ်းမှာလူသူ ကင်းရှင်းနေသည်။ ဝဲယာနှစ်ဖက်တွင် တောင်ကုန်းစောင်းများဖြစ်ပြီး ကုန်းမြင့်ပေါ်တွင် အိမ်များဆောက်လုပ်ထားခြင်းဖြစ်သည်။ ဝင်းခြံကျယ်ကြီးများနှင့်မို့ ငွေကြေးချမ်းသာသူများနေသည့် အရပ်ဖြစ်နိုင်သည်။

နှစ်ဦးစလုံး ကိုယ့်အတွေးနှင့်ကိုယ်မို့ စကားမပြောဖြစ်ကြ။ ပတ်ဝန်းကျင်ကို ငေးမောရင်း လမ်းလျှောက်နေကြခြင်းသာဖြစ်သည်။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းမှ လျှောက်လှမ်းလာသော လူတစ်ဦးကို လှမ်းမြင်လိုက်သည်။ အသက်အရွယ်ကြီးရင့်သော အဘိုးအိုတစ်ဦးဖြစ်ပြီး ယိုင်နဲ့နဲ့နှင့် ဖြည်းညှင်းစွာလျှောက်



လာခြင်းဖြစ်သည်။ မိုးကောင်းတို့နှင့် မလှမ်းမကမ်းအရောက်တွင် အဘိုးအိုမှာ လမ်းဘေးစောင်းသို့ ခြေချော်သွားပြီး ဟန်ချက်ပျက်ကာ လမ်းမပေါ်သို့ လဲကျသွားတော့၏။

"ဟာ ... အဘ"

မိုးကောင်းက လှမ်းအော်ရင်း အဘိုးအိုထံ ပြေးသွားကာ ထူမပေးလိုက်သည်။ နန်းသူဇာကလည်း ချက်ချင်းဆိုသလိုပင် မိုးကောင်းတို့အနီးသို့ ရောက်ရှိလာပါသည်။

"ရရဲ့လား အဘ၊ လမ်းလျှောက်နိုင်ရဲ့လား"

"အေး ... အေး ... ရပါတယ်ကွယ်၊ အသက်ကြီးလာတော့ ခြေတွေလက်တွေက မခိုင်တော့ဘူးကွယ့်"

တွဲထူပေးထားသော မိုးကောင်း၏မှာဝသို့ အဘိုးအိုထံမှ အရက်နံ့က ထောင်းကနဲ ရောက်ရှိလာသည်။

"အဘက စောစောစီးစီး သောက်ထားတယ် ထင်တယ်"

"ဟေ ... ဩော် ... ဩော် ... အင်း ... အဘကိုတွေ့တဲ့ လူတိုင်းက အရက်သောက်ထားတယ်လို့ ထင်ကြတာပါပဲကွယ်၊ အမှန်က အဘ အရက်မသောက်ပါဘူး၊ အသက်ကြီးတော့ အဆစ်အမြစ်တွေက အမြဲကိုက်ခဲနေတာဆိုတော့

www.burmeseclassic.com



ဆေးမြစ်ကိုသွေးပြီး အရက်နဲ့လိမ်းထားလို့ ခုလို အရက်နံ့ ရနေတာပါ၊ အဘက အရက်မသောက်ပါဘူးကွယ်”

“အို ... ကန်တော့နော် အဘ၊ ကန်တော့၊ ကျွန်တော်က အနံ့ရလို့ ပြောလိုက်မိတာပါ၊ ဒါနဲ့ အဘက အခုဘယ်ကို သွားမှာလဲ၊ အဖော်လည်း မပါဘဲနဲ့ တစ်ယောက်တည်းဖြစ် ပါ့မလား”

“ရပါတယ်ကွယ်၊ အဘက ဟိုးဘက်ကရွာလေးကို ပြန်ရမှာပါ၊ ဗိုက်ထဲမှာ အစာမရှိတော့ ကတုန်ကယင် ဖြစ်နေလို့ပါ၊ ကဲ ... ကဲ ... အဘ သွားမယ်”

“ဒါဆိုရင် ဟိုနားက လက်ဖက်ရည်ဆိုင်မှာ တစ်ခုခုလိုက် စားလေ အဘ၊ ဗိုက်ဝတော့မှ ရွာကိုပြန်ပေါ့”

အဘိုးအိုက ဘာမျှပြန်မပြောတော့ပါ။ လက်ခံသည့် သဘောပင်။ ထို့ကြောင့် မိုးကောင်းက အဘိုးအိုကိုတွဲပြီး နန်းသူစာနှင့်အတူ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြတော့သည်။

လက်ဖက်ရည်နှင့်မုန့်ကို မြိန်ရည်ရှက်ရည်စား သောက်နေသော အဘိုးအိုကိုကြည့်ပြီး မိုးကောင်းနှင့် နန်းသူစာ တို့ ပီတိဖြစ်နေကြသည်။





“စားနော် အဘ၊ ဝအောင်သာစား၊ အားမနာနဲ့”

နန်းသူစာ၏စကားကို အဘိုးအိုက ပြန်မပြောနိုင်သေးပါ။ ပါးစပ်ထဲတွင် မုန့်များက ပလုပ်ပလောင်းနှင့် ခေါင်းသာ ညိတ်ပြလိုက်သည်။ ခဏနေမှ လက်ကျန်လက်ဖက်ရည်ကို မော့ ချလိုက်ပြီး စားသောက်ခြင်းကို အပြီးသတ်လိုက်သည်။

“ကျေးဇူးပါပဲကွယ်၊ အဘက အတော်ဗိုက်ဆာနေတာ၊ ခုလို စားလိုက်ရမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်၊ သာဓုကွယ် သာဓု၊ ဒီလင်ဒီမယား ချစ်ချစ်ခင်ခင်နဲ့ အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်”

“အို”

နန်းသူစာမှာ အမှတ်မထင် ကြားလိုက်ရသော စကားသံကြောင့် ပါးပြင်ပေါ်တွင် ရှက်သွေးဖျန်းသွားရသည်။

“မေးတဲ့ဆုနဲ့ ပြည့်ပါစေ အဘရေ”

မိုးကောင်းက လေးလေးနက်နက်နှင့် ပြောလိုက် သော စကားကြောင့် နန်းသူစာ၏မျက်နှာတစ်ပြင်လုံး ပန်းနုရောင် လွှမ်းသွားကာ မိုးကောင်းကို တစ်ချက်ကြည့်ရင်း ဗိုက် ခေါက်ကို လိမ်ဆွဲလိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး ... နှာတယ်ဟ"

မိုးကောင်းနှင့် နန်းသူဇာတို့၏ လှုပ်ရှားမှုများကို အဘိုးအိုကကြည့်ပြီး သဘောကျစွာ ရယ်လိုက်၏။

"ဟေး ဟေး ဟေး ... မင်းတို့နှစ်ယောက်ကို ကြည့်ရတာ ညားခါစလင်မယားပဲ ဖြစ်ရမယ်၊ အေး အေး ... ဒီလိုပဲ ချစ်ချစ်ခင်ခင်ပုံစံနဲ့ တစ်သက်လုံး နေသွားနိုင်ပါစေကွယ်၊ အဘ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းတာပါ"

မိုးကောင်းက ဗိုက်ခေါက်ကိုလိမ်ထားသော နန်းသူဇာ၏ လက်ဖူးဖူးအိအိလေးကို အပေါ်မှဆုပ်ကိုင်ထားလိုက်သည်။ နှစ်ဦးစလုံး ရင်တွေခုန်နေကြပါ၏။

"ဒါနဲ့ မောင်ရင်လေးတို့က ဒီရွာခင်းသာကပဲလား"

"ဟုတ်ပါတယ် အဘ၊ ဟိုဘက်တောင်ကုန်းအကျော်က နံ့သာမြိုင်စံအိမ်ကပါ"

"ဟေ ... ဘယ်လို၊ နံ့သာမြိုင် ဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"ဪ ... တိုက်တိုက်ဆိုင်ဆိုင်ပါလားကွယ်"



အဘိုးအိုက မိုးကောင်းနှင့် နန်းသူဇာကို ခပ်ငေးငေး လေးကြည့်ပြီး တီးတိုးရေရွတ်လိုက်သည်။

"လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကမှ သူ့အဖေ ဦးဘမော်က ဒီနံ့သာမြိုင်စံအိမ်ကြီးကို ဝယ်ခဲ့တာပါ၊ အခုတော့ သူ့အဖေရော သူ့အစ်မရော ဆုံးသွားကြပါပြီ၊ သူပဲကျန်တာပါ"

"ဪ ... ဒီလိုကိုး၊ ဒါနဲ့ ဒီအိမ်ကြီးအကြောင်း ဘာများ သိထားသေးလဲ"

"ဗျာ"

"ရှင်"

မိုးကောင်းရော နန်းသူဇာပါ အံ့သြတုန်လှုပ်သွားရသည်။

"ဘာများဖြစ်လို့လဲ အဘ၊ သမီးတို့ကတော့ ဘာမှသိမထားပါဘူး၊ အဘ သိတာများရှိရင် သမီးတို့ကို ပြောပြပါလား"

"အင်း ... မင်းတို့နှစ်ယောက်ကို ကြည့်ရတာ ရိုးသားဖြူစင်ကြပုံပဲ၊ အေးလေ ... အဘ သိသလောက်တော့ပြောပြမှာပေါ့"

www.burmeseclassic.com



အဘိုးအိုက ရေနွေးတစ်ခွက်ကို မှုတ်၍သောက်နေလိုက်သည်။ နန်းသူဇာမှာ စိတ်လှုပ်ရှားမှုဖြင့် တုန်လှုပ်နေသောကြောင့် မိုးကောင်းက သူမ၏ လက်ဖဝါးနုနုလေးကို အသာအယာဆုပ်ကိုင်ပြီး သတိပေးထားရသည်။

"ဒီလိုကွယ့်၊ ဒီနံ့သာမြိုင်စံအိမ်ကြီးကို စစ်အတွင်းတုန်းက အင်္ဂလိပ်အင်ဒီးယားတစ်ယောက် ပိုင်တယ်၊ သူက ရတနာကုန်သည်တစ်ယောက်ပဲ၊ သူ့နာမည်က ရစ်ချတ်တဲ့၊ အဘက အဲသည်အိမ်က အလုပ်သမားတစ်ယောက်ပဲ၊ ဒီတုန်းက အဘအသက်က အစိတ်လောက်ပဲ ရှိဦးမယ်၊ တစ်နေ့တော့ မတင် ဆိုတဲ့ အိမ်ဖော်မိန်းမက အဘကို ထူးဆန်းတဲ့စကားပြောလာတယ်၊ အိမ်ပိုင်ရှင် ရစ်ချတ်က အိမ်ကြီးရဲ့တစ်နေရာမှာ စိန်တွေကို သိမ်းထားတယ်တဲ့၊ အဲဒီနေရာကို သူက သိထားတာမို့ ဝှက်ထားတဲ့စိန်တွေကိုယူပြီး နှစ်ယောက်အတူ ထွက်ပြေးကြဖို့ တိုင်ပင်တာပေါ့၊ အဘလည်းသဘောတူခဲ့တာပေါ့လေ၊ ဒါပေမဲ့ နောက်တစ်နေ့ညမှာ မတင် ဆုံးသွားတယ်၊ အစာအဆိပ်သင့်ပြီးတော့ပေါ့၊ နောက်မှသိရတာက မတင်ဟာ ရစ်ချတ်ရဲ့အငယ်အနှောင်းတစ်ယောက်ဆိုတာကိုပဲ ...





"မကြာခင်မှာပဲ ရစ်ချတ်လည်း မန္တလေးဘက်သွားရင်း လမ်းမှာကားမှောက်ပြီး ဆုံးပါးသွားတယ်၊ ဒီအိမ်ကြီးရဲ့အမွေခံအဖြစ် ရန်ကုန်က ရစ်ချတ်ရဲ့တူ လုပ်သူက သေတမ်းစာအရ ပိုင်ဆိုင်ခဲ့တယ်၊ သူကလည်း ဒီအိမ်ကြီးကို တခြားတစ်ယောက်ကို ချက်ချင်းရောင်းပစ်ပြီး ရန်ကုန်ကို ပြန်သွားတယ်၊ အဘလည်း ဒီအိမ်ကြီးမှာ အလုပ်မလုပ်တော့ဘဲ နယ်ဘက်ကိုဆင်းသွားပြီး အိမ်ထောင်ကျတယ်၊ နောက်တော့ မိန်းမကလည်း ဆုံးပါးသွားပြီး တစ်ယောက်တည်းပဲ လုပ်ကိုင်စားသောက်ခဲ့တာပေါ့၊ ဒီလိုနဲ့ နှစ်ပေါင်းအတော်ကြာ နယ်ဘက်မှာနေရင်းက အလုပ်အကိုင်အဆင်ပြေတာနဲ့ တစ်နေရာကနေ တစ်နေရာ ပြောင်းရင်းက နောက်ဆုံး ဒီရွှေခင်းသာမြို့ကို ပြန်ရောက်လာခဲ့တယ် ...

"ဒီမြို့မှာ အဘရဲ့တူတစ်ယောက်က အတော်ချမ်းသာနေတယ်လို့ ကြားရလို့ အဘ သူ့ဆီကိုသွားခဲ့တယ်၊ အဘမှာ အတော်ဆင်းရဲကျပ်တည်းနေလို့ ငွေကြေးအကူအညီရလိုရငြားပေါ့လေ၊ ဒါပေမဲ့ သူက အဘကိုအကူအညီ မပေးခဲ့ပါဘူး၊ ဒါနဲ့ အဘက သူ့ရဲ့လောဘစိတ်ကို သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလို့ သူနဲ့အပေးအယူတစ်ခုကို လုပ်ခဲ့တယ်၊ အဲဒါကဘာလဲဆိုတော့ ဒီနံ့သာမြိုင်စံအိမ်ကြီးထဲမှာ ရတနာတွေဝှက်ထားတယ်ဆိုတဲ့ အကြောင်းပေါ့၊ အဲဒီသတင်း သူ့ကိုပေးပြီး အဘအတွက် ငွေကြေးအထောက်အပံ့ကိုတောင်းခဲ့တယ်၊ ဒါပေမဲ့ သူက အဘကို မုန့်ဖိုးသာသာလောက်သာပေးပြီး မောင်းထုတ်ခဲ့တယ်၊ တော်တော် လူမဆန်တဲ့အကောင်"

"အဘရဲ့တူကို ဒီသတင်းပြောတာ အတော်ကြာပြီလား"

မိုးကောင်းက သိလိုသည့်အကြောင်းကို ကောက်ကာငင်ကာ မေးလိုက်သည်။

"မကြာသေးပါဘူးကွယ်၊ ကွယ်လွန်ခဲ့တဲ့ နှစ်လကျော်လောက်ကမှ ပြောဖြစ်တာပါ၊ အဘမှာ အတော်ကျပ်တည်းလွန်းလို့ ထွက်ပေါက်လေး ရလိုရငြားဆိုပြီး ပြောခဲ့တာပါ၊ နောက်ဆုံးတော့ အဘကို ခွေးမောင်းသလို မောင်းထုတ်ခဲ့တာပါပဲကွယ်၊ ဒီမနက်လည်း သူ့ဆီသွားပြီး အကူအညီတောင်းတာ ဘာမှမထူးပါဘူးကွယ်၊ ခြံထဲတောင် အဝင်မခံပါဘူး"





"ဒါနဲ့ အဘရဲ့တူဆိုတာ ဘယ်သူများလဲ၊ သမီး[redacted]ရှိမလား အဘ"

"သိရပါတယ်ကွယ်၊ အဘရဲ့တူဆိုတာ [redacted] အတော်ချမ်းသာနေတဲ့ လက်ဖက်ခြောက်သူဌေး[redacted] ဆိုတာပေါ့"

"ဩော်"

မိုးကောင်းနှင့် နန်းသူဇာတို့[redacted]ခုကို သဘောပေါက်သွားသလို ခံစားလိုက်ကြရ[redacted]

"မင်းတို့ရဲ့အိမ်ကြီးထဲမှာ [redacted]တစ်ခု ရှိနေတာတော့ အမှန်ပဲ၊ ရှာကြည့်[redacted] ထိုက်ရင်တော့ရမှာပေါ့၊ ကဲ ... ကဲ အ[redacted]ပြည့်သွားပြီဆိုတော့ ရှာကိုပြန်တော့မယ်၊ [redacted]ာ ကျေးဇူးတင်ပါတယ်ကွယ်"

"အဘသုံးဖို့အတွက်[redacted]ကိုတော့ ယူသွားပါ၊ သမီးလှူတဲ့အနေနဲ့ပေး[redacted]"

နန်းသူဇာ[redacted]ငွေတစ်သောင်းကို အဘိုးအိုကချက်ချင်းမယူသေးဘဲ [redacted]ိုက်သည်။ ပြီးမှ တုန်ယင်သောလက်ဖြင့် လှမ်းယူလိုက်[redacted] ...



www.burmeseclassic.com

www.burmeseclassic.com



"စေတနာဖြူစင်တဲ့ကလေးတွေ ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံပါစေ၊ အောင်မြင်နိုင်တဲ့သူတွေဖြစ်ပြီး ရာသက်ပန်ချစ်ခင် ပေါင်းသင်းနိုင်ပါစေကွယ်"

မိုးကောင်းက နန်းသူဇာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ နန်းသူဇာ ပြုံးနေပါ၏။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အဘ"

နန်းသူဇာ၏အသံက တုန်ယင်လျက်။

အဘိုးအို ဆိုင်ထဲမှထွက်မည်အပြုတွင် မိုးကောင်းက တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် ကမန်းကတန်း မေးလိုက်သည်။

"အဲဒီအိမ်ကြီးမှာ မြေအောက်ခန်းရှိလား အဘ"

အဘိုးအိုက တစ်ချက်တွေ့ဆွေး စဉ်းစားလိုက်ပြီး ...

"အဘတော့ သေချာမသိဘူး၊ နိုင်ငံခြားသားတွေနေတဲ့ အိမ်တိုင်း မြေအောက်ခန်းတော့ ရှိတတ်ကြတာပဲ"

"ကျေးဇူးပဲ အဘ"

အဘိုးအိုက မိုးကောင်းတို့ကို နှုတ်ဆက်ပြီး နေး ကွေးလေးလံသော ခြေလှမ်းများဖြင့် ထွက်ခွာသွားပြီ ဖြစ်ပါသည်။

"သူဇာ"





မိုးကောင်း ခေါ်သံကို ကြားသော်လည်း နန်းသူဇာ မော်မကြည့်ပါ။ ထူးလည်း မထူးပါ။ ခေါင်းကိုသာ တွင်တွင်ငုံ့ ထားသည်။

"ကိုယ်တို့နှစ်ယောက်လုံး ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့ ဆုတောင်းခဲ့ကြတယ်နော်"

"အို ... ဘာမှန်းလဲ မသိဘူး၊ သွား"

နန်းသူဇာက ရှက်ဒေါသဖြင့် မိုးကောင်း၏ကျယ် ပြန့်သော ရင်အုံကြီးကို လက်သီးဆုပ်ခပ်ဖွဖွဖြင့်ထုပြီး ပြေးထွက် လာခဲ့တော့သည်။

✤ ✿ ✤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"တူမကြီးက အန်ကယ့်ကို တွေ့ချင်တယ်ဆို"

"ဟုတ်ကဲ့၊ လာ ... ထိုင်ပါ"

ဈေးအနီးမှ လက်ဖက်ရည်ဆိုင်မှာ ဖြစ်ပါသည်။ နန်းသူဇာ၏ ဖုန်းဆက်ခေါ်ယူမှုကြောင့် ဦးအုံမောင် ရောက်ရှိလာခြင်းဖြစ်သည်။ ဦးအုံမောင်က နန်းသူဇာ ထိုင်နေသော စားပွဲတွင် ဝင်ထိုင်လိုက်သည်။

"အန်ကယ့်ကို တွေ့ချင်တာများ တူမကြီးရယ်၊ အန်ကယ့်အိမ်ကိုလာခဲ့၊ ပြီးရော"

"ဒီမှာပဲတွေ့ပြီး စကားပြောချင်လို့ပါ"

"တူမကြီးမပြောခင် အန်ကယ်က အရင်တောင်းပန်ပါရစေဦး၊ ဟိုတလောက တူမကြီးကို အန်ကယ်က တွေ့ချင်လို့





အန်ကယ့်ရဲ့လူနှစ်ယောက်ကို လွှတ်လိုက်တာ၊ သူတို့ရဲ့ပြောဆိုဆက်ဆံပုံ မဟုတ်ခဲ့တာတွေကြောင့် တူမကြီး စိတ်အနှောင့်အယှက် ဖြစ်ခဲ့တာကို သိပါတယ်၊ ချက်ချင်းလာပြီး တောင်းပန်ချင်ပေမယ့် တူမကြီး စိတ်ဆိုးနေတုန်းမို့ ခဏလောက် စောင့်ခဲ့ရတာပါ၊ ဒီအတွက် တူမကြီးကို အနူးအညွတ် တောင်းပန်ပါတယ်ကွယ်"

"ရပါတယ်၊ ဒီကိစ္စအတွက်ကတော့ ကျွန်မခေါင်းထဲမှာ ထည့်မထားတော့ပါဘူး"

"ကျေးဇူးတင်ပါတယ်ကွယ်"

"ကဲ ... ကျွန်မ လိုရင်းကိစ္စပဲ ပြောတော့မယ်"

"ပြော တူမကြီး ... ပြော"

"နန်းသာမြိုင်စံအိမ်ကြီးကိုဝယ်ဖို့စိတ်ကူး အန်ကယ့်မှာရှိသေးလား"

"ဟား ... ရှိတာပေါ့၊ သိပ်ရှိတာပေါ့၊ ဒါနဲ့ တူမကြီးက"

"ဟုတ်ပါတယ်၊ ကျွန်မရောင်းဖို့ ဆန္ဒရှိလို့ အန်ကယ့်ကို ဆက်သွယ်လိုက်တာပါ"

"ကောင်းပြီလေ၊ ဒါဆို တူမကြီးဘက်က ဈေးပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ထဲ့၊ ကျွန်မအဖေ ဝယ်တုန်းကဈေးအတိုင်းပဲ ပြန်ရောင်းမှာပါ၊ သိန်းသုံးရာနဲ့ပဲလေ"

"တူမကြီး အန်ကယ့်ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး၊ ဒါဟာ နောက်ရမယ့်ကိစ္စမှ မဟုတ်တာ"

"ဒီလိုပါ တူမကြီး၊ နံ့သာမြိုင်စံအိမ်ရဲ့အကြောင်း ဒီက တစ်မြို့လုံး သိနေကြပြီလေ၊ ဒီလိုနာမည်ပျက်နေတဲ့ အိမ်ကြီးကို တူမကြီးပြောတဲ့ ပုံမှန်ဈေးအတိုင်း ဝယ်မယ့်သူရှိလိမ့်မယ်လို့ တူမကြီး ထင်နေလား၊ မဖြစ်နိုင်ဘူးနော်၊ အိုကွယ် ... ရှင်းရှင်းပြောရရင် ဝယ်မယ့်သူတောင် လုံးဝမရှိပါဘူး၊ တူမကြီး စုံစမ်းကြည့်ရင် သိပါလိမ့်မယ်"

"ကျွန်မလည်း သိသင့်သလောက်တော့ သိထားပါတယ်၊ကောင်းပြီလေ၊ ကျွန်မဘက်ကတော့ ဆိုဈေးကို ပြောပြီးပြီ၊ အန်ကယ့်ဘက်က ပေးနိုင်မယ့်ဈေးကို ပြောကြည့်ပါဦး၊ ကျွန်မလည်း နားထောင်ကြည့်ချင်ပါတယ်"





ဦးအုံးမောင်က မျက်လုံးကိုမှေးစင်းပြီး ခေတ္တမျှ စဉ်းစားနေလိုက်သည်။ ပြီးမှ နန်းသူဇာကို တစ်ချက်လှမ်းကြည့်ရင်း စကားကို တစ်လုံးချင်းပြောသည်။

"နံ့သာမြိုင်စံအိမ်ကြီးဟာ သရဲခြောက်နေတာတို့၊ အဲဒီတရွာ သရဲတွေကိုမြင်ပြီး ကြောက်လန့်တဲ့စိတ်နဲ့ အသက်ဆုံးပါးခဲ့တာတို့ ဖြစ်ပျက်နေတဲ့အိမ်ကြီးကို ဘယ်လိုလူမျိုးကမှ လိုချင်မှာ မဟုတ်ဘူး၊ အဲ ... အန်ကယ်ကတော့ ရှေးဟောင်း အိမ်ကြီးတွေကို စိတ်ဝင်စားတယ်၊ လိုချင်တယ်၊ ရူးသွပ်ခြင်းတစ်မျိုးပေါ့လေ၊ အန်ကယ့်အခြေအနေနဲ့ အိမ်ဆိုတာ ထပ်ပြီးလိုအပ်နေစရာ အကြောင်းမှမရှိတာ၊ ဒါပေမဲ့ ရှေးဟောင်းအိမ်ကြီးကိုတော့ ပိုင်ဆိုင်ချင်စိတ် ရှိနေတာ အမှန်ပဲ၊ ဒီတော့ တူမကြီးပြောတဲ့ ဈေးမျိုးတော့ အန်ကယ်မပေးပါဘူး၊ အန်ကယ့်အနေနဲ့ အမြင့်ဆုံးမှန်းထားတာကတော့ ရှစ်ဆယ်၊ သိန်းရှစ်ဆယ်ပေါ့၊ ဘယ့်နှယ်လဲ တူမကြီးဘက်က ဘယ်လိုသဘောရလဲ"

နန်းသူဇာက သက်ပြင်းတစ်ချက် ချလိုက်ပြီး ခေတ္တမျှ စဉ်းစားနေလိုက်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအနေနဲ့ ငွေကြေးအကြပ်အတည်း ရှိတယ်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါကလည်း ဖြေရှင်းလို့ မရနိုင်တဲ့ ကိစ္စမျိုးတော့ မဟုတ်ပါဘူး၊ တကယ်လို့အပ်လာရင် ရန်ကုန်က ဒေါ်ဒေါ်ကြီးတို့ဆီကယူပြီး ဖြေရှင်းလို့ရတဲ့ကိစ္စပါ။ ကျွန်မရဲ့ဆန္ဒအတိုင်း အရောင်းအဝယ် ဖြစ်မလားဆိုပြီး အန်ကယ်နဲ့ ဆွေးနွေးကြည့်တာပါ၊ အန်ကယ်ပေးတဲ့ဈေးမျိုးနဲ့တော့ ဘယ်လိုနည်းနဲ့မှ မရောင်းနိုင်ပါဘူး၊ ဒါဆိုရင်တော့ ကျွန်မရဲ့ဦးလေးဆန္ဒအတိုင်း လုပ်ခွင့်ပေးလိုက်ရတော့မှာပဲလေ"

"တူမကြီးရဲ့ဦးလေးဆန္ဒက ဘာတဲ့လဲ"

"ဦးလေးကတော့ ဒီအိမ်ကြီးကိုဖျက်ပြီး အသစ်ဆောက်ဖို့အတွက် ဆန္ဒရှိတာလေ၊ ခုဆို သူတို့က ဖျက်ပြီးအသစ်ဆောက်ဖို့အတွက်တောင် စီစဉ်ပြီးနေပြီ၊ ကျွန်မက ခဏတားထားလို့ စောင့်နေတာ၊ ကျွန်မဘက်က အရောင်းအဝယ် မဖြစ်ဘူး ဆိုရင်တော့ နက်ဖြန်သန်ဘက်လောက်မှာ သူတို့အစီအစဉ်ကို စပြီးအကောင်အထည်ဖော်ကြတော့မှာပဲ"



ဦးအုံမောင်ထံမှ စကားသံတိတ်သွားသည်။ အတန်ကြာသည်အထိ စဉ်းစားနေသေးသည်။ ပြီးမှ ...

"အန်ကယ့်ဘက်ကတော့ ခုပြောတဲ့ဈေးပဲ ပေးချင်တယ်ကွယ်၊ အဲဒီလိုမှ မရရင်တော့ မတတ်နိုင်ဘူး"

"ကျွန်မဘက်ကလည်း လုံးဝ မလျှော့ချင်ဘူး ဆိုတော့ အရောင်းအဝယ်ကိစ္စ ပျက်သွားပြီလို့ပဲ ကျွန်မတို့သတ်မှတ်လိုက်ကြတာပေါ့၊ အန်ကယ် အလုပ်များတဲ့ကြားတဲ့က ခုလိုလာတွေ့တာ ကျေးဇူးတင်ပါတယ်၊ ကျွန်မကို ပြန်ခွင့်ပြုပါဦး"

ဦးအုံမောင်ထံမှ စကားသံ ထွက်မလာပါ။

လက်ဖက်ရည်ဆိုင်မှ နန်းသူဇာ ပြန်ထွက်လာပြီး လမ်းထောင့်ချိုးတစ်ခု အရောက်တွင် နောက်မှလှမ်းခေါ်သံ ကြားလိုက်ရ၏။

"သူဇာ"

ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မိုးကောင်းကို တွေ့လိုက်ရသဖြင့် ...

"ဟင် ... အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"လမ်းလျှောက်တာကလည်း မြန်လိုက်တာ၊ အိုလံပစ်ပြိုင်ပွဲအတွက် လေ့ကျင့်နေသလား အောက်မေ့ရတယ်"

"ဦးအံ့မောင်ရဲ့လူတွေ လိုက်လာမှာစိုးလို့ ခပ်မြန်မြန်လျှောက်ရတာ၊ ဒါနဲ့ အစ်ကိုက အိမ်မှာစောင့်မနေဘဲ ဘာဖြစ်လို့ ဒီကိုရောက်နေရတာလဲ"

"သူဇာနဲ့ ဦးအံ့မောင် တွေ့ဆုံတာကို ဒီအတိုင်းလွှတ်ထားလို့ ဖြစ်မလား၊ တော်ကြာ ဟိုက အဆောက်ကြံရင် ဘယ့်နှယ်လုပ်မလဲ၊ ဒါကြောင့် သူဇာတို့ စကားပြောနေတဲ့နေရာနဲ့ မလှမ်းမကမ်းက စောင့်ကြည့်နေရတာ"

မိမိကို စိုးရိမ်စိတ်နှင့် လိုက်လံစောင့်ကြပ်ပေးနေသော မိုးကောင်းကို နန်းသူဇာက ကျေနပ်စွာဖြင့် ပြုံးပြလိုက်ပါ၏။

"ကျေးဇူးပါပဲ အစ်ကိုရယ်"

အိမ်သို့ နန်းသူဇာတို့ ပြန်ရောက်တော့ ဦးဘသော်ကို တွေ့ရသည်။

"ဟင် ... ဦးလေး၊ မြို့ထဲမသွားသေးဘူးလား"



"အေး ... မနက်က သမီး ဦးအံ့မောင်နဲ့ သွားတွေ့တယ်ဆိုလို့ စိုးရိမ်ပြီး စောင့်နေတာ၊ နေပါဦး၊ ဒီအိမ်ကြီးကို ရောင်းဖို့ သမီးက ဆုံးဖြတ်လိုက်ပြီလား၊ ဦးအံ့မောင်က ရော ဝယ်မယ်တဲ့လား"

ဦးဘသော်က အဆက်မပြတ် မေးလိုက်သောစကားများကြောင့် နန်းသူဇာ ပြုံးလိုက်မိပါသည်။

"သမီး ဦးအံ့မောင်နဲ့ သွားတွေ့ပြီး ဒီအိမ်ကြီး အရောင်းအဝယ်ကိစ္စ သွားပြောတယ်ဆိုတာ အမှန်ပါပဲ၊ ဒါပေမဲ့ သမီးက ရောင်းဖို့ဆုံးဖြတ်ပြီး သွားပြောတာ မဟုတ်ပါဘူး၊ ဦးအံ့မောင်ရဲ့သဘောထားကို သိချင်တာရယ်၊ ပြီးတော့ ငြိမ်နေတဲ့စိတ်ကို ဆွပေးဖို့ရယ်အတွက် သွားတွေ့တာ၊ ဒီလိုသွားတွေ့ဖို့ အစီအစဉ်ဆွဲပေးတာက အစ်ကိုမိုးကောင်းပဲ"

"ဟော ... ဦးလေးတော့ မျက်စိကို လည်သွားပြီ"

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော်တို့အနေနဲ့ အခုလို လုပ်လိုက်တာကတော့ တွင်းထဲကမြွေ ထွက်လာအောင် လုပ်ကြည့်လိုက်တာပါပဲ၊ ကျွန်တော့်ခန့်မှန်းချက်အရတော့ ဒီရက်ပိုင်းအတွင်း ထူးခြားလာပါလိမ့်မယ်"

www.burmeseclassic.com



ဦးဘသော်လည်း နံနက်စာ ထမင်းစားပြီးနောက် ခြံထဲသို့ ထွက်ခွာသွားတော့သည်။

နေ့လယ်ပိုင်းတွင် နန်းသုဇာနှင့် မိုးကောင်းတို့ ဤအိမ်ကြီးအတွင်း ဝှက်ထားသည်ဆိုသော ရတနာကိုရှာရန် တိုင်ပင်ဖြစ်ကြသည်။

"ဘယ်နေရာမှာ ရှိနိုင်မယ်လို့ အစ်ကိုထင်လဲ"

"စဉ်းစားရမှာပေါ့၊ ဒီအတိုင်း ရမ်းရှာရင် ပင်ပန်းလိမ့်မယ်၊ ပစ္စည်းတစ်ခုကို ဝှက်ထားတယ်ဆိုရင်က အခြားလူတွေမြင်မှာ သိမှာစိုးလို့ပဲ၊ မီးခံသေတ္တာတို့ အံဆွဲတို့ ဗီရိုတို့အထဲမှာထားရင် သော့ခတ်ရတယ်၊ သော့ဆိုတာ ဖွင့်တတ်သူအတွက် အလွယ်တကူ ဖွင့်စေနိုင်တဲ့အရာပဲ၊ ဒီတော့ သော့ခတ်သိမ်းရတဲ့နေရာမှာ ထားမယ် မထင်ဘူး"

"အဲဒီတော့"

"အဲဒီတော့ လူတွေရဲ့စရိုက်က အမျိုးမျိုးရှိတတ်တယ်လေ၊ တချို့က ခေါင်မိုးထုတ်တန်းမှာ ဝှက်ထားတတ်သလို၊ တချို့ကျတော့ ဖိနပ်ချွတ်လိုနေရာမျိုးမှာ ဝှက်တတ်ကြတယ် ဆိုလိုတဲ့သဘောက လူတွေမထင်တဲ့ နေရာမှာ ဝှက်ထားတယ် ဆိုတာပဲ"



"ဒီလိုဆိုရင် သုဇာတို့ ဘယ်ကစရှာမလဲ၊ အိမ်ကအကျယ်ကြီးဆိုတော့ ရှာရမယ့်နေရာတွေက အများကြီး"

"ဒါကြောင့်မို့ ကိုယ်ပြောတာပေါ့၊ ဒီအတိုင်းရမ်းပြီးရှာရင် အရမ်းပင်ပန်းမယ်၊ အချိန်ကုန်မယ်၊ ဒီတော့ မရှာခင်မှာ စိတ်အေးအေးနဲ့ ရှိနိုင်မယ့်နေရာကို စဉ်းစားရမယ်"

"သုဇာတော့ မစဉ်းစားတတ်တော့ဘူး အစ်ကို"

"ကိုင်း ... ကိုယ်တို့ ဒီလိုစဉ်းစားကြည့်မယ်၊ ဝှက်ထားခဲ့တဲ့သူက ပစ္စည်းကို သူနဲ့အမြဲတမ်း နီးကပ်တဲ့နေရာမှာ ထားမှာပဲ၊ ဒါမှ သူ့အနေနဲ့ သူဝှက်ထားတဲ့ပစ္စည်းကို သူစောင့်ရှောက်နိုင်မှာကိုး"

"သူ့အခန်းထဲမှာပေါ့"

"ဖြစ်နိုင်တာပေါ့၊ ပိုင်ရှင်က ဘယ်မှာနေမှာလဲ ဆိုတာ စဉ်းစားရအောင်၊ ရစ်ချတ်ဟာ နိုင်ငံခြားသားလည်းဖြစ်တယ်၊ သူဌေးလည်းဖြစ်တယ်၊ ဒီတော့ အောက်ထပ်မှာနေမယ် မထင်ဘူး၊ အပေါ်ထပ် ဖြစ်ရမယ်၊ ဒါဆိုရင် အပေါ်ထပ်ကို ထပ်စဉ်းစားရအောင်၊ ရစ်ချတ် ဘယ်လိုအခန်းမှာနေမလဲ၊ သူဟာ နိုင်ငံခြားသားဆိုတော့ ရှုခင်းကြည့်တာ ဝါသနာပါတတ်ကြတယ်၊ ပြီးတော့ ပိတ်လှောင်နေရင် သူတို့မ

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ကြဘူး၊ လေဝင်လေထွက်ကောင်းတဲ့ အခန်းမျိုးမှာ နေမှာပဲ၊ ဒီတော့ ပြတင်းပေါက်များများရှိပြီး အပြင်က လေဝင်ရမယ့် ရှုခင်းကိုကြည့်လို့ရမယ့်အခန်း ဘယ်အခန်း ဖြစ်နိုင်မလဲ"

နန်းသူဇာက စဉ်းစားကြည့်သည်။ အတန်ကြာမှ ...

"သူဇာ အခုနေတဲ့အခန်းများ ဖြစ်နေမလား၊ အဲဒီအခန်းက ထောင့်ခန်းဆိုတော့ အိမ်နောက်ဘက်က ပြတင်းပေါက်ကနေ စမ်းချောင်းလေးဘက်ကို ကြည့်နိုင်တယ်၊ ဘေးပြတင်းကနေပြီး အဝေးကတောအုပ်နဲ့တောင်တန်းကိုလည်း ကြည့်နိုင်တယ်၊ ပြီးတော့ လေဝင်လေထွက်လည်း ကောင်းတယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် သူဇာ့အခန်းကို သွားကြည့်ရအောင်"

အခန်းတွင်းရောက်တော့ နန်းသူဇာက တံခါးကို အပြည့်ဖွင့်ထားလိုက်သည်။ မိုးကောင်းက ချက်ချင်းသဘောပေါက်ပါသည်။ ယောက်ျားမျိုးတစ်ဦးနှင့် မိန်းမပျိုတစ်ဦးတို့ နှစ်ဦးတည်းရှိသည့်အခန်းကို အခြားသူများမြင်လျှင် သံသယမဖြစ်စေရန် တံခါးအပြည့် ဖွင့်ထားခြင်းပင်။

မိုးကောင်းက အခန်းတွင်း လှည့်ပတ်ကြည့်လိုက်သည်။ ဒီအခန်းက နန်းသူဇာနေသည့်အခန်း။ သူမ၏ စည်းကမ်း





စနစ်ကျနစွာ နေထိုင်တတ်မှုကို အခန်းတွင်း အနေအထားက ဖော်ပြနေသည်။

"ကဲ ... အစ်ကို၊ ဘယ်နေရာက စရှာမလဲ"

"ကိုယ်တို့ နည်းနည်းထပ်စဉ်းစားကြည့်ရအောင်၊ ရစ်ချတ်ဝှက်ခဲ့တာ ဘာဖြစ်နိုင်မလဲ၊ သူက ကျောက်ကုန်သည်ဆိုတော့ ရွှေငွေပစ္စည်းတွေထက် ကျောက်မျက်ရတနာဖြစ်ဖို့ များတယ်၊ သူများတွေမသိအောင် ဝှက်မယ်ဆိုရင် တန်ဖိုးကြီးပြီး သေးငယ်တဲ့ကျောက်မျက်မျိုး၊ ဥပမာ စိန်တို့ ပတ္တမြားတို့လို ရတနာတွေပေါ့၊ ဒါဆို လက်တစ်ဆုပ်စာပစ္စည်းကို ဝှက်ဖို့အတွက် နေရာအကျယ်ကြီးမလိုပဲ နေရာကျဉ်းကျဉ်း ဖြစ်ရမယ်၊ သူနဲ့မလှမ်းမကမ်းနေရာမှာ ထားရမယ်"

"အစ်ကို အခုလိုစဉ်းစားလိုက်တော့လည်း ရှာရမယ့်နေရာက အတော်ရှင်းလာသလိုပဲ"

"ဟုတ်တယ်၊ အပေါ်မျက်နှာကြက်က ကျောက်ပြားဖြစ်နေတယ်၊ မျက်နှာကြက်ပေါ်တက်ထားရင် တခြားအလုပ်သမားတွေ ဘာတွေ အချိန်မရွေး တွေ့နိုင်တယ်၊ အခန်းနံရံကလည်း သစ်သားအကာဆိုတော့ အံဝှက်မရှိနိုင်ဘူး၊ ဒီတော့ ကြမ်းပျဉ်ကို အရင်ကြည့်ရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ကြမ်းပျဉ်ကို အသေးစိတ်ရှာကြသည်။ အံထိုးအံခုက်ဖိုစရိုး မသင်္ကာစရာ မတွေ့ရ။ ကြမ်းပျဉ်ပေါ်တွင် ထိုင်ရင်း မိုးကောင်း စဉ်းစားသည်။ အခန်းတွင်းရှိနေရာများမှာ ရှင်းနေသည်။

အခန်းနံရံများကိုကြည့်ရင်း တိုင်များကို အာရုံရောက်သွားသည်။ တိုင်များမှာ ရှစ်ပတ်လည် ကျွန်းတိုင်များဖြစ်သည်။

မိုးကောင်းက တိုင်များကို တစ်တိုင်ခြင်း စေ့စေ့စပ်စပ်ကြည့်သည်။ ခုတင်ဆီးမှတိုင်ကို အသေအချာကြည့်လိုက်တော့ အလျားခြောက်လက်မ အနံခြောက်လက်မခန့်ရှိသော လေးထောင့်ပုံသဏ္ဌာန် မျဉ်းကြောင်းပါးပါးလေးများကို တွေ့ရသည်။ အလယ်တွင် သံပေါက်ရာတစ်ခု။ အသေအချာကြည့်တော့မှ သံပေါက်ရာမှာ မှလီရစ်များတွေ့ရသည်။

"သူဇာ ကိုယ့်ကို မှလီတစ်ချောင်းလောက် ရှာပေးပါလား"

နန်းသူဇာက မှလီတစ်ချောင်းကို အိမ်အောက်ထပ် မှယူပေးသည်။ မိုးကောင်းက မှလီကို အပေါက်ထဲထည့်၍ လှည့်လိုက်သည်။ အနည်းငယ်ဝင်သွားမှ ဆွဲထုတ်ကြည့်လိုက်တော့ မှလီတပ်လျက်သား ခြောက်လက်မပတ်လည် သစ်သားပြားတစ်ချပ် ပါလာသည်။ တိုင်မှာ အပေါက်ကြီးဖြစ်သွားပေပြီ။



မိုးကောင်းက လက်နှင့်နှိုက်ကြည့်လိုက်ပြီး ဆွဲထုတ်လိုက်ရာ လက်ထဲတွင် သစ်သားသေတ္တာ အသေးလေး ပါလာသည်။

"ကဲ ... သူဇာ၊ ဒါ ဖြစ်နိုင်တယ်"

နန်းသူဇာက အံ့သြတုန်လှုပ်စွာဖြင့် သစ်သားသေတ္တာလေးကိုယူပြီး ဖွင့်လိုက်သည်။

"ဟယ်"

သေတ္တာငယ်အထဲတွင် တွေ့လိုက်ရသည်က မန်ကျည်းစေ့အရွယ်ခန့်ရှိသော စိန်တုံး ငါးတုံးကို တွေ့ရသည်။ အလင်းရောင်နှင့် တွေ့လိုက်သည်နှင့် အရောင်မှာ တဖျပ်ဖျပ်နှင့် တောက်ပနေတော့သည်။

နန်းသူဇာမှာ စိန်များကိုကြည့်ပြီး စကားမပြောနိုင်အဲ ကြက်သေ,သေကာ ငိုင်နေတော့သည်။

ဒီသတင်းက တစ်အိမ်လုံး ပျံ့နှံ့သွားကာ ဆောက်တည်ရာမရ ပျော်ရွှင်နေကြပေပြီ။

ဦးဘသော်ကို ဖုန်းဆက်ခေါ် လိုက်သဖြင့် ပြန်ရောက်လာပြီဖြစ်သည်။

"သမီး ... သမီးလေးရဲ့ဘဝတစ်လျှောက်လုံး ချမ်းချမ်းသာသာ နေနိုင်ပြီ။ ဦးလေး စိတ်ထဲမှာ ပျော်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးလေး၊ သမီးတို့အတွက် အခက်အခဲဖြစ်နေတဲ့ ကြွေးမြီကိစ္စကို ရှင်းနိုင်ပြီ။ အဲဒါ ဘယ်သူ့ကြောင့်လဲ သိလား၊ ဟောဒီက အစ်ကိုမိုးကောင်းကြောင့်၊ အစ်ကို့ရဲ့အတွေးအခေါ် စဉ်းစားပုံကောင်းလို့ ခုလိုရှာတွေ့တာ"

နန်းသူဇာမှာ စိတ်ကိုမထိန်းနိုင်ဘဲ မိုးကောင်း၏လက်မောင်းကို ဖက်တွယ်ပြီး ဝမ်းသာအားရ ပြောလိုက်သည်။

မိုးကောင်းက ပြုံးရုံသာပြုံးပြီး စကားကို အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

"ဒါဟာ သူဇာနဲ့ထိုက်လို့ ရလာတာပါ၊ ပြီးတော့ အရေးကြီးတဲ့ အချက်တစ်ခုကို ပြောထားရဦးမယ်၊ အခုလို စိန်တွေတွေ့ပြီဆိုတာကို အပြင်ကိုလုံးဝပေါက်ကြားလို့ မဖြစ်သေးဘူး၊ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က မပြီးသေးဘူး"

အားလုံးက တညီတညွတ်တည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်ကြပါတော့သည်။

✤ ✿ ✤



## အခန်း(၂၀)

ညဉ့်က နက်လာပေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ နန်းသူဇာကတော့ ညစာထမင်းစားပြီး ခေါ်လေးနန်းမှတိုက်သော နွားနို့တစ်ခွက်ကိုသောက်ပြီး သူမ၏အခန်းတွင်းဝင်ကာ အိပ်နေချေပြီ။ ကျန်အိမ်သားများလည်း အိပ်ရာဝင်ကြပြီမို့ တစ်အိမ်လုံး မီးများပိတ်ထားလိုက်သည်။ မိုးကောင်းကတော့ ခုတင်ပေါ်တွင် ပက်လက်လှန်ရင်း မိမိမျှော်လင့်ထားသလို ဖြစ်လာစေရန်သာ ဆုတောင်းနေမိပါ၏။ အအေးဓာတ်က ပိုမိုပြင်းထန်လာ၏။

"မောင်မိုးကောင်း ... မောင်မိုးကောင်း"

လေသံဖြင့် ခေါ်လိုက်သော အသံကြောင့် ပြတင်းပေါက်တံခါးကို တွန်းဖွင့်လိုက်သည်။ အပြင်တွင်ရပ်စောင့်နေသော ခြံစောင့်ကြီး ဦးဖိုးချက်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မည်းမည်းကြီးနှစ်ကောင် အိမ်နောက်ဘက်ကို ပတ်ပြေး သွားတာ တွေ့လိုက်တယ်"

"ဟုတ်ပြီ၊ အဘက အိမ်ရှေ့ဘက်ကို စောင့်ကြည့်ထား"

မိုးကောင်းက ကိုရွှေမျောက်ကို လှုပ်နှိုးလိုက်သည်။ ကိုရွှေမျောက် ချက်ချင်းနိုးလာသည်။

"အပေါ်ထပ်က ကျွန်တော် ပြောထားတဲ့နေရာကို သွား တော့"

ကိုရွှေမျောက်က ခုတင်ရင်းတွင် ထောင်ထားသော ဝါးရင်းတုတ်ကိုယူပြီး တိတ်တဆိတ် ထွက်သွားသည်။ မိုးကောင်း က မှောင်ထဲမှာပင် စခန်းမှူးဦးသန်းဇော်ထံ ဆက်သွယ်လိုက်၏။ ပြီးနောက် အပေါ်ထပ်သို့ ခြေဖွတက်လိုက်သည်။ နန်းသူဇာ အိပ် နေသော ထောင့်ဆုံးအခန်းတံခါးရှေ့တွင် ရပ်လိုက်ပြီး တံခါးလက် ကိုင်ကို လှည့်ကြည့်သည်။ တံခါးချပ်က ဟသွားသည်ကို တွေ့ လိုက်ရသဖြင့်

"သူဇာ အတွင်းက ချက်မချထားပါလား၊ အရမ်းအိပ်ချင် ပြီး ဝင်အိပ်တယ်နဲ့တူတယ်"





မိုးကောင်းက ဤမျှသာတွေးလိုက်ပြီး တံခါးကိုပြန် ပိတ်ထားလိုက်သည်။ ထို့နောက် ဘုရားခန်းဘက်နားသို့ အသာ အယာ ဆက်လျှောက်လာခဲ့သည်။ ခဏအကြာတွင် အမိုးပေါ်မှ အသံတစ်ချက် ကြားလိုက်ရသဖြင့် အသက်ကို ပြင်းပြင်းရှူပြီး စိတ်ကို လျှော့ထားလိုက်သည်။

မကြာခင်အချိန်မှာပင် အပေါ်ဘက်မျက်နှာကြက်မှ ခုန်ချလာသော မည်းမည်းသတ္တဝါနှစ်ကောင်ကို မှုန်တိမှုန်မွား အလင်းရောင်လေးမှတစ်ဆင့် မြင်လိုက်ရသည်။ မျက်နှာမှာဖြူ ကျယ်နီရဲသောမျက်လုံး၊ ချွန်၍ကောက်နေသော နှာခေါင်း၊ ကြီး မားသော ပါးစပ်ကြီးအတွင်းမှ ထွက်ပေါ်နေသော ဖြူဖွေးနေသည့် အစွယ်ကြီးများနှင့် လွန်စွာမှကြောက်စရာကောင်းနေပါသည်။ ကိုယ် လုံးတွင် အမည်းရောင်အမွေးများနှင့် မည်သည့်သတ္တဝါဟုပြောရန် ခက်လှသည့်ပုံစံမျိုး ဖြစ်သည်။

မည်းမည်းသတ္တဝါနှစ်ကောင်သည် လမ်းလျှောက် သည့်အခါ ခပ်ကုန်းကုန်း ဖြစ်နေပြီး ဘုရားခန်းအနီးရှိ တံခါးကို ဖွင့်ရန်ကြိုးစားနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

တိတ်ဆိတ်နေသော ဝန်းကျင်တွင် ပေါ်ထွက်လာသောအသံက ဟိန်းထွက်သွားသည်။ မည်းမည်းသတ္တဝါနှစ်ကောင်တုံ့ခနဲရပ်သွားပြီး နောက်သို့အလှည့်တွင် မိုးကောင်းက လေထဲသို့ခုန်တက်သွားပြီး ပြန်အကျတွင် အားပါ၍တိကျသော တံတောင်ရိုက်ချက်က မည်းမည်းသတ္တဝါကြီး၏ ငယ်ထိပ်တည့်တည့်သို့ ကျရောက်သွားသည်။

"ခွပ် ... အီး"

မထင်မှတ်ဘဲ တိုက်ခိုက်ခြင်းခံလိုက်ရသော မည်းမည်းသတ္တဝါကြီးမှာ ပြင်းထန်သော တံတောင်ရိုက်ချက်ကြောင့် ကြမ်းပြင်ပေါ်သို့ ခွေကျသွားတော့၏။ မထင်မှတ်ဘဲ လျှပ်တစ်ပြက်တိုက်ခိုက်လိုက်မှုကြောင့် အံ့သြစွာဖြင့် ကြောင်ငေးကြည့်နေသော အခြားမည်းမည်းသတ္တဝါမှာ ကိုရွှေမျောက်၏ နေသသပ်တိကျသော ဝါးရင်းတုတ်ရိုက်ချက်အောက်တွင် ပုံလျက်သား လဲကျသွားပါတော့သည်။

"ခွပ် ... အား ... ခွန်း"





မိုးကောင်းနှင့် ကိုရွှေမျောက်တို့က တုံ့ဆိုင်းမနေတော့ဘဲ လဲကျသွားသော မည်းမည်းသတ္တဝါနှစ်ကောင်၏ ခြေထောက်များကိုဆွဲကာ အပေါ်ထပ်မှ လှေကားအတိုင်း တရွတ်တိုက်ဆွဲချလာခဲ့ကြတော့သည်။

အောက်ထပ်ရှိ အိမ်ရှေ့ဧည့်ခန်း အရောက်တွင် မိုးကောင်းက အနီးရှိမီးခလုတ်များကို ဖွင့်လိုက်သည်။ တစ်ခန်းလုံး လင်းထိန်သွားတော့၏။ ကိုရွှေမျောက်ကလည်း တစ်ချိန်တည်းမှာပင် အိမ်ရှေ့တံခါးကြီးကို ပြေးဖွင့်လိုက်ရာ အပြင်မှစခန်းမှူးဦးသန်းဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ ပြေးဝင်လာကြသည်။

အိမ်သားများမှာလည်း ဝုန်းဒိုင်းကြဲ ဆူညံမှုတို့ကြောင့် အိပ်ရာမှ နိုးလာကြပြီး ဧည့်ခန်းအတွင်းသို့ စုပြုံရောက်ရှိလာကြတော့သည်။ ကြောက်မက်ဖွယ်ရာမျက်နှာနှင့် မည်းမည်းသတ္တဝါကြီးနှစ်ကောင်မှာ ကြမ်းပြင်တွင် မလှုပ်မယှက်ရှိနေ၏။

စခန်းမှူးဦးသန်းဇော်က မည်းမည်းသတ္တဝါများအနီးတွင် ဒူးထောက်ထိုင်လိုက်ပြီး ကြောက်မက်ဖွယ်ရာမျက်နှာကြီးကို ဆွဲလှန်လိုက်သည်။ ကြောက်စရာမျက်နှာကြီးမှာ ရာဘာဖြင့်ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော မျက်နှာဖုံးတစ်ခုသာဖြစ်သဖြင့် အတွင်းမှ လူတစ်ဦး၏ မျက်နှာပေါ်လာ၏။ နှုတ်ခမ်းမွေးနှင့် လူမိုက်ရုပ်ပေါက်နေသော လူတစ်ဦးပင်။ နောက်တစ်ယောက်၏ မျက်နှာဖုံးကို လှန်လိုက်ပြန်သည်။ ခေါင်းတုံးနှင့် လူဝကြီးတစ်ဦးဖြစ်သည်။ ခန္ဓာကိုယ်မှာမူ အမွေးအမျှင်များဖြင့် ကပ်ချုပ်ထားသောပိတ်စကို ချုပ်ထားခြင်းဖြစ်သည်။

"ဟယ် ... ဒါ ... ဒါ ... ဦးအုံ့မောင်ရဲ့တပည့်တွေပဲ၊ ဟိုတလောက သူဇာနဲ့ ကျွန်မကို ဦးအုံ့မောင်ဆီခေါ်ဖို့ ဆွဲလားရမ်းလားလုပ်တဲ့လူတွေ"

မညွန့်က အံ့ဩတုန်လှုပ်စွာဖြင့် ပြောလိုက်သည်။ စခန်းမှူးဦးသန်းဇော်က ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

"အင်း ... လုံလောက်တဲ့ သက်သေအထောက်အထားနဲ့ ဥပဒေအရ အရေးယူလို့ ရပါပြီ၊ မောင်မိုးကောင်းကတော့ ငါတို့ရဲ့တပ်ဖွဲ့ကြီးကို ကောင်းကောင်းကူညီပေးနိုင်ခဲ့တာပဲ"

မိုးကောင်းက တစ်ချက်ပြုံးလိုက်သည်။





"ကဲ ... ကဲ ... ဒီတရားခံနှစ်ယောက်ကို စခန်းကိုပို့ဖို့လုပ်တော့ဟေ့"

စခန်းမှူး၏အမိန့်သံအဆုံးတွင် ရဲတပ်ဖွဲ့ဝင်များ တရားခံနှစ်ဦးကို စခန်းသို့ခေါ်ရန် စီစဉ်ရတော့၏။

မိုးကောင်းက သူ၏ပတ်လည်ရှိ လူများကို လှည့်ကြည့်ရင်း ...

"သူဇာရော ... အခုထိ ဆင်းမလာသေးဘူးလား"

မိုးကောင်း၏ သတိတရ မေးလိုက်သောစကားကြောင့် အိမ်သားများအားလုံး သူဇာ ရောက်မလာသေးကြောင်း သတိထားမိကြတော့သည်။

"ဟဲ့ ... မညွန့်၊ သမီးကို သွားနှိုးစမ်း။ ဒီလောက်ဝုန်းဒိုင်းကြပြီး ဆူညံနေတာတောင် မနိုးဘူးလား"

ဦးဘသော် ပြောသောစကား မဆုံးမီပင် မညွန့် အိမ်ပေါ်သို့ အပြေးတက်သွားသည်။ မကြာခင်မှာပင် မညွန့်က စာရွက်တစ်ရွက်ကိုကိုင်ပြီး အော်ဟစ်ပြေးဆင်းလာခဲ့သည်။

"သူဇာ မရှိတော့ဘူး၊ အခန်းထဲမှာ သူဇာ မရှိတော့ဘူး၊ ဒီမှာ စာတစ်စောင်ပဲ တွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



အမောတကောနှင့် ပြေးဆင်းလာသော မညွန့်ကို ကြည့်ပြီး အားလုံး ကြက်သေ,သေကုန်ကြသည်။ မိုးကောင်းက မညွန့်လက်ထဲမှစာရွက်ကို အမြန်ယူပြီး ဖတ်ကြည့်လိုက်သည်။

"မိန်းကလေးအသက် မသေစေချင်ရင် စိန်ငါးလုံးကိုယူပြီး ခြံကြီးနောက်ဘက်က စမ်းချောင်းကို ဒီမနက် ခေါ်နန်းမှ တစ်ယောက်တည်းလာခဲ့ပါ။ ရဲကိုခေါ်လာရင် မိန်းကလေးကို သတ်ပစ်မယ်"

စာအဆုံးတွင် မိုးကောင်းက တက်တစ်ချက်ခေါက်လိုက်သည်။

"တောက်"

"မောင်မိုးကောင်း ... လာ၊ အဲဒီအခန်းကို တို့သွားကြည့်ရအောင်"

စခန်းမှူးဦးသန်းဇော်က မိုးကောင်း၏ပခုံးကိုပုတ်ပြီး ပြောလိုက်သည်။

နန်းသူဇာ၏အခန်းတွင်းသို့ လှည့်ပတ်ကြည့်တော့ ရှန်းကန်လှုပ်ရှားပြီး ဖရိုဖရဲဖြစ်နေသည့် ပုံစံမျိုးကိုမတွေ့ရ။





"ဒီမိန်းကလေး အိပ်ပျော်နေတုန်း၊ ဒါမှမဟုတ် သတိမေ့နေတုန်း ခေါ်သွားတဲ့လက္ခဏာပဲ မောင်မိုးကောင်း"

"ဖြစ်နိုင်တယ် အစ်ကိုကြီး၊ သူ ညက အစောကြီးအိပ်ချင်တယ်ဆိုပြီး တက်အိပ်နေတာ"

မိုးကောင်းက ပြောရင်း ကြမ်းပြင်ဖွင့်ထင်ကျန်နေသော ခြေရာများကို တွေ့ရသည်။ ခြေရာတွင် မြေနီရောင်စွဲ့များ ကပ်ငြိနေသည်။

"မောင်မိုးကောင်း ... တို့ ခြေရာကို လိုက်ကြည့်ရအောင်"

စခန်းမှူးဦးသန်းဇော်နှင့် မိုးကောင်းတို့ ခြေရာအတိုင်း လိုက်ကြည့်ကြသည်။ ခြေရာမှာ ထင်ရှားလိုက် ပျောက်သွားလိုက်နှင့်မို့ သတိထားပြီး ရှာဖွေကြသည်။ ခြေရာက လှေကားမှအောက်ဘက်သို့ ဆင်းလာပြီး လှေကားနောက်ဘက် စတိုခန်းထဲသို့ ဦးတည်သွားသည်။

စတိုခန်းတံခါးကိုဖွင့်ပြီး မီးထွန်းလိုက်သည်။ အခန်းတွင်း၌ ဘာမျှမတွေ့။ တူရွင်း၊ ပေါက်တူး၊ ဂေါ်ပြားများနှင့် ခုံအကျိုးအပဲ့ အချို့ကိုသာ တွေ့ရသည်။ စတိုခန်းမှ ဝင်ပေါက်တစ်ခုသာရှိပြီး အခြားထွက်ပေါက် လုံးဝမရှိ။



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်း၏ အတွေးထဲသို့ ဟိုနေ့က တွေ့ခဲ့သော အဘိုးအိုး၏စကားကို ပြန်သတိရမိသည်။

"နိုင်ငံခြားသားတွေနေတဲ့အိမ်တိုင်း မြေအောက်ခန်းတော့ ရှိတတ်ကြတာပဲ"

မိုးကောင်းလည်း တုံ့ဆိုင်းမနေတော့ဘဲ ကြမ်းပြင်ကို အသေးစိတ် ရှာဖွေတော့သည်။

"ဟော ... တွေ့ပြီ"

အခန်းထောင့်တွင် လေးပေပတ်လည်ခန့်ရှိသော သံပြားကြီးကို တွေ့လိုက်ရသဖြင့် လက်ကိုင်နေရာမှ ဆွဲမကြည့်သည်။ ပွင့်မလာပါ။

"အောက်ဘက်က ချက်ထိုးထားတယ် ထင်တယ် အစ်ကိုကြီး"

စခန်းမှူးဦးသန်းဇော်က ခေတ္တမျှ စဉ်းစားလိုက်ပြီး...

"ဒီအိမ်ကြီးနောက်ဘက်မှာ စမ်းချောင်းတစ်ခုရှိတယ်၊ တို့ အဲဒီဘက်ကို အရင်သွားလေ့လာရအောင်"

"ဒီမှာ တံခါးတွေ့နေပြီပဲ အစ်ကိုကြီး၊ ရိုက်ဖွင့်လိုက်မယ်လေ၊ သူတော့ကို ဒီကခေါ်သွားမှာ အသေအချာပဲ"



"ဖြစ်နိုင်ပါတယ်၊ ငါ တစ်ခုစဉ်းစားမိတာက ဒီလိုမြေအောက်ခန်းရှိပြီး စမ်းချောင်းနဲ့နီးတဲ့ အိမ်တစ်အိမ်မှာ အပြင်ဘက်ကိုထွက်ဖို့ လိုင်ခေါင်းဖောက်ထားတာ တွေ့ဖူးတယ်"

"ဒါဆို သွားကြမယ် အစ်ကိုကြီး"

စခန်းမှူးက ကျန်လူများနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ယောက်ကို စတိုခန်းတွင် စောင့်ခိုင်းထားပြီး ခြံနောက်ဘက်သို့ ထွက်ခဲ့ကြသည်။

ခြံစည်းရိုးတံခါးကိုဖွင့်ပြီး ထွက်ခဲ့ကြသည်။ ရှေ့နားတွင် ကုန်းလျှောဖြစ်နေသဖြင့် သတိထားပြီး ခက်ခက်ခဲခဲ ဆင်းကြရသည်။

မကြာမီ စမ်းချောင်းဘက် သောင်ပြင်သို့ ရောက်လာကြသည်။

အာရုံတက်ချိန်ရောက်လာပြီမို့ အမှောင်ထုက ပို၍ သိပ်သည်းလာသည်။ လက်နှိပ်မီးရောင်ကို အားကိုးပြီး သွားကြရသည်။ မြေနီရောင်နွံ့ပျော့များကိုနင်းရင်း ပတ်ဝန်းကျင်ကို မီးထိုးပြီး ရှာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ... ဟိုမှာ တောင်စောင်းပေါ်တက်သွားတဲ့ ခြေရာတွေ ပြီ"

မိုးကောင်းက ခြေရာနောက် အမြန်ဆုံးလိုက်ကြည့်သည်။

ခြေရာအဆုံးတွင် သစ်ပင်သစ်ကိုင်းများ ရောယှက်နေသော ကုန်းစောင်းတစ်နေရာကို တွေ့ရသည်။ မိုးကောင်းက သစ်ပင်သစ်ကိုင်းများကို ဆွဲဖယ်ပစ်လိုက်ရာ ကွန်ကရစ်ပိုက်လုံးဝတစ်ခုကို တွေ့လိုက်ရတော့သည်။ ပိုက်လုံးအဝမှာ အချင်းလေးပေခန့်ရှိပေသည်။

မိုးကောင်းက ပိုက်လုံးတွင်း လှမ်းကြည့်သည်။ မှောင်မည်းနေပေ၏။ ထို့ကြောင့် လက်နှိပ်မီးဖြင့်ဝင်ရန် ပြင်ဆင်လိုက်သည်။

"မောင်မိုးကောင်း ခဏနေဦး၊ ပိုက်လုံးဘေး ကပ်နေလိုက်စမ်း"

ဦးသန်းဇော်စကားကို မိုးကောင်း ချက်ချင်းနားမလည်သဖြင့် ...

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"





ဦးသန်းဇော်က စကားဖြင့်မပြောတော့ဘဲ ပိုက်လုံးအတွင်း လက်ညှိုးထိုးပြလိုက်သည်။ မည်းမှောင်နေသော ပိုက်လုံးအတွင်းမှ မီးရောင်ပေါ်လိုက် ပျောက်လိုက် ဖြစ်နေပုံကို မြင်တွေ့လိုက်ရသည်။

"တို့ဘက်ကို လူလာနေတယ်၊ ဒီကပဲ စောင့်ကြမယ်"

ဦးသန်းဇော်က လေသံဖြင့်ပြောပြီး ပိုက်လုံးဝတစ်ဖက်စီတွင် နေရာယူ စောင့်ဆိုင်းလိုက်ကြတော့သည်။

မကြာမီ ပိုက်လုံးအတွင်းမှ လူတစ်ယောက် လက်နှိပ်မီးတစ်ဖက် ဓားတစ်ဖက်ဖြင့် ထွက်လာသည်။ ပိုက်လုံးအပေါက်ဝမှ လေးဖက်ကုန်းပြီး ထွက်လာသောသူကို မိုးကောင်းက အချိန်ဆိုင်းမနေဘဲ မျက်နှာကို ဒူးနှင့်တိုက်ချလိုက်သည်။

"ဒုတ် ... အွတ်"

ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသဖြင့် ထိုသူမှာ [illegible]သွားကာ လက်ထဲမှလက်နှိပ်မီးနှင့်ဓားပါ လွှတ်ကျသွားသည်။ [illegible]မှုး ဦးသန်းဇော်ကလည်း အရှုံပေးနှင့်မမျှအောင် လျင်မြန်[illegible] [illegible] လက်ထိပ်ခတ်လိုက်သည်။ ထိုစဉ်မှာပင် ရဲတပ်ဖွဲ့ဝင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံရောက်ရှိလာသဖြင့် တရားခံကို အိမ်ကြီးဆီခေါ်သွားရန် ဦးသန်းဇော်က အမိန့်ပေးလိုက်သည်။

"အစ်ကိုကြီး ကျွန်တော် အထဲကို ဝင်ကြည့်ချင်တယ်"

"အေး ... သတိထား၊ ငါပါ လိုက်မှာပါ"

မိုးကောင်းနှင့် ဦးသန်းဇော်တို့ ပိုက်လုံးအတွင်းဝင်ရောက်ခဲ့ကြသည်။ ကွန်ကရစ်ပိုက်လုံးကြီးဖြစ်ပြီး အချင်းလေးပေကျော်ရှိသောကြောင့် ချောင်ချောင်ချိချိ ဝင်သွားနိုင်သည်။ လိုဏ်ခေါင်းအတွင်းပိုင်းရောက်လေ အမှောင်ထုက ပိုမိုသိပ်သည်းလေဖြင်။

"မီးမထိုးနဲ့ မောင်မိုးကောင်း၊ ဒီအတိုင်းသာ ဆက်သွား"

မကြာမီ ရှေ့နားဆီမှ မီးအလင်းရောင် မှုန်ပျပျကို မြင်လိုက်ရသည်။ မိုးကောင်းလည်း အမြန်ဆုံးရောက်အောင် ခြေရော လက်ပါ လှုပ်ရှားလိုက်ရသည်။ မိုးကောင်း အပေါက်ဝနားသို့ ရောက်လာသည်။ ဖယောင်းတိုင်မီးအလင်းရောင်ကြောင့် အခန်းတစ်ခုမှန်း သိလိုက်ရ၏။ အပေါက်ဝတွင် သစ်သားတံခါးကြီးတစ်ခု ပတ္တာများပြုတ်ပြီး လဲကျထားသည်ကို တွေ့လိုက်ရ၏။





အခန်းဝမှ အတွင်းသို့ လှမ်းကြည့်အကဲခတ်လိုက်သည်။ အခန်းမှာ ပေနှစ်ဆယ်ပတ်လည်ခန့်ရှိသည်။ အခန်းတွင်း၌ ပေပါတစ်လုံးနှင့် သစ်တိုသစ်စအနည်းငယ် တွေ့ရသည်။ အခန်းထောင့်တစ်နေရာတွင် ကုလားထိုင်အစုတ်တစ်လုံးပေါ်တွင် ကြိုးတုတ်ခံထားရသော နန်းသူဇာကို တွေ့လိုက်ရ၏။ ပါးစပ်ကိုတော့ အဝတ်တစ်ခုဖြင့် စည်းနှောင်ထားလေသည်။

"သူဇာ"

မိုးကောင်းက နန်းသူဇာအနီး အပြေးရောက်သွားသည်။ နန်းသူဇာက မျက်လုံးပြူးကြီးနှင့် မိုးကောင်းကို ကြည့်နေသည်။ မိုးကောင်းက ပါးစပ်တွင်စည်းထားသောအဝတ်နှင့် လက်မှကြိုးများကို ဖြေပေးလိုက်သည်။

ကြိုးပြေသွားသည်နှင့် နန်းသူဇာက မိုးကောင်းကို တင်းကျပ်စွာ ဖက်လိုက်ပြီး ...

"အစ်ကို ... အစ်ကို ... သူဇာ ကြောက်တယ်"

"ဘာမှမကြောက်နဲ့တော့ သူဇာ၊ ကိုယ်ရောက်လာပြီ၊ သူဇာ ဘာမှမဖြစ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းက နန်းသူဇာကို သိုင်းဖက်ထားရင်း နှုတ်မှ တတွတ်တွတ်နှင့် အားပေးနှစ်သိမ့်ပေးနေရသည်။ မိုးကောင်းက နန်းသူဇာကို ထွေးပွေ့ထားရင်းမှ အပေါ်ဘက်ကို လှမ်းကြည့်လိုက်သည်။ ချက်ထိုးထားသော တံခါးတစ်ခုကို တွေ့လိုက်ရ၏။ တံခါးပေါက်အောက်ဘက်တွင် အုတ်လှေကားထစ်များကိုလည်း တွေ့ရသဖြင့် နန်းသူဇာကို လက်တစ်ဖက်ကပွေ့ရင်း လှေကားထစ်ပေါ်တက်ကာ တံခါးချက်ကိုဖြုတ်ပြီး တွန်းဖွင့်လိုက်သည်။

တံခါးပွင့်သွားပြီး အပေါ်ဘက်မှ စီးမိုးကြည့်နေကြသော အိမ်သားများနှင့် ရဲတပ်ဖွဲ့ဝင်တို့ကို တွေ့လိုက်ရတော့သည်။

"ဟာ ... သမီး၊ သူဇာ"

"မမလေး"

အံ့ဩဝမ်းသာသော အသံများနှင့် ဆူညံသွားတော့သည်။

နန်းသူဇာကို ခေါ်ဆောင်ပြီး ဧည့်ခန်းသို့ရောက်ရှိလာကြသည့် ရဲတပ်ဖွဲ့ဝင်များကလည်း တရားခံကို လက်ထိတ်တန်းလန်းနှင့် ခေါ်ဆောင်လာကြသည်။ အိမ်သားများက လှမ်းကြည့်ရင်း ...



"စိုင်းမောင်မောင်"

အံ့ဩတုန်လှုပ်စွာဖြင့် တညီတညွတ်တည်း ထွက်ပေါ်လာသော အသံပင်ဖြစ်ပါသည်။

"မင်း ... မင်း မိုက်ရိုင်းလိုက်တာ စိုင်းမောင်မောင်ရယ်"

ဦးဘသော်က ဒေါသတကြီးပြောရင်း ရှေ့သို့တိုးလာသည်။ မိုးကောင်းက အခြေအနေ ဝင်ထိန်းလိုက်ရသည်။

"သူဟာ စိုင်းမောင်မောင် ဆိုတာ သိလိုက်တာနဲ့ ကျွန်တော်အားလုံး ရှင်းရှင်းလင်းလင်း သဘောပေါက်သွားပါပြီ၊ သူဇာ အရှေ့ကြီးအိမ်ပျော်အောင် အိပ်ဆေးခတ်သူဟာ ဘယ်သူလဲ ဆိုတာရယ်၊ စိန်ငါးလုံးပေးဖို့ တောင်းထားတဲ့စာကိုဖတ်ပြီး အတွင်းလူတစ်ယောက် ပါဝင်နေတယ်ဆိုတာရယ်၊ အဲဒီလူဟာ ဘယ်သူလဲ ဆိုတာရယ်ပေါ့"

"ဘယ်သူလဲ အစ်ကို၊ ဘယ်သူလဲ"

"ဘယ်သူလဲ မောင်မိုးကောင်း၊ ဦးလေးကို အမြန်ပြောစမ်းပါ"

"တခြားလူ မဟုတ်ပါဘူး၊ ဒေါ်လေးနန်းမူ"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အို"

အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြပြီး ဒေါ်နန်းမူထံ အကြည့်များ ရောက်ရှိသွားကြသည်။ ဒေါ်နန်းမူက ခေါင်းကိုငုံ့ထားပြီး စကားတို တစ်လုံးချင်း ပြောလိုက်ပါတော့သည်။

"ဟုတ်တယ်၊ ငါ့သားအတွက် ငါအကူအညီပေးခဲ့တာပဲ၊ သူဟာ ငယ်စဉ်ကတည်းက ဆိုးသွမ်းလွန်းလို့ ပစ်ပယ်ထားခဲ့တဲ့သူပဲ၊ ငါ့သားကို အားလုံးက အထင်အမြင်သေးမှာစိုးလို့ အိမ်ကိုတောင် အလာမခံခဲ့ဘူး၊ သူက ဒီအိမ်ကြီးအတွင်းမှာ ရတနာဝှက်ထားတယ်ဆိုတာ သတင်းရထားတယ်၊ အဲဒီအချိန်မှာ မောင်မိုးကောင်းနဲ့ နန်းသူဇာတို့က ဝှက်ထားတဲ့စိန်တွေ တွေ့သွားပြီဆိုတော့ သူက အချိန်မဆိုင်းဘဲ ပြန်ပေးဆွဲဖို့ စီစဉ်တော့တာပဲ၊ အဒေါ်ကို နွားနို့ထဲမှာ အိပ်ဆေးခတ်ပေးဖို့ သားလုပ်သူက တောင်းဆိုခဲ့တယ်၊ သူပြောတဲ့အတိုင်း လုပ်ပေးခဲ့ပါတယ်၊ အဒေါ်စဉ်းစားကြည့်တယ်လေ၊ နန်းသူဇာမှာ အိမ်ရှိတယ်၊ စီးပွားရေးလုပ်ငန်းအတွက် လိမ္မော်ခြံရှိတယ်၊ သားမှာက ဘာမှမရှိဘူး၊





ဆင်းရဲဒုက္ခ ရောက်နေရတယ်၊ ဒါကြောင့် ဒီစိန်တွေ သူ ရဖို့အတွက် အဒေါ်ကူညီခဲ့တာပါပဲ"

ဒေါ်နန်းမူ စကားကို အဆက်မပြတ်ပြောပြီး ငိုရှိုက်နေပါတော့သည်။ အားလုံး စိတ်မကောင်းကြ။ ငိုယိုနေသောမိခင်ကိုကြည့်ပြီး စိုင်းမောင်မောင်လည်း ခေါင်းငိုက်စိုက်ချလိုက်ပါသည်။

"ဟုတ်ပါတယ်၊ ကျုပ်ရဲ့လောဘအတွက် အမေက ဝင်ကူညီပေးခဲ့တာပါ၊ အမိကတရားခံက ကျုပ်ပါ"

"ကိုင်း ... ပြောစမ်းပါဦး၊ မင်းရဲ့လုပ်ပုံကိုင်ပုံကို။ ဒါမှ ဒီကအိမ်သားတွေလည်း သိသွားရတာပေါ့"

စခန်းမှူးဦးသန်းဇော်က စိုင်းမောင်မောင်ထံမှ ဖြောင့်ချက်ကို တောင်းလိုက်သည်။

"ကျုပ် အရင်က ဦးအံ့မောင်အိမ်မှာ အလုပ်ဝင်လုပ်ဖူးပါတယ်၊ တစ်နေ့မှာ အဘိုးကြီးတစ်ယောက် ရောက်လာပြီး နံ့သာမြိုင်စံအိမ်ကြီးအတွင်းမှာ ရတနာတွေဝှက်ထားတဲ့အကြောင်းပြောတာကို ကျုပ် ကြားခဲ့ရတယ်၊ ဒီမှာတင် ကျုပ်က အိမ်ထဲဝင်ဖို့ ကြံစည်ခဲ့တယ်၊ အမှတ်မထင် ဒီနေ့ ချောင်းတက်ကနေ အိမ်ကြီးထဲဝင်ဖို့ ကြိုးစားရင်း တွေ့တာ

www.burmeseclassic.com



ရစ်ပိုက်လုံးကြီးကို တွေ့ခဲ့ရတယ်၊ ပိုက်လုံးထဲက ဝင်ကြည့်တော့ သံချေးတွေ ကိုက်နေလို့ ဖွင့်မရဘူး၊ ဒါနဲ့ တူရွင်းတစ်ခုနဲ့ အဲသည်တံခါးကြီးကို ဖျက်ရတယ်၊ ညဘက် ညဘက် လူတွေအိပ်ချိန်လာပြီးဖျက်တော့ အသံတွေထွက်တာနဲ့ နေ့တိုင်းမလုပ်ရဲတော့ဘူး ...

"အဲဒီအချိန်မှာပဲ ဦးအံ့မောင်က တပည့်တွေကို သရဲပုံသဏ္ဌာန် ဖန်တီးပြီး အိမ်ထဲဝင်ခိုင်းတယ်၊ ရတနာတွေရှာဖို့ပေါ့၊ အဲဒီသရဲပုံစံနဲ့ အိမ်ထဲကိုဝင်ရင်း နန်းမာလာနဲ့ ပက်ပင်းတိုးပြီး အကြောက်လွန်သွားလို့ နန်းမာလာဆုံးပါးသွားခဲ့တယ်၊ ကျုပ်လည်း အဲဒါကို အခွင့်ကောင်းယူပြီး မြေအောက်ခန်းတံခါးကို မကြာခဏဝင်ဖျက်ခဲ့တယ် ...

"မကြာခင်မှာပဲ နန်းမာလာရဲ့ညီမ နန်းသူဇာဆိုတာ ထပ်ရောက်လာလို့ သူ့ကိုလိုက်ပြီး လှေလာခဲ့တယ်၊ အခွင့်သာရင် ပြန်မေးဆွဲမယ်ပေါ့လေ၊ ဒါပေမဲ့ တစ်ရက်မှာ ဦးအံ့မောင်ရဲ့တပည့် သရဲယောင်ဆောင်ပြီး အိမ်ထဲအဝင်မှာ ဒီမိန်းကလေးနဲ့တွေ့ပြီး ခုခံလိုက်လို့ ဟိုလူ့လက်မှာ ဒဏ်ရာရသွားခဲ့ရတယ်၊ ဒါကိုကြည့်ပြီး ဒီမိန်းကလေးသတ္တိ





က မခေဘူးဆိုပြီး ပြန်ပေးဆွဲဖို့အကြံကို လက်လျှော့ခဲ့တယ် ...

"ပြီးခဲ့တဲ့အပတ်ကတော့ မြေအောက်ခန်းတံခါးကို ဖျက်တာ ရသွားတယ်၊ တံခါးကြီးပြုတ်ကျသွားပြီး အိမ်ထဲဝင်ဖို့ကြံစည်တုန်း ဒီအိမ်ကြီးကို မိုးကောင်း ဆိုတဲ့လူရောက်လာပြန်တယ်၊ ဒါကြောင့် အခွင့်အရေးကို စောင့်နေတုန်း အမေ့ဆီကနေ ဝှက်ထားတဲ့စိန်တွေကို နန်းသူဇာတို့ ရသွားပြီဆိုတာ သိလိုက်ရတယ်၊ ဒီမှာတင် အချိန်ဆွဲနေလို့မဖြစ်ဘူးဆိုပြီး နန်းသူဇာကို အိပ်ဆေးခတ်ဖို့ အမေ့ကို အကူအညီ တောင်းခဲ့ရတာပဲ ...

"ဦးအံ့မောင်ရဲ့တပည့်တွေနဲ့ မိုးကောင်းတို့ထိုက်ခိုက်ကြတဲ့အချိန်မှာ ကျုပ်လည်း မြေအောက်ခန်းကထွက်ပြီး နန်းသူဇာကို ပွေ့ချီပြီး မြေအောက်ခန်းထဲ ခေါ်ခဲ့တာပဲ၊ စိန်တွေကို အမေနဲ့ ပေးခိုင်းတာကတော့ ဒီစိန်တွေရရင် အမေ့ကိုခေါ်ပြီး တစ်နေရာရာကို အပြီးသွားဖို့ပါပဲ"

စိုင်းမောင်မောင်က ပြောပြီးမောသွားဟန်ဖြင့် အသက်ကြီးကြီးဖြင့် ရှိုင်ချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသွားပါပြီ၊ အားလုံး ရှင်းသွားပြီမို့ တစ်အိမ်သားလုံး၏ မျက်နှာတွင် အပျော်မျက်နှာတို့ဖြင့် လင်းလက်နေပါတော့သည်။ အရှေ့ဆီမှ အလင်းရောင်ကလည်း ဝင်းပလာပေပြီ။

"ကဲ ... မောင်မိုးကောင်း၊ ငါတို့လည်း လုပ်စရာရှိတာ ဆက်လုပ်ရဦးမယ်၊ ခွင့်ပြုဦး"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ခုလို ကူညီတာ ကျေးဇူးအများကြီး တင်ပါတယ်"

စခန်းမှူးဦးသန်းဇော်နှင့် ရဲတပ်ဖွဲ့ဝင်များက တရားခံများကို ခေါ်ဆောင်၍ သွားကြလေပြီ။ အားလုံးပျော်ရွှင်နေချိန်တွင် ဝမ်းနည်းကြေကွဲခြင်း နောင်တရခြင်းတို့ဖြင့် ငိုရှိုက်နေသော ခေါ်နန်းမှုကို နန်းသူဇာက ကြင်နာစွာ ပွေ့ဖက်လိုက်ပါသည်။

"ခေါ်လေးကို သမီး အပြစ်မတင်ပါဘူး၊ မိခင်ရဲ့မေတ္တာတရားကို သမီး နားလည်သဘောပေါက်ပါတယ်၊ ခေါ်လေးလည်း ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးအပြစ်တင်မနေပါနဲ့တော့၊ သမီး အားလုံးကို ခွင့်လွှတ်ပါတယ်"

"စိတ်သဘောကောင်းတဲ့ သမီးလေးကို ခေါ်လေးပြစ်မှားမိတာ ခေါ်လေး ဝမ်းနည်းလို့ မဆုံးတော့ပါဘူးကွယ်"

✤ ✿ ✤



# အခန်း(၂၁)

နံနက်ခင်းနေရောင်က နေရာအနှံ့ ဖြာကျလျက်ရှိသည်။ နှင်းမြူမှုန်တို့က တဖွဲဖွဲ ကျဆင်းနေပြီး အေးမြသောလေနုအေးလေးက တသုန်သုန် တိုက်ခတ်လျက်ရှိသည်။

"သူဇာ ... ကိုယ်သွားတော့မယ်"

"အစ်ကိုက ဘယ်ကိုသွားမှာလဲ"

"ကိုယ့်အလုပ်ရှိတဲ့ ခြံထဲကို ပြန်သွားရမှာပေါ့၊ အစ်ကိုက ပေါ်မွှော်ခြံထဲက အလုပ်သမားတစ်ဦးလေ၊ ကိုယ့်အလုပ်ရှိတဲ့ နေရာ ကိုယ်ပြန်ရတော့မှာပေါ့"

"သူဇာ့မှာဖြစ်ခဲ့တဲ့ အခက်အခဲတွေ ပြဿနာတွေကို ရှင်းပြီး သူဇာ့ကို အသက်အန္တရာယ်ကနေပါ ကယ်တင်ခဲ့

www.burmeseclassic.com



ခဲ့တဲ့ အစ်ကိုက သူဇာ့ကို ခုလိုမျိုးထားပြီး ပြန်သွားတော့မှာပေါ့၊ သူဇာရှေ့ရေးကို ထည့်မစဉ်းစားတော့ဘူးလား"

"စဉ်းစားတာပေါ့ သူဇာရယ်၊ အခုဆိုရင် သူဇာဟာ အခက်အခဲ အကျပ်အတည်းတွေထဲက လွတ်မြောက်သွားပြီ၊ ဒါတင်မကသေးဘဲ့ သိန်းထောင်ပေါင်းများစွာ ချမ်းသာသွားတဲ့ သူဌေးမလေးလည်း ဖြစ်သွားပြီ၊ သူဇာ့ရှေ့ရေးဟာ ဝန်းခင်းတဲ့လမ်း ဖြစ်သွားပြီဆိုတော့ လှလှပပကြွကြွရွရွလေးနဲ့ လျှောက်လှမ်းသွားရုံပဲ ရှိတော့တယ်လေ၊ ဘာလိုသေးလဲ"

"သူဇာ့ဘဝတစ်လျှောက်လုံး စောင့်ရှောက်ပေးဖို့ စိတ်ကူးရော မရှိတော့ဘူးလား"

မိုးကောင်းက နန်းသူဇာ၏ အပြစ်ကင်းသော မျက်နှာလေးကို စေ့စေ့ကြည့်လိုက်သည်။ ပြီးမှ သက်ပြင်းမောတစ်ချက်ကိုချပြီး ...

"သူဇာရယ် ... ဒီလောကလှပသိမ်မွေ့ပြီး စိတ်နေသဘောထားဖြူစင်တဲ့ ချစ်စရာမိန်းမချောလေးကို မစောင့်ရှောက်ချင်တဲ့ယောက်ျားမျိုး ဒီလောကမှာ ရှိဦးမှာတဲ့လား၊ ဒါပေမဲ့



ဒူးနေရာဒူး တော်နေရာတော် ဆိုတဲ့ စကားရှိတယ်မို့လား ဒီယုန်မြင်လို့ ဒီချုံထွင်တယ်ဆိုတဲ့ စကားမျိုး အပြောမခံပါရစေနဲ့၊ ခုလို သူဇာ့ကို ကျောခိုင်းထွက်ခွာဖို့ အစ်ကိုဘယ်လောက်အထိ ကြိုးစားဆုံးဖြတ်ရလဲဆိုတာ စဉ်းစားကြည့်ပေါ့"

"အစ်ကိုဟာ သိပ်အတ္တမာနကြီးတယ်၊ အစ်ကို့ရဲ့ဂုဏ်သိက္ခာအတွက်ပဲ အစ်ကိုကြည့်တာလား၊ သူဇာ့သိက္ခာကို ထည့်မတွက်တော့ဘူးလား၊ မိန်းကလေးတစ်ယောက်ရဲ့ရင်ထဲက စကားကို ဘယ်အတိုင်းအတာထိ ဖွင့်ပြရဦးမှာလဲ"

နန်းသူဇာက ပြောရင်းနှင့် မျက်ဝန်းမှ မျက်ရည်စတို့က ပါးပြင်နုနုပေါ်သို့ လိမ့်ကာ လိမ့်ကာ စီးကျလာလေပြီ။

မိုးကောင်းက သူဇာ့မျက်နှာလေးကိုကြည့်ပြီး ချုပ်တည်းထားသည့် စိတ်တို့ကို အနှောင်အဖွဲ့မရှိ လွှတ်ပေးလိုက်တော့သည်။

"သူဇာ"

"အစ်ကို"

"ချစ်တယ် သူဇာရယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းက ထိုမျှသာပြောပြီး နန်းသူဇာ၏ကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်ထားလိုက်မိတော့သည်။

"အစ်ကို လွှတ်ဦးလေ၊ အိမ်ရှေ့ကြီးမှာ"

"မလွှတ်တော့ဘူး သူဇာရယ်၊ တစ်သက်လုံး ကိုယ့်ရင်ခွင်ထဲမှာ ခုလိုထွေးပွေ့ပြီး စောင့်ရှောက်ပေးဖို့ ကိုယ်ဆုံးဖြတ်လိုက်ပြီ၊ သူဇာကရော ကိုယ့်ဆုံးဖြတ်ချက်ကို သဘောတူလား"

နန်းသူဇာက မိုးကောင်း၏အမေးစကားကို ချက်ချင်းမတုံ့ပြန်ပါ။ အတန်ကြာ ငြိမ်နေပြီးမှ တုန်ယင်သောလေသံလေးဖြင့် ပြုံးရွှင်စွာ ပြောလိုက်ပါသည်။

"တူတယ်"

နားကြဉ်းစို့

တက္ကသိုလ်တင်မြင့်

www.burmeseclassic.com